www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


၁၀၃။ စေတမန်လင်းယုန်
၁၀၄။ နှင်းငွေ့ကစ်ထောင်
၁၀၅။ ပုလဲဇေတရီ
၁၀၆။ ခြရာတာနာမိုး
၁၀၇။ ဆာထူးပန်
၁၀၈။ သိရိဒေဝီ
၁၀၉။ မြေလျှိုမိုးပျံဘိုးစျာန်
၁၁၀။ မရှိခဏအရှင်
၁၁၁။ ဂမ္ဘီရမျက်လုံးပိုင်ရှင်
၁၁၂။ ဆားပုလင်းမင်းအောင်နှင့် ထင်းရှူးမင်းသမီး
၁၁၃။ ဆားပုလင်းမင်းအောင်နှင့် ကြာဖြူပန်းကလေး
၁၁၄။ ပြည်လုံးချမ်းသာဂိုဏ်း
၁၁၅။ မိစ္ဆာ
၁၁၆။ ဆားပုလင်းမင်းအောင်နှင့် သစ်တော်သီးပုံပြင်
၁၁၇။ နတ်ဘုရားမျက်လုံး
၁၁၈။ တစ္ဆေကျွန်း
၁၁၉။ သေမင်းဖြူ
၁၂၀။ ကျွန်းပြန်ပတ္တမြား
၁၂၁။ သွေးဆာနေတဲ့အပျိုစင်
၁၂၂။ ချောက်ချောက်ချားချား
၁၂၃။ ဂျမဒါမင်းထင်နှင့် သေမင်းတမန်
၁၂၄။ မျက်နှာဖုံး
၁၂၅။ လိပ်ပြာ
၁၂၆။ ပုလဲပင်လယ်အော်
၁၂၇။ ဂျမဒါမင်းထင်နှင့် သုံးပွင့်ဆိုင်
၁၂၈။ ငရဲတွင်း
၁၂၉။ မြွေဟောက်
၁၃၀။ ဂျမဒါမင်းထင်နှင့် စုန်းမ
၁၃၁။ ဂျမဒါမင်းထင်နှင့် ဒေါင်းယောင်ဆောင်သောကျီး
၁၃၂။ စတုတ္ထမြောက်ရင်သွေး
၁၃၃။ မှော်ကြေးမုံ
၁၃၄။ မာယာရှင်


ယခုလထုတ်


၁၃၅။ ဂျမဒါမင်းထင်နှင့် ငွေသောင်းယံ


BURMESE CLASSIC .com

# မင်းမြတ်သူရ

# ဂျမဒါမင်းထင်နှင့် ငွေသောင်းယံ


စီစဉ်သူ
မောင်ကျော်လှိုင်



စေတနာစာပေ


www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

☆ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
☆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
☆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် ၄ ရပ်

☆ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
☆ အမျိုးသား စည်းလုံးညီညွတ်မှုခိုင်မာရေး
☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
☆ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

BURMESE CLASSIC .com

## စီးပွားရေး ဦးတည်ချက် ၄ ရပ်

☆ စိုက်ပျိုးရေးကို အခြေခံ၍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
☆ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
☆ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်မှ ပြန်လာပြီးနောက် အိန္ဒိယစစ်တပ်၌ အမှုထမ်းနေလေ၏။ ထိုသို့ စစ်မှုထမ်းရင်း တပ်တွင်းပုန်ကန်မှုများ၌ပါဝင်ခဲ့သဖြင့် ကျွန်ုပ်အား စစ်တပ်မှ ထုတ်ပယ်ခြင်း ခံရလေ၏။

ကျွန်ုပ်သည် စစ်တပ်မှထွက်ခဲ့ပြီးနောက် မြန်မာပြည်သို့ ပြန်လာပြီး မိဘများလက်ထက်က ကျေးရူးပြုခဲ့ဖူးသော



www.burmeseclassic.com

www.burmeseclassic.com



တူမများနှင့်အတူ သွားရောက်နေထိုင်လေ၏။

သို့သော် ဥစ္စာစီးပွားမရှာနိုင်သော ကျွန်ုပ်အား ကျွေးမွေးပြုစုရသဖြင့် တူမများ၏ မကြာခဏ ငြူစူစောင်းမြောင်းခြင်းခံရ၏။

ထို့နောက် ကျွန်ုပ်သည် ကျေးဇူးမသိတတ်သောတူမများနှင့် နေထိုင်လိုစိတ်မရှိတော့ဘဲ မြန်မာပြည်အနှံ့ ခြေဦးတည်ရာအရပ်သို့ ထွက်ခဲ့လေတော့၏။



BURMESE CLASSIC .com



ရန်ကုန်ရွှေမြို့တော်ကြီးသို့ရောက်သောအခါ ရွှေတိဂုံဘုရားပွဲတော်ကြီး ကျင်းပချိန်နှင့် ကြုံနေလေ၏။

ရွှေတိဂုံဘုရားကြီးသို့ ရန်ကုန်မြို့ရှိလူများနှင့် အနီးပတ်ဝန်းကျင်မြို့ရွာများရှိ လူများအားလုံး လာရောက်ဆင်နွှဲကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲတော်ကြီးသို့ ရေလမ်းကုန်းလမ်းများမှ လှည်း တပ်၊ လှေတပ်များဖြင့် တပျော်တပါး လာရောက်လေ့ရှိ၏။

ပန်းလှိုင်မြစ်ကမ်းပါးနှင့် မြစ်ဝကျွန်းပေါ်အရပ်ရှိ လူများ သည် ဘုရားသို့လှေဖြင့်လာပြီး လှေများကို ဆိပ်ကမ်း၌ အစောင့် အကြပ်နှင့်ထားရှိပြီး ဘုရားပေါ်သို့ တက်ကြလေ၏။

ထို့ကြောင့် ဆိပ်ကမ်း၌ စားသောက်ဆိုင်များ၊ ဒေသ ထွက်ကုန် အရောင်းဆိုင်များနှင့် စည်ကားနေလေ၏။ ဘုရားဖူး လှေကြီးများဆိုက်ကပ်သည်နှင့် ဆိပ်ကမ်း၌ ကြိုတင်ရောက်နှင့် နေသူများက ပျော်ရွှင်စွာ နောက်ပြောင်ကျီစယ်ကြကုန်၏။

ကျွန်ုပ်သည် ဆိပ်ကမ်းရှိ အကြော်ဆိုင်ကလေး၌ထိုင်ရင်း ပျော်ရွှင်စွာနောက်ပြောင်ကျီစယ်နေသူများကိုကြည့်၍ တစ်ကိုယ်





တည်းအထီးကျန်သကဲ့သို့ ခံစားရလေ၏။

ကျွန်ုပ်သည် အနာဂတ်ဘဝခရီးအတွက် စဉ်းစား ဆင်ခြင်နေလေ၏။ ကျွန်ုပ်၏ ဟောင်းနွမ်းသောလွယ်အိတ် ကလေး၌ ငွေစကြေးစ အနည်းငယ်သာ ကျန်ရှိတော့၏။

မကြာမီ ရန်ကုန်မြို့၌ အလုပ်တစ်ခုကို မရရအောင် ရှာဖွေရပေတော့မည်။ ထိုအခိုက်မှာပင် မလှမ်းမကမ်းရှိ ညောင်ပင်ကြီးအောက်၌ ဘုရားဖူးများ အုပ်စုဖွဲ့၍ ဆူညံစွာ အော်ဟစ်နေသောအသံကို ကြားရလေ၏။

ကျွန်ုပ်သည် အကြော်ဖိုးရှင်းပြီးနောက် အသံကြားရာသို့ ထွက်ခဲ့လေရာ ညောင်ပင်ကြီးအောက်၌ လောင်းကြေးစားကြေး နပန်းသတ်နေကြောင်း တွေ့ရ၏။

www.burmeseclassic.com



နပန်းပွဲကိုကြည့်ရှုပြီး လောင်းကြေးထပ်နေသော ဘုရားဖူးများလည်း ရှိလေ၏။ ကျွန်ုပ်သည် အိန္ဒိယ၌ နေထိုင်စဉ် ပထန်ကုလားကြီးတစ်ဦးထံမှ နပန်းပညာကို ကောင်းစွာ သင်ကြားခဲ့၏။

ထို့ကြောင့် ကျွန်ုပ်တတ်ထားသော နပန်းပညာကို အသုံးပြုပြီး လောင်းကြေးစားကြေး နပန်းသတ်ရန် ဆုံးဖြတ်လိုက်၏။

သို့မှသာလျှင် ကျွန်ုပ်၏စားဝတ်နေရေး အဆင်ပြေပေလိမ့်မည်။

ကျွန်ုပ်သည် အပေါ်အင်္ကျီကို ဗလာကျင်း၍ ပုဆိုးခါးတောင်းကျိုက်ကာ နပန်းဝိုင်းအတွင်းသို့ ဝင်ခဲ့လေ၏။

ထို့နောက် နပန်းဝိုင်းအတွင်းရှိ အသန်မာဆုံး လူသန်ကြီးတစ်ယောက်နှင့် နပန်းသတ်ရန် လက်ညှိုးညွှန်ပြလိုက်၏။





ထိုလူသန်ကြီးမှာ သန်မာထွားကြိုင်းသော်လည်း နပန်းပညာ ညံ့ဖျင်းမည်ဟု ယူဆမိ၏။ ကျွန်ုပ်က လူသန်ကြီးနှင့် နပန်းသတ်မည်ဟု စိန်ခေါ်သောအခါ ဝိုင်းအတွင်းရှိ လူများသည် အံ့သြဟန်ဖြင့် ကြည့်ရှုကြပြီး လက်ခုပ်သြဘာပေးကြလေ၏။

နပန်းဝိုင်း၏ဒိုင်မှာ ထိုးကွင်းမင်ကြောင်ထိုးထားသော အဘိုးကြီးတစ်ဦး ဖြစ်လေ၏။

ဒိုင်လုပ်သူ အဘိုးကြီး၏စကားအရ နပန်းပွဲ၌ ကျွန်ုပ်က အနိုင်ရလျှင် ဆုကြေး၏နှစ်ဆရရှိပြီး လူသန်ကြီးအနိုင်ရလျှင် ဆုကြေးတစ်ဆကိုသာ ရရှိမည် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



လူသန်ကြီးသည် လူလုံးလူပန်းသေးသော ကျွန်ုပ်အား အထင်သေးဟန်ဖြင့် ကြည့်ရှုပြီး နပန်းသတ်ရန် လွန်စွာစိတ်အား တက်ကြွနေလေ၏။

အပြင်မှ လောင်းကြေးထပ်နေသူများသည် လူသန်ကြီး ဘက်မှ အဆပေါင်းများစွာပေးပြီး လောင်းကြေးထပ်ကြ၏။

ကျွန်ုပ်နှင့်လူသန်ကြီး စတင် နပန်းသတ်သောအခါ လူသန်ကြီးသည် ကျွန်ုပ်ထင်ထားသကဲ့သို့ နပန်းပညာညံ့ဖျင်း ကြောင်းတွေ့ရလေ၏။

ကျွန်ုပ်သည် အိန္ဒိယစစ်တပ်၌နေထိုင်စဉ်ကပင် ပထန် ကုလားကြီးများနှင့် နပန်းသတ်ခဲ့ဖူးသည့် အတွေ့အကြုံရှိသော ကြောင့် မြန်မာလူသန်ကြီးကို ကောင်းစွာ ထိန်းချုပ်ထားနိုင်၏။

——— စေတနာတာပေ ———



လူသန်ကြီးသည် ကျွန်ုပ်အား ခွန်အားဗလအားကိုးဖြင့် အကြိမ်ကြိမ် ဖမ်းချုပ်နိုင်အောင် ကြိုးစားလေ၏။ ကျွန်ုပ်က လည်း နပန်းပညာအားကိုးဖြင့် လူသန်ကြီးလက်မှ အကြိမ်ကြိမ် လွတ်မြောက်အောင် ရုန်းထွက်နိုင်လေ၏။

နောက်ဆုံး၌ ကျွန်ုပ်က လူသန်ကြီး၏ကိုယ်ပေါ်သို့ ဖိထား ပြီး လက်နှစ်ဖက်ကို လိမ်ချိုးလိုက်သောအခါ လူသန်ကြီးသည် ရုန်းမထွက်နိုင်တော့ဘဲ အရှုံးပေးလိုက်ရလေ၏။

ထိုအခါ ဝိုင်းအုံကြည့်ရှုနေသော ပရိသတ်များသည် ကျွန်ုပ်ဘက်မှ ဝမ်းသာအားရ လက်ခုပ်တီးကြလေ၏။ ကျွန်ုပ် ဘက်မှ လောင်းကြေးထပ်ထားသူများသည် ပျော်ရွှင်စွာဖြင့် ကျွန်ုပ်အား ဝိုင်းအုံပွေ့ဖက်ကြလေ၏။

——— စေတနာတာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ နပန်းပွဲပြီးသောအခါ လူသန်ကြီးသည် နပန်းပြိုင်ပွဲ၌ ပြိုင်ဘက်မရှိ အနိုင်ရထားသူဖြစ်ကြောင်း သိရလေ၏။

ထို့ကြောင့် လူသန်ကြီးကို အနိုင်ရသော ကျွန်ုပ်အား လူအများက အံ့ဩဝမ်းသာစွာ ချီးကျူးကြခြင်း ဖြစ်၏။

ကျွန်ုပ်သည် နပန်းပွဲ၌ အနိုင်ရသဖြင့် ဆုကြေးအဖြစ် ငွေတစ်ရာနီးပါး ရရှိခဲ့လေ၏။

ကျွန်ုပ်သည် ဆုကြေးအဖြစ်ရရှိသော ငွေတစ်ရာအား ဒိုင်လုပ်သူ အဘိုးကြီးထံမှ ထုတ်ယူလိုက်သောအခါ ကျွန်ုပ်၏ အနောက်မှ လက်ခုပ်သံတဖြောင်းဖြောင်း ကြားရလေ၏။

ကျွန်ုပ်သည် လက်ခုပ်သံကြားရာသို့ လှည့်ကြည့်လိုက်သောအခါ သက္ကလတ်အင်္ကျီနှင့်ဘောင်းဘီကို သေသပ်ကျနစွာ





ဝတ်ဆင်ထားသော လူတစ်ဦးကို တွေ့ရလေ၏။

ကျွန်ုပ်သည် ထိုသူကို သေချာစွာကြည့်ရှုလိုက်ပြီးနောက် ဝမ်းသာအားရဖြင့်ဂျမဒါဟုအော်ဟစ်ပြီး ပြေးဖက်လိုက်လေ၏။

ထိုသူကလည်း ကျွန်ုပ်ကို အားပါးတရပြန်လည်ပွေ့ဖက်လိုက်ပြီး

"ကျုပ်တို့သေဖော်သေဖက်တွေ မတွေ့ရတာ ကြာပြီနော်"

ဟု ပြောလေ၏။

ထိုသူသည် မက်ဆိုပိုတေးမီးယား၌ စစ်မှုထမ်းခဲ့စဉ် ကျွန်ုပ်၏ အထက်အရာရှိဖြစ်ခဲ့သော ဂျမဒါမင်းထင်ပင် ဖြစ်၏။

ဂျမဒါမင်းထင်သည် စစ်မြေပြင်၌ အလွန်ရဲစွမ်းသတ္တိရှိပြီး လက်အောက်ငယ်သားများကို ထောက်ထားညှာတာသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် လူအများ၏ လေးစားကြည်ညိုခြင်းကို ခံရလေ၏။

ကျွန်ုပ်က ဂျမဒါမင်းထင်၏ အဆင့်အတန်းမြင့်မားသော ဝတ်စားဆင်ယင်ပုံကိုကြည့်၍

"ဂျမဒါကြည့်ရတာ ဥစ္စာစီးပွားအဆင်ပြေနေပုံရတယ်"

ဟု ပြောလေရာ ဂျမဒါမင်းထင်က ကျွန်ုပ်ကို ပြန်ကြည့်ပြီး

" ကိုယ့်လူကိုကြည့်ရတာလဲ စီးပွားရေးအဆင်မပြေဘဲ စိတ်ဓာတ်ကျနေပုံရတယ် "

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

" စိတ်ဓာတ်ကျတာကတော့မပြောနဲ့ မြေကြီးထဲကို ရောက်နေပြီဗျ "





ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ကျွန်ုပ်၏အမူအရာကို ကရုဏာသက်ဟန်ဖြင့် ကြည့်၍

" ဒါဆိုရင်လည်း ပူမနေပါနဲ့တော့ဗျာ၊ ကျုပ်နောက်ကို သာ လိုက်ခဲ့ပေတော့၊ ကျုပ်ကလည်း ခင်ဗျားလိုလူတစ်ယောက် လိုနေတာနဲ့ အတော်ပဲပေါ့ဗျာ "

ဟု ပြောလေရာ ကျွန်ုပ်သည် ဂျမဒါမင်းထင်၏စကား ကြောင့် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီးလျှင်

" ဂျမဒါနဲ့သာ လိုက်ရမယ်ဆိုရင် ငရဲပြည်ဆိုလည်း လိုက်မယ်ဗျာ "

ဟု ပြောလေ၏။ ထိုအခါ ဂျမဒါမင်းထင်သည် ကျွန်ုပ် ၏ ပခုံးကိုဖက်၍ ရယ်မောကာ



www.burmeseclassic.com

www.burmeseclassic.com



" ငရဲပြည်ကိုတော့ မခေါ်ပါဘူးဗျာ၊ ခင်ဗျားကို နိဗ္ဗာန်ကိုခေါ်သွားမယ်၊ ဒါပေမဲ့ နိဗ္ဗာန်အစစ်တော့မဟုတ်ဘူးဗျ "

ဟု ပြောလေရာ ကျွန်ုပ်က စိတ်အားတက်ကြွစွာဖြင့်

" နိဗ္ဗာန်အတုက ကျုပ်ရဲ့ငရဲခန်းထက်တော့ သာမှာသေချာပါတယ်ဗျာ "

ဟု ပြောလေ၏။

ထို့နောက်တွင်မူ ကျွန်ုပ်သည် ဂျမဒါမင်းထင် ခေါ်ဆောင်ရာသို့ လိုက်ပါခဲ့လေတော့၏။

ဂျမဒါမင်းထင်သည် တရုတ်တန်းရှိ ဟိုတယ်ကြီးတစ်ခုသို့သွားကာ အကောင်းဆုံး တရုတ်အစားအစာများဖြင့် တည်ခင်းဧည့်ခံလေ၏။





ကျွန်ုပ်သည် အစားအသောက်ကောင်းများနှင့် ဝေးနေသူဖြစ်သဖြင့် ဂျမဒါမင်းထင်ကျွေးသော အစားအသောက်များကို မြိန်ယှက်စွာ စားသောက်လေ၏။

ကျွန်ုပ်သည် နောက်ဆုံးအနေဖြင့် သစ်သီးဖျော်ရည်တစ်ခွက်ကို သောက်လိုက်ပြီးနောက်

" စားလို့ကောင်းလိုက်တာဗျာ၊ ဒီလိုအစားအသောက်ကောင်းတွေနဲ့ ဝေးနေတာကြာပြီဗျ "

ဟု ပြောလေ၏။ ထို့နောက် ဂျမဒါမင်းထင်၏စီးပွားရေးအဆင်ပြေနေပုံကိုကြည့်၍ ကျွန်ုပ်က

" ဂျမဒါရဲ့အသက်မွေးဝမ်းကျောင်းအလုပ်က ဘာလဲဗျ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်ရဲ့အလုပ်ကိုပြောရရင် အရှည်ကြီးပြောရမယ်ဗျ၊ ကျုပ်တို့ ဗြိတိသျှအစိုးရအလိုကျ မက်ဆိုပိုတေးမီးယားမှာ စွန့်စွန့်စားစား စစ်တိုက်ပေးရတယ်၊ ကျုပ်တို့ရဲဘော်တွေရဲ့အသက်တွေလည်း အများကြီး ဆုံးရှုံးခဲ့ရတယ်၊ ဒါပေမဲ့ မက်ဆိုပိုတေးမီးယားက ပြန်လာပြီး ကျုပ်တို့ရဲ့ရလဒ်က ဘာလဲဗျ၊ စစ်တပ်က ထုတ်ပယ်ခံရပြီးလမ်းပေါ်ရောက်ခဲ့ရတယ်၊ မက်ဆိုပိုတေးမီးယားက ပြန်လာစမှာ ကျုပ်လည်း ခင်ဗျားလိုပဲ ဒုက္ခရောက်ခဲ့တယ်၊ နောက်ဆုံးတော့ စစ်မြေပြင်က ပြန်လာပြီး ဒီလိုအသုံးမကျတဲ့ ဘဝမျိုးနဲ့ မနေတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ ဒီအချိန်ကစပြီး ကျုပ်ရဲ့ဘဝ ပြောင်းလဲသွားတာပဲ"

ဟု ပြောလေရာ ကျွန်ုပ်က ဂျမဒါမင်းထင်၏စကားကို





စိတ်ဝင်စားစွာ နားထောင်၍

"ဘယ်လိုပြောင်းလဲသွားတာလဲဗျ၊ ပြောစမ်းပါဦး"

ဟု မေးမြန်းလေ၏။ ထိုအခါ ဂျမဒါမင်းထင်က

"ကျုပ်ရဲ့အစွမ်းအစနဲ့ လောကကြီး အကျိုးရှိအောင် အသုံးပြုဖို့ ဆုံးဖြတ်ခဲ့တယ် "

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က

"အများအကျိုးပြုလုပ်ငန်းတွေ လျှောက်လုပ်နေတာလား"

ဟု မေးမြန်းလိုက်လေ၏။ ဂျမဒါမင်းထင်က သဘောကျဟန်ဖြင့် ရယ်မော၍

"ဟား ဟား ဟား… ကျုပ်ကို ဒီလောက်လည်း အထင်



www.burmeseclassic.com

www.burmeseclassic.com



မကြီးပါနဲ့ဗျာ၊ ကျုပ်ရဲ့အလုပ်က ကတုံးပေါ်ထိပ်ကွက်တဲ့ အလုပ်ဗျ၊ ဒါပေမဲ့ ကျုပ်ရဲ့သားကောင်တွေက ဗြိတိသျှအစိုးရ အလိုတော်ရိကြီးတွေနဲ့ အမြတ်ကြီးစား ခေါင်းပုံဖြတ်နေတဲ့ အရင်းရှင်ကြီးတွေပဲဗျ၊ နောက်ပြီး ကျုပ်ရဲ့အလုပ်တစ်ခုက ငွေကြေးတတ်နိုင်တဲ့လူတွေ ရဲ့အမှုတွေကို ကူညီဖြေရှင်းပေးရ တယ်၊ အနောက်နိုင်ငံတွေမှာ ခေတ်စားနေတဲ့ အလွတ်စုံထောက် လို အလုပ်မျိုးပေါ့ဗျာ၊ အမှုတစ်မှုဖြစ်လာရင် ဥပဒေဘက်တော် သားတွေ ဆောင်ရွက်နိုင်တဲ့ အမှုရှိသလို ဥပဒေဘက်တော်သား တွေ မဆောင်နိုင်တဲ့ အမှုတွေ လည်းရှိတယ်၊ ဒီအမှုမျိုးတွေကို ကျုပ်က အခကြေးငွေကောင်း ကောင်းယူပြီး ကူညီဖြေရှင်းပေး တယ်ဗျ"





ဟု ပြောလေရာ ကျွန်ုပ်က စိတ်ဝင်စားဟန်ဖြင့် ခေါင်း ညိတ်၍

"ဂျမဒါရဲ့ အလွတ်စုံထောက်အလုပ်က ပုလိပ်တွေနဲ့ တည့်ဖို့တော့ လိုမယ်ထင်တယ်"

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ရေတစ်ခွက်ကို သောက် လိုက်ပြီး

"လိုတာပေါ့ဗျာ၊ ပုလိပ်တွေနဲ့ မိတ်ဆွေဖြစ်ဖို့အတွက် ကျုပ်ရဲ့ ပိုက်ဆံတော်တော်များများကို အသုံးချရတယ်ဗျ၊ ကိုလိုနီခေတ်ပုလိပ် အများစုက လာဘ်လာဘလိုချင်တပ်မက် စိတ်အလွန်ရှိတယ်၊ ဒီလူတွေရဲ့အချက်ကိုသိရင် စည်းရုံးဖို့ သိပ်လွယ်တာပေါ့ဗျာ၊ ကျုပ်ရဲ့အလုပ်က ဝါသနာပါရင်တော့



www.burmeseclassic.com

www.burmeseclassic.com



ပျော်စရာကောင်းပါတယ်"

ဟု ပြောလေရာ ကျွန်ပ်က ခေါင်းညိတ်၍

"ကျုပ်ကတော့ ဂျမဒါနဲ့အတူနေရရင် အလိုလိုနေရင်း ပျော်နေတယ်ဗျာ"

ဟု ပြောလေ၏။

ဂျမဒါမင်းထင်သည် ကျွန်ုပ်အား ငှင်းနေထိုင်ရာ ဘုန်းကြီးလမ်းတိုက်ခန်းသို့ ခေါ်ဆောင်သွားလေ၏။ ဘုန်းကြီးလမ်းသို့ ရောက်သောအခါ သုံးထပ်တိုက်တစ်တိုက်၏ အပေါ်ဆုံးထပ်သို့ တက်သွားပြီး တံခါးကို ဖွင့်လိုက်၏။

ထိုအခါ အခန်းထဲ၌ ခမ်းနားလှပသော အိမ်ထောင်ပရိဘောဂများကို တွေ့ရသဖြင့် ကျွန်ုပ်က





"အခန်းက ကောင်းတယ်ဗျ၊ ဂျမဒါ အပိုင်ဝယ်ထားလိုက်ပြီလား"

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

" ကျုပ်ရဲ့အလုပ်က တိုက်ခန်းတစ်ခန်းကို အပိုင်ဝယ်ထားဖို့ မလိုဘူးဗျ၊ ဒါကြောင့် ငှားရမ်းပြီးပဲ နေထိုင်ရတယ်"

ဟု ပြောလေ၏။

ထို့နောက် ဂျမဒါမင်းထင်သည် ကျွန်ုပ်အား ရေမိုးချိုးပြီး တရေးတမော အိပ်စက်စေ၏။

ကျွန်ုပ်သည် လပေါင်းများစွာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်သဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားလေ၏။

ကျွန်ုပ် အိပ်ရာမှနိုးသောအခါ ဂျမဒါမင်းထင်သည်



www.burmeseclassic.com

ဆာအာသာကိုနင်းဒွိုင်း၏ စုံထောက်ဝတ္ထုကြီးတစ်အုပ်ကို ဖတ်ရှုနေကြောင်းတွေ့ရ၏။

ထို့နောက် ကျွန်ုပ်ကိုမြင်သောအခါ ဗီရိုကိုဖွင့်၍ အဝတ်အစားသစ်အချို့ကို ထုတ်ပေးလေ၏။ ကျွန်ုပ်က သားနားသပ်ရပ်သော အဝတ်အစားများကို ကြည့်၍

" ဒီလောက်သားနားတဲ့အဝတ်အစားတွေ ကျုပ်အတွက်မလိုပါဘူးဗျာ "

ဟု ငြင်းဆန်လေရာ ဂျူမဒါမင်းထင်က ရယ်မော၍

" ရှိးထုတ်ဖို့ရည်ရွယ်ချက်နဲ့ ပေးတာမဟုတ်ဘူးဗျ၊ တစ်ခါတလေ ကျုပ်တို့အလုပ်အတွက် အဝတ်အစားသစ်တွေလိုအပ်တယ် "





ဟု ပြောလေ၏။

ကျွန်ုပ်တို့သည် ထိုနေ့ညစာကို တရုတ်တန်းရှိ ဟိုတယ်တစ်ခုသို့ ဖုန်းဆက်၍ မှာကြားပြီး စားသောက်ခဲ့လေ၏။

ဂျူမဒါမင်းထင်က ညစာကို မြိန်ယှက်စွာ စားရင်း

" လောလောဆယ် ကျုပ်လက်ခံထားတဲ့အမှု မရှိဘူးဗျ၊ ဒါကြောင့် ကျုပ်တို့ အေးအေးဆေးဆေး နေလို့ရပါတယ် "

ဟု ပြောလေ၏။ ကျွန်ုပ်ကမဒါမင်းထင်၏အလုပ်ကို စိတ်ဝင်စားလှသဖြင့်

" အလွတ်စုံထောက်အလုပ်က ဗြိတိသျှအစိုးရ အသိအမှတ် ပြုသလား "

ဟု မေးမြန်းလေရာ ဂျူမဒါမင်းထင်က ခေါင်းခါယမ်း၍



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



" အစိုးရက အသိအမှတ်မပြုဘူးဗျ၊ ပုလိပ်တွေက လည်း သူတို့အလုပ်ကို ကျုပ်က ဝင်ရှုပ်တယ်ဆိုပြီး မျက်စိ စပါးမွေး စူးနေပုံရတယ် "

ဟု ပြောပြီး ရယ်မောနေလေ၏။

ထို့နောက် ဂျမ်ဒါမင်းထင်က

" ဒီနေ့ညတော့ ကျုပ်တို့ အေးအေးဆေးဆေး အနား ယူရအောင်၊ သတင်းစာမှာပါတဲ့ သတင်းအရ မနက်ဖြန် ကျုပ် တို့အတွက် အလုပ်တစ်ခုရှိတယ် "

ဟု ပြောရာ ကျွန်ုပ်က သဘောကျဟန်ဖြင့် ရယ်မော၍

" ပျင်းနေတာနဲ့ အတော်ပဲဗျာ "

ဟု ပြောလိုက်လေတော့၏။





ထိုညက ကျွန်ုပ်သည် ညဉ့်နက်သည်အထိ အိပ်မပျော် ဘဲ ဂျမဒါမင်းထင်နှင့် စစ်မြေပြင်၌ စွန့်စားခန်းဖွင့်ခဲ့ပုံများကို ပြန်လည်တွေးတောနေမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် အိပ်ရာနိုးသောအခါ ဂျမဒါမင်းထင်သည် ကော်ဖီ တစ်အိုးကို ဖျော်နေလေ၏။ ကျွန်ုပ်ကိုမြင်သောအခါ ဂျမဒါ မင်းထင်က ကော်ဖီနှင့် ပေါင်မုန့်ကို တည်ခင်းဧည့်ခံလေ၏။

ကျွန်ုပ်က ကော်ဖီကို တစ်ငုံသောက်၍

" ဒီနေ့နံနက် အလုပ်တစ်ခုရမယ်ဆို "

ဟု မေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က အနီးရှိ သတင်း





စာကို ကျွန်ုပ်ဘက်သို့ ကမ်းပေးလိုက်ပြီး

" သတင်းစာထဲက ကြော်ငြာအဆန်းလေးကို ကြည့် လိုက်ပါဦးဗျာ "

ဟု ပြောလေ၏။ ကျွန်ုပ်က သတင်းစာကို ကြည့်လိုက် သောအခါ

*ဆုငွေ (၅၀၀၀)*

*သူရသတ္တိရှိသူများနှင့် စွန့်လွှတ်စွန့်စားဝံ့သူများ ချော့ကောက် ထားနိုင်မည်။ စွန့်စားလိုပါက ဤသတင်းစာ၌ပါရှိသော လိပ်စာ အတိုင်း လာရောက်ချော့ကောက်ထားနိုင်ပါသည်။*

ဟူ၍ ဖြစ်လေ၏။ ကျွန်ုပ်က ကြော်ငြာကိုကြည့်၍

" ကြော်ငြာရဲ့အဓိပ္ပာယ်က ဆန်းတယ်နော်၊ သူရသတ္တိရှိ



www.burmeseclassic.com

www.burmeseclassic.com



တဲ့လူ လျှောက်ထားနိုင်တယ်တဲ့ဗျ၊ ဘာအလုပ်လုပ်ရမှာလဲ မသိဘူး၊ ကျုပ်အထင်တော့ သက်တော်စောင့်တွေ ဘာတွေများ ဖြစ်နေမလား မသိဘူး၊ နောက်ပြီးတော့ သူ့အလုပ်ကိုလျှောက်ဖို့ ကြေးနန်းရိုက်ရမယ်ဆိုပဲဗျ၊ ဘယ်လိုသဘောလဲ ”

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က မျက်မှောင် ကြုတ်၍

“ဒါကတော့ အရည်အချင်းမရှိတဲ့လူတွေ လျှောက်မှာ စိုးလို့ စီစစ်လိုက်တဲ့သဘောပဲဗျ၊ ကျုပ်တို့မြန်မာတွေက ကာကာ ဆိုင်မှာထိုင်ပြီး သတင်းစာတွေကို ဖတ်တယ်၊ ပြီးတော့ သတင်း စာမှာပါတဲ့ လျှောက်လွှာတွေကိုလည်း တွေ့သမျှ အကုန်လျှောက်တဲ့အကျင့်ရှိတယ်၊ ကြေးနန်းခအကုန်ခံပြီး





လျှောက်ရမယ်ဆိုရင်တော့ တော်ရုံတန်ရုံလူတွေ လျှောက်ဝံ့မှာ မဟုတ်ဘူး၊ ကျွန်တော် ဒီနေ့ နံနက် လျှောက်လွှာပို့ဖို့အတွက် ကြေးနန်းခ ကုန်ဦးမယ် ”

ဟုပြောလေရာ ကျွန်ုပ်က ဂျမဒါမင်းထင်ကို မျက်မှောင် ကြုတ်ကြည့်၍

“ ဂျမဒါက ဒီလျှောက်လွှာကို စိတ်ဝင်စားနေပြီပေါ့၊ အင်းပေါ့လေ… ငွေ ၅၀၀၀ ဆိုတာ နည်းတာမှမဟုတ်တာ၊ ဂျမဒါရဲ့ နာမည်အရင်းအတိုင်း လျှောက်မှာလား ”

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က ခေါင်းခါယမ်း၍

“ ကျုပ်ရဲ့အလုပ်မှာ တတ်နိုင်ရင် နာမည်အရင်းသုံးခဲ တယ်၊ ဒီအလုပ်မှာ နာမည်အရင်းမသုံးရင် မဖြစ်နိုင်တာမို့



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့ နာမည်တစ်ခုဖြစ်တဲ့ ကိုသီဟဆိုတဲ့ နာမည်နဲ့လျှောက်မယ်ဗျာ၊ လိပ်စာကိုတော့ ဒီအခန်းလိပ်စာကိုပဲ သုံးလိုက်မယ်၊ လိပ်စာက ကျုပ်အတွက် သိပ်အရေးမပါဘူးဗျ၊ ကျုပ်က ရန်ကုန်မြို့မှာ သိပ်မြဲတာမဟုတ်ဘူး ”

ဟု ပြောလေ၏။

စစ်ကြိုခေတ်က ရန်ကုန်မြို့ကြီး၌ လူနေနည်းပါးပြီး အိမ်ဆောက်၍ ငှားရမ်းစားသော တရုတ်၊ ကုလားလူမျိုးများများပြားလှ၏။

ထိုခေတ်က To Let ငှားရန်ဆိုသောအိမ်များ ရန်ကုန်မြို့အနှံ့၌များစွာရှိလေ၏။ ထိုသို့ငှားရမ်းရာ၌ အိမ်ထောင်ပရိဘောဂများကိုပါ တပြိုင်တည်း ငှားရမ်းလေ့ရှိကြ၏။





ကျွန်ုပ်တို့သည် နံနက်စာစားသောက်ပြီးနောက် စာတိုက်ကြီးသို့သွား၍ သတင်းစာ၌ပါရှိသည့်လိပ်စာအတိုင်း ကြေးနန်းရိုက်လိုက်လေ၏။

ကျွန်ုပ်က ကြေးနန်းခပေးနေသော ဂျူဒေါ်မင်းထင်ကိုကြည့်၍ ရယ်မောကာ

“ အလုပ်ရ မရတော့ မသိဘူးဗျို့၊ ကြေးနန်းခဖိုးတော့ကုန်သွားပြီ ”

ဟု ပြောလိုက်လေတော့၏။

ထိုနေ့ညနေက ဂျူဒေါ်မင်းထင်နှင့် ကျွန်ုပ်သည် လျှော်တန်းဇာတ်ရုံ၌ ကျင်းပသော မြန်မာ့လက်ဝှေ့ပွဲတစ်ပွဲကို သွားရောက်ကြည့်ရှုလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လက်ဝှေ့ထိုးသော ကရင်လူငယ်များမှာ သူရသတ္တိကောင်းပြီး ထိုးလုံးသတ်လုံးကောင်းသဖြင့် လွန်စွာ နှစ်သက်ဖွယ်ကောင်းလှ၏။

ထို့ကြောင့် ကျွန်ုပ်သည် ဂျမဒါမင်းထင်နှင့် ရန်ကုန်မြို့ကြီး၌ နေထိုင်ရခြင်းသည် ပျင်းရိငြီးငွေ့ဖွယ် မဖြစ်တော့ချေ။

ရက်အနည်းငယ်အတွင်း ကျွန်ုပ်တို့မျှော်လင့်နေသော ကြေးနန်း၏ပြန်စာ ရောက်ရှိလာ၏။ ကြေးနန်းစာ၌ပါရှိသော ကြော်ငြာရှင်ကိုကြည့်၍ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်လိုက်ပြီး

"ကြော်ငြာရှင်က ကျုပ်တို့သိနေတဲ့ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါလား၊ သူ့နာမည်က ဦးဘချစ်တဲ့၊ အလင်းရောင်





ဂျာနယ်တိုက်ပိုင်ရှင်လေ၊ ဒီလူကြီးဟာ ရန်ကုန်မှာတော့ မျက်စိကြီး နားကြီးပြီး အသိအကျွမ်းပေါတဲ့လူကြီးဗျ။ မင်းစိုးရာဇာတွေအထိတောင် ဝင်ဆန့်တဲ့ပုဂ္ဂိုလ်ကြီးပေါ့ဗျာ"

ဟု ပြောလေရာ ကျွန်ုပ်က

"ဒီလူကြီးက ဘာဖြစ်လို့ သူရသတ္တိရှိတဲ့လူကို အလိုရှိသလဲ မသိဘူး"

ဟု ရေရွတ်လေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

"ကျုပ်တော့ ဒီနေ့ပဲ သွားတွေ့ချင်ပြီဗျို့၊ ကဲ… ပြောနေကြာတယ်၊ အဝတ်အစားလဲဗျာ"

ဟု ပြောလေ၏။

ဂျမဒါမင်းထင်နှင့် ကျွန်ုပ်သည် အငှားကားတစ်စီးကို



www.burmeseclassic.com

www.burmeseclassic.com



ဗွားရမ်း၍ အလင်းရောင်ဂျာနယ်တိုက်ရှိရာ ဆောင်ဒရီလမ်းသို့ သွားလေ၏။

အလင်းရောင်ဂျာနယ်တိုက်၏အပေါ်ထပ် ရုံးခန်းထဲသို့ ကျွန်ုပ်တို့ရောက်သွားသောအခါ ဂျာနယ်တိုက်ပိုင်ရှင် ဦးဘချစ်က ခေါင်းငုံ့၍ စာရွက်စာတမ်းများကို ကြည့်ရှုနေရာမှ

" ကိုသီဟဆိုတာ မဟုတ်လား၊ လာဗျို့... ကျုပ်တို့ အေးအေးဆေးဆေး စကားပြောကြမယ် "

ဟု ပြောလေ၏။

ထို့နောက် ဦးဘချစ်သည် ဂျမဒါမင်းထင်၏မျက်နှာကို သေချာစွာကြည့်၍ မျက်မှောင်ကြုတ်လိုက်ပြီး

" ခင်ဗျား ဂျမဒါမင်းထင်မဟုတ်လား၊ ကိုသီဟတွေ





ဘာတွေလုပ်မနေပါနဲ့ဗျာ၊ ရန်ကုန်မြို့မှာ ရှားရှားပါးပါး အလွတ်စုံထောက်တစ်ယောက်ကို ကျုပ် မသိဘဲ နေပါ့မလားဗျ "

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က သဘောကျဟန်ဖြင့် ရယ်မော၍

" ကျုပ်လည်း အလင်းရောင်ဂျာနယ်တိုက်ပိုင်ရှင်မှန်း မသိလို့ ကိုသီဟဆိုတဲ့နာမည်နဲ့ လျှောက်လိုက်တာပါဗျာ၊ ဒီလို အလုပ်မျိုးဆိုတာ စွန့်စားရတယ်ဆိုတော့ ဥပဒေနဲ့ လွတ်ကင်းချင်မှ လွတ်ကင်းမှာဗျ၊ ဒါကြောင့်နာမည်ပြောင်းလျှောက်တာပါ "

ဟု ပြောလေ၏။ ဦးဘချစ်ကဆေးတံကိုဖွာရှိုက်လိုက်ပြီး

" ကောင်းပါတယ်ဗျာ၊ ကျုပ်တို့လုပ်ရမဲ့အလုပ်ကလည်း လျှို့ဝှက်ပြီး သိုသိုသိပ်သိပ်လုပ်ရမဲ့အလုပ်ဗျ၊ စွန့်စားခန်း



www.burmeseclassic.com

www.burmeseclassic.com



တွေလည်း ရှိတယ် ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

“ မက်ဆိုပိုတေးမီးယားမှာ စွန့်စားခန်းဖွင့်ပြီး မြန်မာပြည်မှာ အေးအေးချမ်းချမ်းနေရတာ ကြာပြီဗျူ၊ ဒါကြောင့် လှုပ်လှုပ်ရှားရှား လုပ်ချင်တာနဲ့ အတော်ပဲဗျာ ”

ဟု ပြောလိုက်၏။ အလင်းရောင် ဂျာနယ်တိုက်ပိုင်ရှင် ဦးဘချစ်က

“ သတင်းစာထဲကနေ ကြော်ငြာထည့်ပြီး လူစွမ်းကောင်းကို စောင့်လိုက်ရတာဗျာ၊ ဒီနေ့အထိ ခင်ဗျားတစ်ယောက်တည်း လာသေးတယ်၊ ကျုပ်တို့နိုင်ငံမှာ စွန့်စားဝံ့တဲ့လူတွေ ရှားနေပြီလား မသိဘူး၊ ကျုပ်ရဲ့လျှောက်လွှာကို





အရည်အချင်းမရှိဘဲ လက်တည့်စမ်းတဲ့သူတွေ လျှောက်မှာစိုးလို့ ကြေးနန်းနဲ့လျှောက်ရမယ်လို့ စည်းကမ်းသတ်မှတ်ထားတာဗျ၊ ဒီအလုပ်က လိုအပ်ရင် ဥပဒေကို လိမ္မာပါးနပ်စွာချိုးဖောက်ဖို့လည်းလိုတယ်၊ ဒါကြောင့် ရဲစွမ်းသတ္တိရှိရုံမကဘူး၊ ဉာဏ်ရည်ဉာဏ်သွေးလည်း ကောင်းဖို့လိုတယ်၊ ဂျမဒါမင်းထင်လိုလူမျိုး နဲ့ အံကိုက်ပေါ့ဗျာ ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ဦးဘချစ်ကိုကြည့်၍

“ ကျုပ်တော့ စိတ်ဝင်စားနေပြီဗျ၊ ကျုပ်တို့ဘာလုပ်ရမှာလဲ ပြောပေတော့၊ တိုးတိုက်တိုက် ကျားကိုက်ကိုက် စွန့်စားလိုက်မယ် ”

ဟု ပြောလေ၏။ ဦးဘချစ်က သဘောကျဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



လက်ကာပြ၍

" ဒီအမှုမျိုးကို ဂျမဒါမင်းထင်ဆောင်ရွက်ရင် အောင်မြင်မှာ သေချာတယ်ဗျို့၊ ဒီအလုပ်မျိုးက လက်ရုံးရည်တစ်ခုတည်းနဲ့ မရဘူး၊ နှလုံးရည်လည်း ရှိဖို့လိုတယ်၊ ခင်ဗျားတို့ကို အလုပ်အပ်တဲ့လူက ရတနာပုံသူဌေးကြီး ဦးမောင်မောင်တုတ်ဗျ၊ ရန်ကုန်မှာ ရတနာပုံမောင်မောင်တုတ်ဆိုရင် မသိတဲ့သူမရှိဘူး၊ ဂျမဒါမင်းထင်တို့ ရတနာပုံမောင်မောင်တုတ်ကို ကောင်းကောင်းသိမှာပေါ့ "

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က သိရှိကြောင်း ခေါင်းညိတ်ပြလိုက်လေ၏။

ကျွန်ုပ်သည် ရတနာပုံမောင်မောင်တုတ်ဆိုသော သူဌေး





ကြီး အကြောင်းကို ကောင်းစွာသိ၏။

ရတနာပုံမောင်မောင်တုတ်သည် မန္တလေးဇာတိဖြစ်ပြီး ပိုးထည်တိုက်များ၊ ဆပ်ပြာစက်ရုံများ၊ ဒန်အိုးစက်ရုံများကို ပိုင်ဆိုင်သူ ဖြစ်၏။

ရန်ကုန်မြို့၌ ဦးမောင်မောင်တုတ်ပိုင် ဘတ်စ်ကားများ ပြေးဆွဲလျှက်ရှိ၏။ ဦးဘချစ်က ကျွန်ုပ်တို့နှစ်ယောက်စလုံးကို ကြည့်၍

" သူဌေး ဦးမောင်မောင်တုတ်လိုလူမျိုးက ရန်ကုန်မှာ ရှားမှရှားပေါ့ဗျာ၊ သူ့လောက် အလှူအတန်းရက်ရောတဲ့ လူလည်းတစ်ယောက်မှမရှိဘူး၊ မြင်းပွဲလောင်းတဲ့နေရာမှာလည်း ထိပ်ပဲဗျ၊ ဒါပေမဲ့ ဦးမောင်မောင်တုတ်မှာ မိန်းကလေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ပွေတတ်တဲ့ ဝါသနာတော့ရှိတယ်၊ ဦးမောင်မောင်တုတ် လူပျိုကြီး ဖြစ်နေတာလည်းပါတာပေါ့ဗျာ၊ ဦးမောင်မောင်တုတ် ရှုပ်ပွေ လိုက်သမျှလည်း မိန်းကလေး ငယ်ငယ်လှလှတွေ ချည်းပဲ၊ ဦးမောင်မောင်တုတ်ဟာ ရန်ကုန်မှာ မြန်မာမလေး တွေနဲ့ ရှုပ်ပွေရုံနဲ့ အားမရဘဲ အနှိပ်ခန်းဖွင့်ထားတဲ့ ဂေးရှားမယ် ဂျပန်မလေး တစ်ယောက်နဲ့ရှုပ်ပွေတယ်၊ ဦးမောင်မောင်တုတ် ဟာ အပြုအစုကောင်းတဲ့ ဂေးရှားမယ် မိန်းကလေးကို အလွန် သဘောကျတယ်ဗျ၊ ဒါကြောင့် သူ့ရဲ့ အင်းလျားလမ်းက စံအိမ်ကြီးကို တံခါးမရှိ ဓားမရှိ ဝင်စေထွက်စေတယ်၊ ဒီလိုနဲ့ တိုတိုပြောရရင် ဦးမောင်မောင်တုတ်ရဲ့ မျိုးရိုးစဉ်ဆက် ပိုင်ဆိုင်တဲ့ နန်းတွင်းပတ္တမြားကြီးတစ်လုံးကို ဂျပန်မလေးက





ခိုးယူထွက်ပြေးသွားတယ်၊ ဦးမောင်မောင်တုတ်ဟာ ပတ္တမြားကြီးပျောက်ဆုံးကြောင်း တော်တော်နဲ့ မသိဘူး၊ နောက်ဆုံး သိတဲ့အချိန်မှာ ဂျပန်မလေးက မော်လမြိုင်ကနေ ယိုးဒယား ဘက်ကို ထွက်ပြေးသွားပြီ ”

ဟု ပြောလေရာ ကျွန်ုပ်က မျက်လုံးပြူးသွားပြီး

“ ဒါဆိုရင် ဂျပန်မလေးနောက်ကို ကျုပ်တို့က လိုက်ရမှာလား ”

ဟု မေးမြန်းလိုက်လေ၏။ ဦးဘချစ်က ခေါင်းခါယမ်း၍

“ ဂျပန်မလေးနောက်ကို လိုက်စရာမလိုပါဘူး၊ ဂျပန်မလေးက ရတနာကုန်သည်ကြီးချန်းဆီမှာ ပတ္တမြားကို ငွေငါးသောင်းနဲ့ ရောင်းစားသွားခဲ့တယ်၊ တကယ်တော့ ပတ္တမြားကြီး



www.burmeseclassic.com

www.burmeseclassic.com



ဟာ နန်းစဉ်ပတ္တမြားဖြစ်တဲ့အတွက် ဒီထက်အများကြီး ပိုပြီး တန်ဖိုးရှိတယ်ဗျ။ ဂျပန်မလေးက တန်ဖိုးမသိဘဲ ရောင်းစားသွားတာ၊ ဒါနဲ့ ကျုပ်ကို ဦးမောင်မောင်တုတ်က အပူကပ်တာနဲ့ တရုတ်သူဌေးကြီးချန်းဆီက ပတ္တမြားကြီးကို တန်ဖိုးငွေရဲ့နှစ်ဆပေးပြီး ပြန်ဝယ်ဖို့ ကမ်းလှမ်းခဲ့တယ်၊ ဒါပေမဲ့ တရုတ်သူဌေးကြီးကလည်း ပတ္တမြားရဲ့တန်ဖိုးကို ရိပ်စားမိလို့ ငါးဆပေးတာတောင် မရောင်းဘူးလို့ ပြောခဲ့တယ် ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က

“ ဦးမောင်မောင်တုတ်ရဲ့ ပတ္တမြားကို ဂျပန်မလေးက ခိုးသွားပြီး သူဌေးကြီးချန်းဆီမှာ ရောက်နေတော့ သူဌေးကြီးချန်းက ခိုးရာပါပစ္စည်းလက်ခံသူ ဖြစ်နေပြီ၊ ဥပဒေကြောင်း





အရ အရေးယူဖို့ မကြိုးစားဘူးလား”

ဟု ပြောလေ၏။ ဦးဘချစ်က ခေါင်းညိတ်၍

“ ဥပဒေကြောင်းအရ လုပ်လို့ရတာ သိပါတယ်၊ ဒါပေမဲ့ ဦးမောင်မောင်တုတ်ရဲ့သိက္ခာက ရှိသေးတယ်၊ ဒီလို လုပ်ရင်းနဲ့ ဦးမောင်မောင်တုတ်ရဲ့ ဓာတ်ရှုပ်တွေပေါ်ကုန်မှာပေါ့ဗျ။ ရတနာပုံ မောင်မောင်တုတ်က သူ့ရဲ့ပတ္တမြားကို မရရ အောင် ပြန်ယူချင်တယ်၊ တရုတ်သူဌေးကြီးချန်းကို ငွေတွေ အများကြီး ပုံပေးကြည့်သေးတယ်၊ ဒါပေမဲ့ သူဌေးကြီးချန်းကလည်း ခေါင်းမာတယ်၊ ပတ္တမြားကြီးကို လုံးဝ ပြန်မပေးဘူးတဲ့ဗျ ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

“ ကျုပ်တို့က ပတ္တမြားကြီးကို သူဌေးကြီးချန်းဆီက



www.burmeseclassic.com

www.burmeseclassic.com



ခိုးပေးရမယ် ဆိုပါတော့ ”

ဟု ပြောလေ၏။ ဦးဘချစ်က ရယ်မော၍

“ ခိုးတယ်လို့ မဆိုလိုပါဘူး၊ မတရားရယူထားတဲ့ပစ္စည်းကို မတရားတဲ့နည်းနဲ့ ပြန်ယူတဲ့သဘောပါပဲ၊ သူဌေးကြီးချမ်းကိုယ်တိုင် ခိုးရာပါပစ္စည်းလက်ခံထားတဲ့သူဆိုတော့ သူ့ပစ္စည်းဆုံးရှုံးသွားရင် ပုလိပ်တွေ ဘာတွေ တိုင်ဝံ့မှာ မဟုတ်ဘူး၊ သူခိုးလက်က သူဝှက်လုသွားတဲ့ သဘောပေါ့ဗျာ ”

ဟု ပြောလေ၏။ ဂျူဒါမင်းထင်က မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး

“ ခင်ဗျားတို့ကိစ္စက အတော်စွန့်စားရမယ်၊ တိုက်ခိုက်လုယက်လို့လည်း မရဘူး၊ ဉာဏ်ရည်ဉာဏ်သွေးကို အများကြီး





အသုံးချရမယ်၊ တစ်ခုခုလွဲမှားသွားရင် ကျုပ်တို့ ထောင်ကျသွားနိုင်တယ်၊ ဒါကြောင့် ကျုပ်တို့ကို ဒီထက် နှစ်ဆပေးဖို့ ပြောချင်တယ် ”

ဟု ပြောလေ၏။ ဂျူဒါမင်းထင်၏စကားကြောင့် ဦးဘချစ်သည် မျက်မှောင်ကြုတ်၍ စဉ်းစားနေလေ၏။

ခဏကြာမှ တစ်စုံတစ်ရာကို ဆုံးဖြတ်လိုက်ဟန်ဖြင့်

“ ဆုကြေးငွေနှစ်ဆဆိုတော့ တစ်သောင်းပေါ့၊ တစ်သောင်းကို ပတ္တမြားကြီးပြန်ရမှ ပေးရမှာလား ”

ဟု မေးမြန်းလိုက်၏။ ဂျူဒါမင်းထင်က ခေါင်းညိတ်၍

“ ပတ္တမြားကြီး လက်ထဲမရောက်ရင် တစ်ပြားမှ ပေးစရာမလိုဘူး ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်ရာ ဦးဘချစ်က ခေါင်းညိတ်၍

" ကောင်းပြီ၊ ခင်ဗျားတောင်းဆိုတာကို ကျုပ် သဘောတူတယ်၊ ပတ္တမြားကြီး ကျုပ်တို့လက်ထဲရောက်တာနဲ့ ငွေတစ်သောင်း ခင်ဗျားတို့ဆီကို ရောက်စေရမယ် "

ဟု ဝန်ခံကတိပြုလိုက်လေ၏။

ထို့နောက်တွင်မှု ဦးဘချစ်က ကျွန်ုပ်တို့ကို ဒရိုင်ဟိုတယ်သို့ ခေါ်သွားပြီး စားသောက်ဖွယ်ရာများနှင့် ဧည့်ခံလေ၏။

ကျွန်ုပ်နှင့် ဦးဘချစ်သည် စားသောက်ဖွယ်ရာများကို မြိန်ယှက်စွာစားသောက်နေသော်လည်း ဂျူဒါမင်းထင်ကမူ မည်သည့်အစားအစာမျှမစားဘဲ ငြိမ်သက်စွာ စဉ်းစားနေလေ၏။





အတန်ကြာသောအခါ ဂျူဒါမင်းထင်က ထိုင်ရာမှထ၍

" ကျုပ် ရတနာပုံသူဌေးကြီး ဦးမောင်မောင်တုတ်နဲ့ တွေ့ချင်တယ်၊ စီစဉ်ပေးပါ "

ဟု ပြောလိုက်ရာ ဦးဘချစ်က မျက်မှောင်ကြုတ်၍

" ဦးမောင်မောင်တုတ်နဲ့တွေ့ဖို့ လိုလို့လား "

ဟု ပြောလေ၏။ ဂျူဒါမင်းထင်က ခေါင်းညိတ်၍

" ကျုပ် သူ့ကိုသွားတွေ့ပြီး မေးခွန်းလေးနည်းနည်း မေးချင်လို့ပါ၊ ဦးဘချစ်အနေနဲ့ ကျုပ်နဲ့ပတ်သက်ပြီး မိတ်ဆက်တဲ့အနေနဲ့ ဖုန်းလေးဆက်ပေးရုံနဲ့ လုံလောက်ပါတယ် "

ဟု ပြောလေ၏။ ဦးဘချစ်သည် ထိုင်ရာမှထ၍ တယ်လီဖုန်းရှိရာသို့သွားပြီး ရတနာပုံ ဦးမောင်မောင်တုတ်ထံ



www.burmeseclassic.com

www.burmeseclassic.com



သို့ ဖုန်းဆက်ပြီး ဂျမဒါမင်းထင်၏အကြောင်းကို ပြောပြလေ၏။

ဦးဘချစ် ဖုန်းဆက်ပြီးသောအခါ ဂျမဒါမင်းထင်က ကျွန်ုပ်၏ပခုံးကိုပုတ်၍

“ ဟိုတယ်မှာ အေးအေးဆေးဆေး စားသောက်ပြီးမှ ပြန်ခဲ့ပါဗျာ၊ ကျုပ်သွားလိုက်ဦးမယ် ”

ဟု ဆိုကာ ဟိုတယ်အတွင်းမှ ထွက်ခွာသွားလေ၏။

ကျွန်ုပ်သည် သူဌေးဦးဘချစ်နှင့် ညစာစားပြီးနောက် အိမ်သို့ ပြန်လာခဲ့လေ၏။

ညနေစောင်းသည့်အချိန်ထိ ဂျမဒါမင်းထင် ပြန်မလာသဖြင့် ကျွန်ုပ်တစ်ကိုယ်တည်း ပျင်းရိငြီးငွေ့စွာဖြင့် စာအုပ်တစ်အုပ်ကို ဖတ်ရှုနေလေ၏။





ထိုညက ဂျမဒါမင်းထင် ပြန်ရောက်မလာဘဲ နောက်တစ်နေ့ နေ့လယ်မှ ပြန်လည်ရောက်ရှိလာ၏။

ဂျမဒါမင်းထင်သည် ကျွန်ုပ်ကိုမြင်သည်နှင့်

“ အဝတ်အစား အမြန်ဆုံးလဲပေတော့ဗျို့၊ ကျုပ်တို့မှာ အချိန်မရှိဘူး ”

ဟု ဆိုသဖြင့် ကျွန်ုပ်က အဝတ်အစားများကို လဲလှယ်၍

“ ဘယ်လိုဖြစ်လာတာလဲဗျာ ”

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ လွန်ခဲ့တဲ့ညက တရုတ်သူဌေးကြီးချန်းဆီမှာရှိတဲ့ ငွေမြား ဘယ်မှာရှိသလဲဆိုတာ စုံစမ်းနေတာဗျ၊ သူဌေးကြီး



www.burmeseclassic.com

www.burmeseclassic.com



ချုန်းဟာ ဒီလောက်တန်ဖိုးရှိတဲ့ ပတ္တမြားကြီးကို အလွယ်တကူ

ထားမှာ မဟုတ်ဘူး၊ ယုံကြည်စိတ်ချရတဲ့နေရာမှာထားမှာ

သေချာတယ်၊ သူဌေးကြီးချုန်းတည်းခိုတဲ့ လန်ဒန်ဟိုတယ်က

လည်း အင်မတန် လုံခြုံစိတ်ချရပြီး လူကုံထံတွေ ကျက်စား

တဲ့နေရာဗျ ”

ဟု ပြောလေရာ ကျွန်ုပ်က ခေါင်းညိတ်၍

“ ဟုတ်ပါပြီဗျာ၊ သူဌေးကြီးချုန်းရဲ့ ပတ္တမြားကြီးကို

ဂျူမဒါ ဘယ်လိုစုံစမ်းခဲ့သလဲ ”

ဟု မေးမြန်းလေ၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ

“ သူဌေးကြီးချုန်းရဲ့ ပတ္တမြားကြီးနေရာကိုသိဖို့အတွက်

ပတ္တမြားတစ်လုံးလိုအပ်တယ်လို့ ထင်မိတယ်၊ ဒါကြောင့်



ရတနာပုံ သူဌေးကြီး ဦးမောင်မောင်တုတ်နဲ့ သွားတွေ့ပြီး

ပျောက်ဆုံးသွားတဲ့ ပတ္တမြားကြီးနဲ့ ပုံစံတူ ပတ္တမြားရှိရင်

ခဏငှားဖို့ပြောရတယ်၊ ကံကောင်းထောက်မစွာနဲ့ ဦးမောင်

မောင်တုတ်မှာ နှန်းစဉ်ပတ္တမြား နဲ့ပုံစံတူ ပတ္တမြားအတုရှိတယ်၊

ဦးမောင်မောင်တုတ်ဟာ မြန်မာသူဌေးကြီးတွေရဲ့ ထုံးစံအတိုင်း

ဓားပြရန်က ကာကွယ်ဖို့အတွက် ပုံစံတူရတနာပစ္စည်းအတုတွေ

လုပ်ထားလေ့ရှိတယ်၊ ကျွန်ုပ်လည်း ဦးမောင်မောင်တုတ်ဆီက

ပတ္တမြားအတုကြီးလည်း ရရော လန်ဒန်ဟိုတယ်ကို ရတနာ

ကုန်သည်အယောင်ဆောင်ပြီး သွားခဲ့ရတယ်၊ လန်ဒန်ဟိုတယ်

ကို ရောက်တော့ သေးအောင်ရှင်း ကစားပြီး သူဌေးကြီးချုန်းနဲ့

ရင်းနှီးအောင်လုပ်ရတယ်

www.burmeseclassic.com



ဟု ပြောလေရာ ကျွန်ုပ်က စိတ်ဝင်စားစွာဖြင့်

" သူဌေးကြီးချန်းက မြန်မာရည် တော်တော်လည် သလား"

ဟု မေးမြန်းလေ၏။ ဂျူဒါမင်းထင်က ခေါင်းညိတ်၍

ဒီလိုပေါ့ မြန်မာရည်လည်တာမှ မွတ်နေတာပဲဗျို့၊ မြန်မာပြည် ငွေနဲ့ဟာရယ်ပြည့်ကို အိမ်ဦးနဲ့ ကြမ်းပြင်လို အမြဲသွားလာနေတဲ့ ကသိုဏ်းပါသူက မိုးကုတ်ထွက်ကျောက်တွေကို ရသမျှ စုဆောင်းပြီး နိုင်ငံခြားမှာ ဈေးကောင်းကောင်းနဲ့ ပြန်ရောင်းတဲ့လူလည်ကြီးဗျ၊ ကျုပ်ကို ဆေးတောင်ကျွင်ကစားရင်း သူနဲ့ရင်းနှီးသွားတော့ ညစာ နဲ့ အိမ်ကျိတ်တူစားကြတယ်၊ ညစာစားရင်း မြန်မာ့ဘုရင်တွေ လက်ထက်က ငမောက်ပတ္တမြားလို ကျော်ကြားတဲ့ပတ္တမြားကြီး





တစ်လုံး ရှိကြောင်း၊ ဒါပေမဲ့ ဒီပတ္တမြားကြီးဟာ အတု အစစ် ကွဲပြားနေကြောင်း၊ ကျုပ်မိတ်ဆွေ ကုလားသူဌေးကြီး မစ္စတာ ဒါဝတ်ဆီက ပတ္တမြားကြီးဟာ အစစ်လို့လူသိများကြောင်း၊ မြန်မာကုန်သည် ကြီးတစ်ဦးဆီက ပတ္တမြားကြီးက အတုလို့ လူသိများကြောင်း၊ မြန်မာကုန်သည်ကြီးက ရတနာပုံ မောင် မောင်တုတ်ဆိုတဲ့ သူဌေးကြီးလို့ ထင်ရကြောင်း ပြောတဲ့အခါ မစ္စတာချန်းဟာ အတော်မခံချင် ဖြစ်သွားတယ်၊ ဒါကြောင့် ကုလားသူဌေးရဲ့ပတ္တမြားနဲ့ သူ့လက်ထဲမှာ ရောက်နေတဲ့ ပတ္တမြား ဘယ်ဟာအတု အစစ်လဲဆိုတာ ယှဉ်မယ်လို့ ဆို တယ်၊ ဒီတော့ ကျုပ်ကလည်း ဝမ်းသာအားရနဲ့ ကျုပ်လက်ထဲ မှာ ကုလားသူဌေးဒါဝတ်ရဲ့ ပတ္တမြားကြီး အဆင်သင့်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နေကြောင်း ပြောလိုက်တယ်၊ မစ္စတာချန်းဟာ ကျုပ်ဆီမှာ ကုလားသူဌေးရဲ့ ပတ္တမြားရှိကြောင်းသိတဲ့အခါ ကျုပ်ကို ဟိုတယ်အပေါ်ထပ် အိပ်ခန်းထဲကိုခေါ်သွားတယ်၊ ပြီးတော့ သံမဏိသေတ္တာလေးထဲမှာ ထည့်ထားတဲ့ ပတ္တမြားကြီးနှစ်လုံး ကို မှန်ဘီလူးနဲ့ ကြည့်နေတုန်း ကျုပ်က အသင့်ပါလာတဲ့ ဖယောင်းနဲ့ သံမဏိသေတ္တာမှာ ခတ်ထားတဲ့သော့ကို ပုံစံယူ လိုက်တယ်၊ မစ္စတာချန်းက ပတ္တမြား နှစ်လုံးကို သေသေချာ ချာ စစ်ဆေးကြည့်ပြီးတော့ သဘောကျဟန်နဲ့ ရယ်မောတယ်၊ ပတ္တမြားနှစ်လုံးရဲ့ အရည်အသွေးက တခြားဆီ ပါပဲဗျာ၊ တကယ်တော့ မစ္စတာဒါဝတ်ရဲ့ ပတ္တမြားက အတုကြီးဗျ လို့ပြောပြီး ခင်ဗျားလည်း ရတနာကုန်သည်ပဲ၊ မစ္စတာဒါဝတ်ရဲ့





ပတ္တမြားဟာ အတုဆိုတာ မသိဘူးလားဆိုပြီး ပြစ်တင်ဝေဖန် တယ်၊ ကျုပ်က မစ္စတာချန်းရဲ့ ရတနာ အကဲခတ်ပညာ အလွန် မြင့်မားကြောင်း၊ ကျုပ်ရဲ့ပညာ သူ့လောက် မပြည့်စုံကြောင်း ပြောတော့ ဘဝင်လေဟတ်သွားတယ်၊ ဒါကြောင့် သူတတ် မြောက်ထားတဲ့ ရတနာဗဟုသုတတွေကို ပြောဆိုမယ်ဆိုပြီး ဒီနေ့ညစာစားဖိတ်ထားတယ်၊ သူ့နဲ့ ညစာစားဖို့ ခင်ဗျားလည်း လိုက်ခဲ့ရမယ် ”

ဟု ပြောလေရာ ကျွန်ုပ်က မျက်လုံးပြူးသွားပြီး

“ ကျုပ်က ရတနာပညာကို လုံးဝနားမလည်ဘူးဗျ ”

ဟု ငြင်းဆန်လေ၏။ ဂျမဒါမင်းထင်က ရယ်မော၍

“ မစ္စတာချန်းကို ညစာစားတဲ့အချိန်မှာ ကျုပ်ရဲ့သူငယ်



www.burmeseclassic.com

www.burmeseclassic.com



ချင်းတစ်ယောက်ကို ခေါ်ခဲ့မယ်လို့ ကြိုပြောထားပြီးပါပြီဗျာ၊ မစ္စတာချန်းက ညစာကို ဟိုတယ်အောက်ကို ဆင်းမစားဘူး၊ သူ့အိပ်ခန်းထဲမှာပဲ စားလေ့ရှိတယ်၊ အိပ်ခန်းရှေ့က ဧည့်ခန်းထဲမှာ စားလေ့ရှိတယ်၊ မစ္စတာချန်းရဲ့ ဧည့်ခန်းက အကျယ်ကြီးပဲ၊ ခင်ဗျားနဲ့ မစ္စတာချန်း စားသောက်နေတုန်းမှာ ကျုပ်က ပတ္တမြား ကြီးကို ခိုးရမယ်ဗျ ”

ဟု ပြောလေရာ ကျွန်ုပ်က မျက်လုံးပြူးသွားပြီး

“ ဖြစ်ပါ့မလားဗျာ၊ မစ္စတာချန်းက ညစာစားရင်း အိပ်ခန်းထဲက အသံကြားလို့ဝင်ကြည့်ရင် ဘယ်လိုလုပ်မလဲ ”

ဟု မေးမြန်းလေရာ ဂျမဒါက

“ ခဏစက်ကသီချင်းကို ကျယ်ကျယ်ဖွင့်ထားရင် ရပါ





တယ်ဗျာ၊ ကျုပ်တို့ ငွေတစ်သောင်းရဖို့အတွက် ဒီလောက်တော့ စွန့်စားရမှာပေါ့၊ ခင်ဗျားက မစ္စတာချန်းနဲ့ စကားပြောနေဖို့သာ စဉ်းစားထားလိုက်ပါ၊ ကျုပ်က ကိုယ်နည်းကိုယ့်ဟန်နဲ့ ပတ္တမြား ကို ရအောင်ခိုးယူမယ် ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်၏စကားကြောင့် ကျွန်ုပ် သည် မငြင်းဆန်နိုင်တော့ဘဲ ညနေဘက်၌ သူဌေးကြီး ချန်းနှင့် တွေ့ရမည့်အရေးကို တွေး၍ရင်မောနေလေ၏။

ကျွန်ုပ်သည် သူဌေးကြီးချန်းနှင့် ညစာစားရင်း စကား အမျှင်မပြတ်ပြောဆိုနိုင်စေရန် ကြိုတင်စဉ်းစားထားလေ၏။

သူဌေးကြီးချန်းသည် ဗဟုသုတကြွယ်ဝကာ ကုန်သည် ကြီးတစ်ယောက်ဖြစ်သဖြင့် ၄င်းကဲ့သို့ ပညာပြည့်စုံသူကို



www.burmeseclassic.com

www.burmeseclassic.com



စိတ်ဝင်စားအောင်ပြောဆိုနိုင်ရန် ခက်ခဲလှ၏။

ကျွန်ုပ်သည် ညနေမစောင်းမီ ဂျမဒါမင်းထင် လေ့လာနိုင်းသည့် ကျောက်မျက်ရတနာနှင့်ပတ်သက်သော စာအုပ်အချို့ကို ဖတ်ရှု၍ မှတ်စုများ ထုတ်နေလေ၏။

ထို့နောက် မှတ်စုများကို အကြိမ်ကြိမ် အဖန်ဖန် ဖတ်ရှုလေ၏။ ထိုနေ့ညနေသို့ရောက်သောအခါ ဂျမဒါမင်းထင်နှင့် ကျွန်ုပ်သည် အဝတ်အစားများလဲလှယ်၍ လန်ဒန်ဟိုတယ်ရှိရာ ပြည်လမ်းသို့ အငှားကားတစ်စီးဖြင့် ထွက်ခဲ့လေ၏။





လန်ဒန်ဟိုတယ်သို့ရောက်သောအခါ ဟိုတယ် မန်နေဂျာ ဘ ဘိုင်တစ်ယောက်ကို သူဌေးကြီးချမ်း၏အခန်းသို့ လိုက်လံ ့ဆောင်ခိုင်းလေ၏။

သူဌေးကြီးချမ်းသည် ပိုးဖဲကတ္တီပါအဝတ်အစားများ ဝတ် ဆင်ပြီး ကျွန်ုပ်တို့ကို ကြိုဆိုနေလေ၏။ ဂျမဒါမင်းထင်က ျွန်ုပ်နှင့် သူဌေးကြီးချမ်းကို မိတ်ဆက်ပေးရာတွင် ကျွန်ုပ်အား

" ကျုပ်ရဲ့မိတ်ဆွေက ကျောက်မျက်ရတနာနဲ့ ပတ်သက်



www.burmeseclassic.com

www.burmeseclassic.com



လို့ကတော့ နားလည်တတ်ကျွမ်းခြင်းမရှိပါဘူး၊ ဒါပေမဲ့ အင်မတန် စိတ်ရှည်သည်းခံပြီး သဘောမနောကောင်းတဲ့ မြန်မာလူမျိုးတစ်ယောက်ပါ ”

ဟု ပြောလေ၏။

ကျွန်ုပ်သည် ဂျူဒါမင်းထင်က သဘောကောင်းသူတစ်ဦးဟု မိတ်ဆက်ထားသဖြင့် မျက်နှာကို တတ်နိုင်သမျှ ပြုံးရွှင်စွာ ထားရလေ၏။

ဂျူဒါမင်းထင်နှင့် ကျွန်ုပ်တို့ရောက်ရှိသောအခါ သူဌေးကြီးချန်းက ဘွိုင်တစ်ယောက်ကို ညစာစားပွဲပြင်ဆင်ရန် စေခိုင်းလိုက်လေ၏။

မကြာမီ ကျွန်ုပ်တို့စားသောက်ရန် တန်ဖိုးကြီး တရုတ်





ဟင်းလျာများ ရောက်ရှိလာလေ၏။ ဂျူဒါမင်းထင်သည် ညစာ ကို မြိန်ယှက်စွာစားရင်း သူဌေးကြီးချန်းနှင့်အတူ ကျောက်မျက်ရတနာနှင့်ပတ်သက်သည့် ဗဟုသုတများကို ပြောဆိုလေ၏။

၎င်းတို့နှစ်ဦးစလုံး ကျောက်မျက်ရတနာနှင့်ပတ်သက်၍ ဗဟုသုတပြည့်စုံသူများဖြစ်လေရာ နားထောင်နေသူအတွက် မပျင်းနိုင်အောင်ပင် ဖြစ်လေ၏။

ခဏကြာလျှင် ဂျူဒါမင်းထင်သည် တစ်စုံတစ်ရာကို သတိရဟန်ဖြင့်

“ ဟိုက်.. ဒီနေ့ည ကျုပ်မိတ်ဆွေ ဗေဒင်ဆရာကြီး တစ်ယောက်နဲ့ ချိန်းထားတာမေ့နေမိတယ်၊ ဟိုတယ်အောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်ကို ခဏဆင်းပြီး ဖုန်းဆက်လိုက်ပါဦးမယ် ”

ဟု ဆိုကာ အခန်းထဲမှ ထွက်ခွာသွားလေ၏။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ ဂျမဒါမင်းထင်အတွက် ထိတ်လန့်တုန်လှုပ်နေလေ၏။

သူဌေးကြီးချမ်းသည် ကျွန်ုပ်အား ရင်းနှီးခင်မင်စွာဖြင့် ကမ္ဘာကျော်ကိုနိစသည့်စိန်ကြီးများအကြောင်းကိုပြောပြနေလေ၏။

သူဌေးကြီးချမ်းပြောသော စိန်ကြီးများအကြောင်းသည် အလွန်စိတ်ဝင်စားဖွယ်ကောင်းသဖြင့် ဂျမဒါ မင်းထင် အိပ်ခန်းထဲသို့ မည်သို့ဝင်ရောက်သွားခြင်းကိုပင်မသိလိုက်ချေ။

ဂျမဒါမင်းထင်ထွက်သွားခြင်းမှာ ၁၅ မိနစ်မျှပင်ကြာ သော်လည်းကျွန်ုပ်အတွက်တစ်ကမ္ဘာမျှကြာသည်ဟု ထင်မြ





လေ၏။

ကျွန်ုပ်သည် သူဌေးကြီးချမ်းနှင့် ဟန်မပျက် စကားပြော ဆိုနေစဉ် ဂျမဒါမင်းထင် ပြန်လည်ရောက်ရှိလာ၏။

ထိုအခါမှပင် ကျုပ်ရင်ထဲရှိ အလုံးကြီးကျသွားလေ၏။

ဂျမဒါမင်းထင်၏အမူအရာကိုကြည့်၍ စွန့်စားခန်း အောင်မြင်သည်ဟု ထင်မြင်မိလေ၏။ ထိုညက သူဌေးကြီးချမ်း နှင့် ညဥ့်နက်သည်အထိ စကားပြောဆိုပြီးနောက် ကျွန်ုပ်တို့ နှစ်ယောက်သား လန်ဒန်ဟိုတယ်မှ ပြန်ခဲ့လေ၏။

ကျွန်ုပ်က ဟိုတယ်ထဲမှထွက်သည်နှင့် ဂျမဒါမင်းထင် ကို စိတ်လှုပ်ရှားစွာကြည့်၍

“ အစီအစဉ် အောင်မြင်တယ် မဟုတ်လား ”



www.burmeseclassic.com

www.burmeseclassic.com



ဟု အလောတကြီးမေးမြန်းလိုက်လေ၏။ ဂျမဒါမင်းထင်က လက်မ ထောင်၍

" အားလုံးအဆင်ပြေတယ်၊ သူဌေးကြီးချန်းရဲ့ သံမဏိသေတ္တာထဲမှာ ရတနာပုံဦးမောင်မောင်တုတ်ရဲ့ ပတ္တမြားအတုကြီးကို လဲထည့်ထားခဲ့တယ်၊ သံမဏိသေတ္တာကို ဟန်မပျက်ပြန်ပြီးသော့ခတ်ထားတဲ့အတွက် သူဌေးကြီးချန်းဟာသူ့ပတ္တမြားပျောက်ဆုံးသွား ပုံကို တွေးရခက်ကြီးဖြစ်နေမှာပဲ "

ဟု ပြောလေရာ ကျွန်ုပ်က ဂျမဒါမင်းထင်ကို နားမလည်ဟန်ဖြင့်

" နေပါဦး၊ ဂျမဒါက သူဌေးကြီးချန်းရဲ့အိပ်ခန်းထဲကို ဘယ်လိုဝင်သွားတာလဲ "





ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က

" သူဌေးကြီးချန်းရဲ့အိပ်ခန်းထဲကို ရေချိုးခန်းထဲက တစ်ဆင့် ဝင်ရောက်ခဲ့တယ်၊ သူဌေးကြီးချန်းရဲ့နံဘေးက အခန်းကို ကျုပ်နာမည်နဲ့ငှားထားတာဗျ၊ ကျုပ်ငှားထားတဲ့အခန်းထဲကို ဝင်ပြီးတော့ သူဌေးကြီးချန်းရဲ့ ရေချိုးခန်းထဲကို ရောက်သွားခဲ့တယ်၊ ရေချိုးခန်းထဲ ကနေ အိပ်ခန်းထဲရောက်ဖို့တော့ လွယ်သွားပြီပေါ့ဗျာ "

ဟု ပြောလေရာ ကျွန်ုပ်က အံ့ဩဟန်ဖြင့်

" သူဌေးကြီးချန်းရဲ့တစ်ဖက်ကအခန်းကို ဂျမဒါငှားလိုက်တာ ကျုပ်တောင်မသိလိုက်ဘူး၊ ဂျမဒါက လျင်ပါ့ဗျာ"

ဟု ချီးမွမ်းလိုက်လေ၏။ ဂျမဒါမင်းထင်က ရယ်မော၍



www.burmeseclassic.com

www.burmeseclassic.com



" ခင်ဗျားကိုဖွင့်ပြောဖို့ အချိန်မရတာရယ်၊ ခင်ဗျား ဝမ်းသာစေချင်တဲ့ ရည်ရွယ်ချက်ကြောင့်ပါ "

ဟု ပြောလိုက်လေ၏။ ကျွန့်ပ်က အံ့ဩဝမ်းသာသော အမူအရာဖြင့်

" ဘာပဲဖြစ်ဖြစ် ဂျူမဒါရဲ့အရည်အချင်းကြောင့် ကျုပ်တို့ ငွေတစ်သောင်းကို လွယ်လွယ်လေးရလိုက်ပြီ "

ဟု ချီးမွမ်းလိုက်ရာ ဂျူမဒါမင်းထင်က

" ခင်ဗျားရဲ့အကူအညီကြောင့် အခုလို မြန်မြန်ဆန်ဆန် ရတာဗျာ "

ဟု ပြောလေ၏။





ကျွန့်ပ်နှင့် ဂျူမဒါမင်းထင်သည် မြိုးမြိုးမြက်မြက်ရရှိလိုက်သော ငွေတစ်သောင်းကို ရန်ကုန်မြို့ရှိ ဟိုတယ်ကြီးများ၌ သုံးလခန့်သုံးဖြုန်းပြီးသောအခါ ငွေများ တဖြည်းဖြည်းကုန်စင်သွားလေ၏။

ဂျူမဒါမင်းထင်က အံဆွဲထဲရှိ ပိုက်ဆံများကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



" ကျုပ်တို့မှာ ငွေတော်တော်နည်းသွားပြီ၊ ငွေရပေါက် လမ်းလေးရှာရအောင် "

ဟု ပြောလိုက်ရာ ကျွန်ုပ်က မျက်လုံးမှိတ်၍နေရာမှ ဂျမဒါ မင်းထင်ကို လှမ်းကြည့်၍

" ဘယ်လိုရှာကြမှာလဲ၊ ပြောပါဦးဗျာ "

ဟု မေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" ကျုပ်စဉ်းစားလိုက်ဦးမယ်ဗျာ၊ အဖြေရရင်တော့ ချက်ချင်းလှုပ်ရှားကြတာပေါ့ "

ဟု ပြောလိုက်၏။ ဂျမဒါမင်းထင်သည် ဝရန်တာမှ အိမ်အောက်ထပ်သို့ ငေးမောကြည့်လိုက်ရင်း





" ယော… ပြောရင်းဆိုရင်း ကျုပ်တို့ကို ပိုက်ဆံပေးမဲ့သူ ရောက်လာပြီဗျို့၊ မိန်းမလှလေးတစ်ယောက်ပဲဗျ "

ဟု ပြောလိုက်ရာ ကျွန်ုပ်သည် လှဲအိပ်နေရာမှ ဝုန်းခနဲ ခုန်ထလိုက်ပြီး ဣန္ဒြေရရနေထိုင်လိုက်လေ၏။

ခဏကြာလျှင် တံခါးခေါက်သံ တဒေါက်ဒေါက်ကို ကြားလိုက်ရသဖြင့် ကျွန်ုပ်က တံခါးဖွင့်ပေးလိုက်ရာ အခန်းဝ၌ မိန်းမလှလေးတစ်ယောက်ကို တွေ့ရ၏။

ထိုမိန်းမလှလေးက ချိုသာသောအသံဖြင့်

" ဂျမဒါမင်းထင်နဲ့ တွေ့ချင်လို့ပါရှင် "

ဟု ဆိုလိုက်ရာ ကျွန်ုပ်က မိန်းမလှလေးကို အိမ်ထဲသို့ ဖိတ်ခေါ်လိုက်လေ၏။ ဂျမဒါမင်းထင်က မိန်းမလှလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကြုန္မြေရရကြည့်၍

" ထိုင်ပါ မိန်းကလေး၊ ကျုပ်က ဂျူဒါမင်းထင်ပါ၊ ဘာအကူအညီပေးရမလဲ၊ ပြောပါ "

ဟု ပြောလိုက်လေ၏။ ထိုအခါ မိန်းမလှလေးက

" ကျွန်မနာမည် မရွှေမြိုင်လို့ ခေါ်ပါတယ်၊ ကျွန်မက မန္တလေးအောဘီအမ်ကျောင်းမှာ အင်္ဂလိပ်ဆရာမ အလုပ်လုပ်တယ်၊ ကျွန်မမိတ်ဆွေ မန္တလေးက ဝတ်လုံတော်ရ ဦးစိုးသိန်းရဲ့ လမ်းညွှန်မှုကြောင့် ဂျူဒါမင်းထင်ဆီ ရောက်လာခဲ့တာပါ "

ဟု ပြောရင်း ကျွန်ုပ်၏အနီး၌ ဝင်ထိုင်လိုက်၏။

ကျွန်ုပ်က မရွှေမြိုင်ကို မသိမသာခိုးကြည့်လိုက်ရာ သူမ၏ အသားအရည်မှာ ရွှေလိုဝင်းဝါနေပြီး ကိုယ်လုံးကိုယ်





ပေါက်မှာ ဖွံ့ထွားလှ၏။ ဆရာမလေးက ဆက်လက်၍

" ကျွန်မ အောဘီအမ်ကျောင်းမှာ အလုပ်လုပ်ရင်းနဲ့ သတင်းစာထဲမှာပါတဲ့ လစာကောင်းတဲ့အလုပ်ကြော်ငြာတစ်ခုကို ဖတ်ခဲ့ရပါတယ်၊ အလုပ်က ရန်ကုန်မြို့မှာ လုပ်ရမှာပါ၊ ဒါကြောင့် ရန်ကုန်မြို့ကိုဆင်းပြီးတော့ အင်းလျားလမ်းက ခြံကြီးမှာ လူတွေ့ စစ်ဆေးဖို့ သွားပါတယ်၊ အင်းလျားလမ်းကခြံကြီးကို ရောက်တော့ ကျွန်မလိုပဲ အလုပ်လျှောက်တဲ့ မိန်းကလေး သုံးလေးယောက်ကို တွေ့ရပါတယ်၊ ကျွန်မတို့ကို လူတွေ့စစ်ဆေးတဲ့သူက မျက်နှာဖြူ လူကြီးတစ်ယောက်ပါ၊ မျက်နှာဖြူလူကြီးက ကျွန်မကို မေးခွန်းနည်းနည်းမေးပြီးတော့ အလုပ်ခန့်လိုက်ပါတယ်၊ ကျွန်မလည်း မျှော်လင့်ဘဲ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com



မြို့မှာအလုပ်ရလို့ ပျော်ရွှင်သွားပါတယ်၊ ကျွန်မကို အလုပ်ခန့်လိုက်တဲ့အတွက် ကျွန်တဲ့မိန်းကလေးတွေလည်း စိတ်ပျက်ပျက်နဲ့ ပြန်သွားပါတယ် ''

ဟု ပြောရင်း သူမ၏စကားကို ခဏရပ်၍ ကျွန်ုပ်တို့တည်းခင်းထားသော ရေနွေးကြမ်းတစ်ခွက်ကို ငုံ့သောက်လေ၏။ ပြီးမှ မရွှေမြိုင်က ဆက်လက်၍

'' ခဏကြာရင် အခန်းထဲကို မျက်နှာဖြူမတစ်ယောက်ရောက်လာပြီး ကျွန်မမျက်နှာကို အံ့ဩဟန်နဲ့ကြည့်တယ်၊ ပြီးတော့ မျက်နှာဖြူကြီးဘက်လှည့်ပြီး ဒီမိန်းကလေးကို အလုပ်ခန့်လိုက်ပြီ၊ ဟုတ်လား၊ သူဆိုရင်တော့ ကျွန်မတို့လိုချင်တာ ကွက်တိပဲလို့ပြောပြီး ကျွန်မမျက်နှာကို ဝမ်းသာ





လှိုက်လှဲတဲ့ အမူအရာနဲ့ကြည့်တယ်၊ ကျွန်မဘဝရဲ့နောက်ကြောင်းတွေကိုလည်း မျက်နှာဖြူမက စပ်စပ်စုစု မေးမြန်းနေတယ်၊ နောက်ပြီးတော့ မျက်နှာဖြူကြီးက ကျွန်မကို လစာဘယ်လောက်လိုချင်သလဲလို့ မေးတယ်၊ ကျွန်မက သတင်းစာထဲကအတိုင်းပေးပါလို့ တောင်းဆိုခဲ့တယ်၊ ဒီအခါမှာ မျက်နှာဖြူမက မင်းလိုချောမောလှပတဲ့ မိန်းမတစ်ယောက်ကို ဒီထက်အများကြီး လစာပေးသင့်ပါတယ်၊ ဒါကြောင့် သတင်းစာထဲမှာကြော်ငြာထားတဲ့လစာထက် နှစ်ဆပေးပါမယ်လို့ ပြောတယ်၊ မျက်နှာဖြူမရဲ့ ရက်ရောမှုကြောင့် ကျွန်မရင်ထဲမှာ ဖော်မပြနိုင်လောက်အောင် ဝမ်းသာသွားမိတယ်၊ ဒါပေမဲ့ သူတို့ရဲ့ရက်ရောမှုကို ကျွန်မ သံသယ ဖြစ်သွားတယ်၊ ဒါကိုရိပ်မိ



www.burmeseclassic.com

www.burmeseclassic.com



သွားတဲ့ မျက်နှာဖြူမက ချက်ချင်းပဲ သူ့ရဲ့လက်ကိုင်အိတ်ဖွင့်ပြီး လစာငွေတွေကို ထုတ်ပေးတယ် ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' မရွှေမြိုင်က သူတို့အိမ်မှာ အင်္ဂလိပ်စာပြတဲ့အလုပ်ကိုပဲ လုပ်ရမှာလား ''

ဟု မေးမြန်းလိုက်၏။ မရွှေမြိုင်က

'' ဟုတ်ပါတယ်ရှင်၊ သူတို့ရဲ့ကိုးနှစ်သမီးလေးကို အင်္ဂလိပ်စာပြပေးရမှာ၊ မျက်နှာဖြူကြီးက မုဆိုးဖိုကြီးရှင့်၊ သူ့မှာ အရင်မိန်းမနဲ့ သမီးလေးတစ်ယောက်ရဖူးတယ်တဲ့၊ သမီးလေးက ဘော်ဒါဆောင်မှာနေပြီး ကျောင်းတက်နေတယ်၊ ကျွန်မစာသင်တဲ့ကလေးက နောက်မိန်းမနဲ့ရတဲ့ သမီးလေးရှင့်၊





မျက်နှာဖြူကြီးရဲ့နောက် ယူတဲ့မိန်းမက အသက်သုံးဆယ်ဝန်းကျင်လောက်ပဲရှိတဲ့ မိန်းမလှ တစ်ယောက်ပါပဲ၊ ကျွန်မစာသင်ရတဲ့ကလေးမလေးကတော့ အဲဇော့ကို ဆိုးပါတယ် ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က

'' အဲဒီအိမ်မှာ မိသားစုသုံးယောက်ပဲရှိတာလား၊ အိမ်စေတွေ ဘာတွေ မရှိဘူးလား ''

ဟု မေးမြန်းလေ၏။ မရွှေမြိုင်က ရေနွေးကြမ်းတစ်ခွက်ကို သောက်ရင်း

'' အိမ်စေကုလားလင်မယား ရှိပါတယ်၊ ကုလားကတော့ မျက်နှာဖြူကြီးရဲ့ ကားဒရိုင်ဘာပါ၊ ကုလားမကတော့ ထမင်းချက် အလုပ်လုပ်ပါတယ် ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေ၏။ ဂျူဒါမင်းထင်က မရွှေမြိုင်ကိုကြည့်၍

" မရွှေမြိုင် မျက်နှာဖြူအိမ်မှာ အင်္ဂလိပ်စာဆရာမလုပ်တာ ဘာပြဿနာရှိလို့လဲ "

ဟု မေးမြန်းလိုက်၏။ မရွှေမြိုင်က သက်ပြင်းချ၍

" တကယ်တော့ ပြဿနာလို့တောင် ပြောလို့မရပါဘူး၊ ဒါပေမဲ့ သူတို့လင်မယားရဲ့ဆက်ဆံပုံက ကျွန်မအပေါ် ထူးခြားတယ်လို့ ထင်ပါတယ်၊ သူတို့က ကျွန်မကို စာသင်ရုံ မကဘူး၊ ဘိုဆန်ဆန်စကတ်တွေ၊ ဂါဝန်တွေ ဝတ်ဆင်စေပါတယ်၊ ကျွန်မက ဒီအဝတ်အစားတွေကို မဝတ်ချင်လို့ ငြင်းဆန်တဲ့အခါမှာ သူတို့ လင်မယားက လုံးဝလက်မခံပါဘူး၊ နောက်ဆုံးတော့ မျက်နှာဖြူကြီးက သူတို့ဝတ်ဆင်စေချင်တဲ့ ဂါဝန်တွေ၊





စကတ်တွေ မဝတ်ဘူးဆိုရင် အလုပ်က ထုတ်ပစ်မယ်ဆိုတဲ့သဘောမျိုး ပြောလာပါတယ် "

ဟု ပြောလေရာ ဂျူဒါမင်းထင်က သူမ၏စကားကို စိတ်ဝင်စားစွာ နားထောင်နေရာမှ

" မရွှေမြိုင်ကို ဝတ်ဆင်ခိုင်းတဲ့ ဂါဝန်တွေ၊ စကတ်တွေက အသစ်စက်စက်တွေလား "

ဟု မေးမြန်းလေ၏။ မရွှေမြိုင်က ခေါင်းခါယမ်း၍

" အသစ်စက်စက်တွေ မဟုတ်ပါဘူး၊ ဝတ်ပြီးသားအဟောင်းတွေပါ၊ ရှင်တို့စဉ်းစားကြည့်ပါ၊ ကျွန်မက မြန်မာဆန်တဲ့မန္တလေးသူစစ်စစ်ပါ၊ ကျွန်မလို မိန်းကလေးတစ်ယောက်က စကတ်တွေ၊ ဂါဝန်တွေကို သူတို့အကြိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်းခံပြီး ဝတ်ဆင်ပေးခဲ့ပါတယ်၊ ဒီလိုသည်းခံခဲ့တာလည်း သူတို့ရဲ့လစာက ကောင်းလွန်းလို့ပါ၊ သူတို့ကကျွန်မကို ဒီလို ဘိုဆန်ဆန် အဝတ်အစားတွေ ဝတ်ပေးနေရုံနဲ့ မပြီးသေးဘူး၊ သူတို့အိမ်မှာ ကလေး စာသင်တဲ့အခါ ဒီခုံမှာထိုင်ဆိုရင် ဒီမှာပဲ ထိုင်ရတယ်၊ အိမ်ရှေ့ကို ကျောပေးထိုင်ဆိုရင် ကျောပေးပြီးပဲ ထိုင်ရတယ်၊ တစ်ခါတုန်းက ကျွန်မ အိမ်ရှေ့ကိုမျက်နှာမူပြီး စာသင်လိုက်တာ မျက်နှာဖြူကြီး မြင်သွားပြီးကျွန်မကို ဆူပူ ကြိမ်းမောင်းလိုက်တာ မိုးမွှန်နေတာပါပဲ”

ဟု ပြောလေ၏။ ဂျူဒါမင်းထင်က မျက်မှောင်ကြုတ်၍

“သူတို့ရဲ့သမီးလေးကို စာသင်တဲ့အခါမှာ စည်းကမ်း တွေ တင်းကြပ်သလား”





ဟုမေးမြန်းလေ၏။ မရွှေမြိုင်က အံ့သြသောအမူ အရာဖြင့်

“မျက်နှာဖြူသမီးလေးကို စာသင်တဲ့နေရာမှာတော့ သူတို့ကြည့်ရတာ စိတ်ဝင်စားပုံလုံးဝမရဘူး၊ ဒီလိုနဲ့ သူတို့ဆီမှာ အလုပ်လုပ်ရင်း သုံးရက်မြောက်တဲ့နေ့မှာ ကျွန်မရဲ့ခေါင်းက ဆံပင်ရှည်ကြီးကိုဖြတ်ပြီး အင်္ဂလိပ်မတွေလို ဆံတိုကုတ်ဝဲထား ရမယ်တဲ့၊ မျက်နှာဖြူမိသားစုရဲ့အမိန့်ကို ကျွန်မ လုံးဝ မနာခံ နိုင်ပါဘူး၊ ဘာကြောင့်လဲဆိုတော့ ကျွန်မမိဘတွေက အင်မ တန် မြန်မာဆန်ပြီး ကျွန်မရဲ့ဆံပင်ရှည်ကြီးကို အင်မတန် မြတ်နိုးပါတယ်၊ မျက်နှာဖြူလင်မယားက ကျွန်မဆံပင်မဖြတ် ဘူးဆိုရင် အလုပ်ကထုတ်ပစ်မယ်လို့ ခြိမ်းခြောက်ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ရန်ကုန်မြို့ကြီးမှာ အလုပ်တစ်နေရာစာရဖို့ အင်မတန် ခက်ခဲတဲ့အတွက် မျက်နှာဖြူမိသားစုအလိုအရ ကျွန်မရဲ့ဆံပင်တွေကို ဖြတ်ပစ်လိုက်ရပါတယ် ”

ဟု ပြောလိုက်ရာ ဂျူဒါမင်းထင်က သူမ၏ဆံတိုကုတ်ဝဲ ပုံစံကိုကြည့်၍သက်ပြင်းချလိုက်ပြီး

“သူတို့လင်မယားက လူသားတစ်ယောက်ရဲ့ လွတ်လပ်ခွင့်ကို ထိပါးနေတာပဲ၊ ဘာတွေများဆက်ဖြစ်သေးသလဲ ”

ဟု မေးမြန်းလိုက်လေ၏။ မရွှေမြိုင်က သက်ပြင်းချ၍

“ မျက်နှာဖြူလင်မယားနှစ်ယောက်ထဲမှာ မျက်နှာဖြူမကတော့ စိတ်သဘောထားမှန်ကန်ပုံရပြီး စိတ်ကောင်း စေတနာကောင်းရှိပုံရပါတယ်၊ ဒါပေမဲ့ မျက်နှာဖြူကြီးကတော့ စိတ်





သဘောထားခက်ထန်ပြီး စိတ္တဇဖြစ်နေတဲ့ပုံစံပဲ၊ သူ့အိမ်မှာနေတဲ့အတွက် ကိုယ်ထိလက်ရောက်ကျူးလွန်ခြင်းတော့ မခံရပါဘူး၊ ကျွန်မဆံပင်ညှပ်လိုက်ပြီးတော့ မျက်နှာဖြူမက ကျွန်မရဲ့မျက်နှာကိုကြည့်ပြီး ဆံပင်ညှပ်လိုက်တာ အရင်ထက် တောင် ပိုလှသွားသေးတယ်လို့ ချီးကျူးပါတယ်၊ ကျွန်မကို သူတို့အိမ်မှာ ညအိပ်ဖို့ အခန်းတစ်ခန်းပေးထားပါတယ်၊ နံနက်စာစားပြီးတာနဲ့ ကျွန်မက ဘိုဆန်ဆန်ဂါဝန်တွေဝတ်ရ ပါတယ်၊ ပြီးတော့ မျက်နှာဖြူကြီး ညွှန်ပြတဲ့ အိမ်ရှေ့ ပြတင်းပေါက်နဲ့ကပ်လျက် ကုလားထိုင်မှာ ကျောပေးပြီးထိုင်ရ ပါတယ်၊ ကျွန်မ ဒီလိုထိုင်နေတုန်း မျက်နှာဖြူကြီးက ရယ်စရာ အလွန်ကောင်းတဲ့ ပုံပြင်ဇာတ်လမ်းလေးတွေကို ပြောပြလေ့



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ သူ့စကားနားထောင်ပြီး ကျွန်မ အူနိပ်ပြီး နေရတယ်၊ ကျွန်မဟာ နံနက်တိုင်း သူတို့ထိုင်ခိုင်းတဲ့ ကုလားထိုင်မှာ ပြတင်းပေါက်ကို ကျောပေးထိုင်ပြီး သူတို့ဖတ်ခိုင်းတဲ့ စာတွေကို အကျယ်ကြီးအော်ပြီး ဖတ်ပြရပါတယ်၊ ဒါပေမဲ့ ပြတင်းပေါက်ကို ကျောပေးပြီးထိုင်နေတဲ့အချိန်မှာ အနောက်ကို လုံးဝ လှည့်မကြည့်ဖို့ တင်းတင်းကြပ်ကြပ် တားမြစ်ထားပါတယ်၊ ဒီလိုနဲ့ တစ်ရက်နှစ်ရက်ကြာတော့ ပြတင်းပေါက်ကို ကျောပေးထိုင်ခိုင်းတာကို ကျွန်မ မသင်္ကာဖြစ်လာတယ်၊ ပြတင်းပေါက်အပြင်ဘက်မှာ ကျွန်မကို ချောင်းကြည့်နေသူ တစ်ယောက်ရှိမယ်လို့ ထင်တယ်၊ ဒါကြောင့် မျက်နှာဖြူ လင်မယားအလစ်မှာအနောက်ကို ရုတ်တရက်ချောင်းကြည့်တော့ အိမ်ရှေ့





ခြံတံခါးဝမှာ လူငယ်တစ်ယောက် ကျွန်မကို စောင့်ကြည့်နေတာ တွေ့ရတယ်၊ အဲဒီနေ့က ကျွန်မ နောက်ကို လှည့်ကြည့်တာ မျက်နှာဖြူမ,သိသွားတယ်၊ ဒါကြောင့် သူ့ယောကျ်ား မျက်နှာဖြူကြီးကိုခေါ်ပြီး အိမ်ရှေ့မှာလူတစ်ယောက် လာချောင်းနေတယ်၊ ဒီလူဟာ မရွှေမြိုင်ကို လာကြည့်နေပုံရတယ်လို့ ပြောတယ်၊ မျက်နှာဖြူကြီးက ကျွန်မကို မျက်မှောင်ကြုတ်ပြီး ခြံဝမှာရောက်နေတဲ့လူက မရွှေမြိုင်ရဲ့ သူငယ်ချင်းလားလို့ မေးတော့ ကျွန်မက မဟုတ်ပါဘူးလို့ပြောလိုက်တယ်၊ ဒီအခါမှာ မျက်နှာဖြူကြီးက ကျွန်မရဲ့ သူငယ်ချင်းမဟုတ်ဘူးဆိုရင် ထိုင်ရာကထပြီး ခြံရှေ့ကထွက်သွားလို့ လက်ပြလိုက်ပါလို့ စေခိုင်းတယ်၊ ကျွန်မက မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖြူကြီးစကားကို မနှာခံချင်ပေမဲ့ အတင်းအကြပ်စေခိုင်း တဲ့အတွက် ထိုင်ရာကထပြီး လက်ပြလိုက်ပါတယ်၊ ကျွန်မ လက်ပြလိုက်တာနဲ့ ခြံဝက စောင့်ကြည့်နေတဲ့ လူငယ်ဟာ ချက်ချင်းထွက်သွားပါတယ် ''

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' မရွှေမြိုင်ပြောတာ စိတ်ဝင်စားပုံကောင်းလာပြီ၊ ဆက် ပြောပါဦး ''

ဟု မေးမြန်းလေ၏။ မရွှေမြိုင်က ဆက်လက်၍

'' ကျွန်မ ပြတင်းပေါက်မှာထိုင်ပြီး သူတို့ဖတ်ခိုင်းတဲ့ စာအုပ်တွေကို ဖတ်ပြတိုင်း ခြံဝမှာမကြာခဏလာစောင့်တဲ့ လူငယ်တစ် ယောက်ရှိတယ်၊ အဲဒီလူငယ်ကို ကျွန်မနဲ့စွပ်စွဲပြီး





နှစ်ကြိမ် သုံးကြိမ် ပြတင်းပေါက်က လက်ပြခိုင်းပါတယ်၊ ကျွန်မလက်ပြလိုက်တိုင်း ခြံတံခါးဝမှာလာချောင်းတဲ့ လူငယ် ကတော့ ခြံရှေ့က လှည့်ထွက် သွားခဲ့တယ်၊ ဒါကြောင့် သူတို့ ကို ကျွန်မ သံသယဝင်လာမိတယ်၊ ဒါပေမဲ့ သူတို့ရည်ရွယ် ချက်ဘာလဲဆိုတာ ကျွန်မ မသိရဘူး၊ ဒါကြောင့် ဂျမဒါ မင်းထင်ဆီလာပြီးတော့ ကျွန်မ အကူအညီတောင်းတာပါ၊ သူတို့ ရည်ရွယ်ချက်ကို ကျွန်မ သိချင်တယ် ''

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' မရွှေမြိုင်ပြောတာ စိတ်ဝင်စားစရာ ကောင်းပါတယ်၊ ဒီအိမ်ကြီးမှာ ဒီပြင်ထူးခြားချက် ရှိသေးသလား ''

ဟု မေးမြန်းလေ၏။ မရွှေမြိုင်က ခေါင်းညိတ်၍



www.burmeseclassic.com

www.burmeseclassic.com



" ထူးခြားတာတစ်ခုရှိသေးတယ်၊ အိမ်ကြီးရဲ့အပေါ်ထပ်က အနောက်ဘက်ဆုံးအခန်းတစ်ခန်းကို အမြဲသော့ခတ်ထားတယ်၊ ဒီအခန်းထဲမှာ ဘာတွေရှိလဲ မသိဘူး၊ ကျွန်မက စပ်စုတတ်တဲ့ ဝါသနာလေးရှိတော့ အခန်းထဲမှာ ဘာရှိသလဲဆိုတာ စိတ်ဝင်စားမိတယ်၊ တစ်နေ့တော့ အမြဲတမ်းသော့ခတ်ထားတဲ့ အခန်းမှာ သော့တန်းလန်းရှိနေတာ တွေ့ရတယ်၊ ကျွန်မလည်း အခွင့်အရေးရပြီ ဆိုပြီးတော့ အခန်းထဲကို တိတ်တိတ်လေး ခိုးဝင် ကြည့်တယ်၊ ဒီတော့ အခန်းထဲမှာ ပြတင်းပေါက်တစ်ပေါက်မှ မရှိတာတွေ့ရတယ်၊ အလင်းရောင်ကို ခေါင်မိုးမှာ အပေါက်ဖောက်ပြီး ဝင်အောင်လုပ်ထားတယ်၊ အခန်းထဲမှာ လိုက်ကာတစ်ခု ကာရံထားပြီး လိုက်ကာရဲ့အနောက်မှာ





လူတစ်ယောက် လမ်းလျှောက်နေတဲ့ ခြေသံကို ကြားမိသလိုပဲ၊ ကျွန်မလည်း လူမရှိတဲ့အခန်းမှာ ခြေသံ ကြားတော့ ကြောက်လန့်ပြီး ပြေးထွက်လာလိုက်တာ အခန်းဝမှာ မျက်နှာဖြူကြီးနဲ့ ပက်ပင်းတိုးတော့တာပဲ၊ မျက်နှာဖြူကြီးက ကျွန်မကို မကျေမနပ်ကြည့်ပြီးတော့ အခန်းထဲကို ဘာဝင်လုပ်တာလဲလို့ ဒေါသတကြီးမေးမြန်းတယ်၊ ပြီးတော့ ကျွန်မရဲ့ ထိတ်လန့်နေပုံကို ကြည့်ပြီးတော့ အခန်းထဲမှာ ဘာတွေ့ခဲ့သလဲလို့ အလောတကြီး မေးမြန်းနေတယ်၊ ကျွန်မက အခန်းထဲကိုဝင်ကြည့်ပြီး လူမရှိတဲ့ အခန်းမှာ ခြေသံလိုလိုကြားရတော့ ကြောက်လန့်ပြီး ပြန်ပြေးတဲ့အကြောင်း ပြောတယ်၊ ဒီတော့ မျက်နှာဖြူကြီးက နောက်ဘယ်တော့မှ ခွင့်မတောင်းဘဲ



www.burmeseclassic.com

www.burmeseclassic.com



စတိုခန်းကိုမဝင်ရဘူးလို့ လေသံမာမာနဲ့ ပြောတယ်၊ သူ့ရဲ့အမူ အရာက ထိတ်လန့်ဖို့ကောင်းလိုက်တာရှင်၊ ကျွန်မမျက်လုံးထဲမှာ သူ့ရဲ့ကြောက်စရာမျက်နှာကြီးကို ဒီနေ့အထိ မေ့မရဘူး ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က ခေါင်းညိတ်၍

'' ဒီအမှုမှာ ကျုပ်ထင်ထားသလိုဖြစ်မယ်ဆိုရင် အဖြစ်မှန်ကို လွယ်လွယ်လေးနဲ့ ဖော်ထုတ်နိုင်မှာပါ၊ မျက်နှာဖြူ လင်မယား အိမ်မှာမရှိတဲ့အချိန်ကို ကျုပ်ကိုလှမ်းပြီး အကြောင်းကြားပါ၊ မရွှေမြိုင်ရဲ့ပြဿနာကို ကျုပ် ရှင်းပေးဖို့ တာဝန်ယူတယ်ဗျာ ''

ဟု ပြောလိုက်လေ၏။

မရွှေမြိုင်သည် ကျွန်ုပ်တို့ကို နှုတ်ဆက်ပြီး အိမ်ပေါ်မှ

———— ဇေဝတနာစာပေ ————



ဆင်းသွားလေ၏။ ဂျမဒါမင်းထင်က ကျွန်ုပ်ဘက်သို့လှည့်၍

'' ဒီအမှုက ပိုက်ဆံရမဲ့အမှုမဟုတ်ဘူးဗျ၊ ကျုပ်တို့နှစ်ယောက် ပိုက်ဆံရတဲ့အလုပ်ကို လက်ခံမှဖြစ်တော့မယ် ''

ဟု ပြောလေရာ ကျွန်ုပ်က

'' ဒီအမှုက တော်တော်လေးရှုပ်မယ်ထင်တယ် ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က သက်ပြင်းချ၍

'' ရှုပ်အောင်လုပ်ထားတော့ ရှုပ်တာပေါ့ဗျာ၊ အမှိက ပြဿနာက လိုချင်တပ်မက်စိတ်ဗျ၊ လောဘကိုမထိန်းချုပ်နိုင်တဲ့ ပြဿနာပဲ၊ မကြာမီ သူတို့ကိစ္စကို ရှင်းပေးနိုင်မှာပါ ''

ဟု ပြောပြီး ဂျမဒါမင်းထင်သည် ကျွန်ုပ်ကို အိမ်၌ထားရစ်ပြီး ရန်ကုန်မြို့ထဲသို့ ထွက်ခွာသွားလေ၏။

———— ဇေဝတနာစာပေ ————

www.burmeseclassic.com

www.burmeseclassic.com

ရက်အနည်းငယ်ကြာသောအခါ ဖုန်းမြည်သံကြားရသဖြင့် ဂျမဒါမင်းထင်က ကောက်ကိုင်လိုက်ရာ မရွှေမြိုင်၏အသံထွက်ပေါ်လာပြီး

" မျက်နှာဖြူကြီးလင်မယား လာမဲ့စနေနေ့ညနေမှာ ဧည့်ခံပွဲသွားဖို့ရှိတယ် "

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က

" ကောင်းပြီ၊ မရွှေမြိုင်ရဲ့ပြဿနာကို ကျုပ် ဖြေရှင်းပေးမယ်၊ ဒီပြဿနာတွေ ပြေလည်သွားရင် မရွှေမြိုင်ရဲ့ လစာအလွန်ကောင်းတဲ့အလုပ်ကို ထိခိုက်သွားနိုင်တယ် "

ဟု ပြောလိုက်၏။ မရွှေမြိုင်က သက်ပြင်းချ၍

" အမှန်တရားပေါ်ဖို့အတွက်ဆိုရင် ကျွန်မ အဆုံးရှုံးခံဝံ့





ပါတယ်၊ ကျွန်မ လောဘကြီးတဲ့မိန်းမတစ်ယောက်မဟုတ်ပါဘူး၊ ရန်ကုန်မြို့မှာ နေဖို့ စားဖို့ အလုပ်တစ်ခုရရင် တော်ပါပြီ"

ဟု ပြောလေ၏။ ထိုအခါ ဂျမဒါမင်းထင်က

" ဒါဆိုရင် မရွှေမြိုင်ကို ကျုပ် အရေးကြီးတာတွေမှာတော့မယ်၊ မျက်နှာဖြူလင်မယား ဧည့်ခံပွဲသွားတဲ့အချိန်မှာပြင်ပက ဘာသံပဲကြားကြား မရွှေမြိုင် အိပ်ခန်းထဲက မထွက်ပါနဲ့၊ ဖြစ်နိုင်ရင် မရွှေမြိုင်တို့အိမ်က ထမင်းချက် ကုလားမကိုအိမ်ပြင်ထွက်ခိုင်းထားပါ၊ နောက်ဆုံးပြောချင်တာက မရွှေမြိုင်ဒီအမှုနဲ့ပတ်သက်ပြီး ကျုပ်ကို ညာဏ်ပူဇော်ခ တစ်ပြားမှပေးစရာမလိုဘူး "

ဟု ပြောကာ သူ၏ဖုန်းကို ချလိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



မရွှေမြိုင်သည် ဂျမဒါမင်းထင်က အမှုလိုက်ခပေးစရာ မလိုဟု ဆိုသဖြင့် အံ့သြသွားလေ၏။





စနေနေ့ညသို့ရောက်သောအခါ မျက်နှာဖြူလင်မယား သည် ညှော်ခံပွဲသွားရန် အကျအနပြင်ဆင်ပြီး အိမ်မှထွက်ခွာ သွားလေ၏။

မျက်နှာဖြူလင်မယားထွက်ခွာသွားသည်နှင့် မရွှေမြိုင်က ထမင်းချက်ကုလားမကိုခေါ်၍

“ မကုလားမ ဆာရီဝယ်ဖို့ သိမ်ကြီးဈေးသွားချင်တယ်



www.burmeseclassic.com

www.burmeseclassic.com

ဆို၊ သွားချင်ရင် ဒီအချိန်သွားပါလား၊ အန်ကယ်ကြီးတို့ ညည့်ခံပွဲမှာ ကြာဦးမယ် ထင်တယ် ''

ဟု ပြောလိုက်ရာ မကုလားမသည် ဝမ်းသာအားရ ထွက်ခွာသွားလေ၏။

မရွှေမြိုင်သည် ကုလားမထွက်ခွာသွားသောအခါ အိပ်ခန်းထဲသို့ဝင်၍ တံခါးချက်ကို ချထားလိုက်လေ၏။

ထို့နောက် အိပ်ရာပေါ်၌လှဲကာ အသံဗလံများကို နားစွင့်နေလေ၏။ သူမ၏ရင်ခုန်နှုန်းများလည်း မြန်ဆန်နေလေ၏။

ခဏကြာလျှင် လူမရှိသောအိမ်ထဲမှ တိုးတိုးတိတ်တိတ်စကားပြောသံနှင့် အိပ်ခန်းထဲသို့ဝင်၍ တံခါးဖွင့်သံ တီးတိုးကြားရလေ၏။





မရွှေမြိုင်သည် အခန်းအပြင်သို့ ထွက်ကြည့်ချင်သော်လည်း ဂျမဒါမင်းထင်က အိပ်ခန်းထဲကမထွက်ရန် မှာကြားထားသဖြင့် စိတ်ကို ချုပ်တီးထားလိုက်၏။

အတန်ကြာသောအခါ မကုလားမ သိမ်ကြီးဈေးမှ ပြန်လည်ရောက်ရှိလာ၏။ မကုလားမရောက်ရှိပြီး ခဏကြာလျှင် မျက်နှာဖြူလင်မယားရောက်ပြီး တစ်အိမ်လုံး ဆူညံပွက်သွားလေ၏။

မျက်နှာဖြူကြီးသည် မကုလားမကို ဒေါသတကြီး ဆူပူကြိမ်းမောင်းနေလေ၏။

မရွှေမြိုင်က နားမလည်ဟန်ဖြင့် အိပ်ခန်းထဲမှထွက်ကြည့် သောအခါ မျက်နှာဖြူကြီးက



www.burmeseclassic.com

www.burmeseclassic.com



" ငါတို့မရှိတုန်း အိမ်မှာ ဘာအသံမှမကြားရဘူးလား"

ဟု မေးမြန်းလိုက်ရာ မရွှေမြိုင်က ခေါင်းခါယမ်း၍

" ကျွန်မအိပ်ပျော်နေလို့ ဘာအသံမှမကြားပါဘူး "

ဟု ပြောလိုက်၏။ မျက်နှာဖြူကြီးက မရွှေမြိုင်ကို မကျေနပ်ဟန်ဖြင့်ကြည့်၍

" မင်းလည်း အိမ်မှာနေပြီး ဘာမှအသုံးမကျဘူး၊ ဒီနေ့ကစပြီး ဆရာမအလုပ်က ထုတ်လိုက်ပြီ၊ အထုပ်အပိုးပြင်ပြီး ပြန်ပေတော့ "

ဟု မောင်းနှင်ထုတ်လေ၏။

မရွှေမြိုင်သည် ဂျမဒါမင်းထင်က ဆရာမအလုပ်ပြုတ်နိုင် သည်ဟု ကြိုတင်ပြောဆိုထားသဖြင့် အံ့သြခြင်းမရှိဘဲ





အထုပ်အပိုးပြင်ပြီး အိမ်မှထွက်ခွာလာခဲ့၏။

ပြီးနောက် ဂျမဒါမင်းထင်၏နေအိမ်ရှိရာသို့ အငှားကားတစ်စီးကို ငှားရမ်းပြီး ရောက်ရှိသွားလေ၏။

ထိုအခါ ဂျမဒါမင်းထင်က

" မရွှေမြိုင် အလုပ်ထုတ်ခံလိုက်ရပြီနဲ့တူတယ် "

ဟု ပြောလေ၏။ မရွှေမြိုင်က ခေါင်းညိတ်၍

" ကျွန်မတို့အိမ်မှာ ဘာတွေဖြစ်နေသလဲဆိုတာ ကျေးဇူးပြုပြီး ရှင်းပြပါဦး "

ဟု မေးမြန်းလိုက်၏။ ကျွန်ုပ်ကလည်း ဝင်ရောက်၍

" ဟုတ်တယ် ဂျမဒါ၊ ကျုပ်လည်း ဘာတွေဖြစ်နေသလဲ ဆိုတာ သိချင်နေပြီ "



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလိုက်၏။

" တကယ်တော့ ဒီအိမ်မှာဖြစ်နေတဲ့ ပြဿနာတွေက ရှင်းရှင်းလေးပါ၊ မရွှေမြိုင်ကို မျက်နှာဖြူကြီးက လစာတွေ အများကြီးပေးတယ်ဆိုကတည်းက မရိုးသားလို့ပေါ့၊ မရွှေမြိုင် စာသင်တဲ့အခါမှာလည်း သူတို့ထိုင်ခိုင်းတဲ့နေရာမှာ ထိုင်ရတယ်၊ သူတို့ဖတ်စေချင်တဲ့စာတွေကို ဖတ်ပြရတယ်၊ သူတို့ ဝတ်စေချင်တဲ့ အဝတ်အစားတွေကို ဝတ်ရုံမကဘူး၊ ဆံပင်ကိုလည်း ဖြတ်ပေးရတယ်၊ ဒါဟာ ဟန်ဆောင်မှုတစ်ခုလုပ်နေတယ်ဆိုတာ ကျုပ် ရိပ်စားမိတယ်၊ မရွှေမြိုင် ပြတင်းပေါက်ကိုကျောပေးပြီး စာသင်နေချိန်မှာ ခြံတံခါးဝမှာ လူငယ်တစ်ယောက်ကလာ ချောင်းတယ်လို့ပြောတယ်၊ မရွှေမြိုင်က





လူငယ်ကို လက်ပြပြီး နှင်ထုတ်ရတယ်လို့လည်း ဆိုတယ်၊ နောက်ပြီး မျက်နှာဖြူအိမ် က လူမနေတဲ့ အခန်းတစ်ခန်းကို အမြဲတမ်း သော့ခတ်ထားတယ်လို့လည်း သိရတယ်၊ ဒါတွေ အားလုံးကို ဆက်စပ်ပြီးတွေးလိုက်ရင် မျက်နှာဖြူကြီးက အိမ်မှာ လူတစ်ယောက်ကို ဖွက်ထားတယ်ဆိုတာ သိသာလာတယ်၊ အဲဒီလူကို လူမနေဘဲ သော့ခတ်ထားတဲ့အခန်းထဲမှာ ဖွက်ထားတယ်လို့လည်း ရိပ်စားမိတယ်၊ မျက်နှာဖြူကြီးဖွက်ထားတာ ဘယ်သူဖြစ်မလဲ "

ဟု ပြောရင်း ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့သောက်လိုက်၏။

ကျွန်ုပ်နှင့် မရွှေမြိုင်သည် ဂျမဒါမင်းထင်၏စကားကို စိတ်ဝင်စားစွာ နားထောင်နေ၏။ ဂျမဒါမင်းထင်က ဆက်လက်၍



www.burmeseclassic.com

www.burmeseclassic.com



" မရွှေမြိုင်ရဲ့ပြောစကားအရ မျက်နှာဖြူကြီးမှာ အရင်မိန်းမနဲ့ရတဲ့ သမီးတစ်ယောက်ရှိတယ်လို့ သိရတယ်၊ ဒါကြောင့် အခန်းထဲမှာဂှက်ထားတဲ့သူဟာ မျက်နှာဖြူကြီးရဲ့သမီးလို့ ထင်မိတယ်၊ မရွှေမြိုင် စာသင်နေချိန်မှာ လူငယ်တစ်ယောက်က လာချောင်းတယ်ဆိုတဲ့စကားအရ အခန်းထဲမှာဂှက်ထားတဲ့ သူဟာ မျက်နှာဖြူကြီးရဲ့သမီးပဲဖြစ်ရမယ်လို့ တွေးမိတယ်၊ ကျုပ်အတွက်တော့ ဒီအမှုဟာ အင်မတန်လွယ်ပါတယ်၊ ရှေ့ဆက်ပြီး ဒီအိမ်နဲ့ပတ်သက်တဲ့ လျှို့ဂှက်ချက်တွေကို စုံစမ်းလိုက်တာ အဖြေမှန်ပေါ်လာတာပဲ၊ ဒီအိမ်မှာ မျက်နှာဖြူကြီးရဲ့ အရက်သမား ဒရိုင်ဘာရှိတယ်၊ အရက်ဆိုင်မှာ ဒရိုင်ဘာနဲ့ရင်းနှီးအောင် လုပ်ပြီးတော့ မျက်နှာဖြူအိမ်ရဲ့လျှို့ဂှက်ချက်တွေကို စုံစမ်းခဲ့





တယ်၊ တကယ်တော့ မျက်နှာဖြူကြီးရဲ့အရင်မိန်းမနဲ့ရတဲ့ သမီးလေးက ချမ်းသာတဲ့အဒေါ်ဘက်က အမွေတွေ အများကြီး ရထားတယ်၊ စီးပွားကျနေတဲ့ မျက်နှာဖြူကြီးလင်မယားက သမီးဖြစ်သူ အမွေရထားတဲ့ ပစ္စည်းတွေရဲ့အတိုးအရင်းတွေကို စားနေရတယ်၊ ဒါကြောင့် သမီးကို လင်မပေးစားချင်ဘူး၊ မျက်နှာဖြူကြီးရဲ့သမီးက အင်ဂျင်နီယာလေးတစ်ယောက်နဲ့ ချစ်သူရည်းစား ဖြစ်ခဲ့တယ်၊ အင်ဂျင်နီယာလေးဟာ လူတော်လေးတစ်ယောက်ဖြစ်ပေမဲ့ သမီးကို လင်မပေးစားချင်တာနဲ့ မျက်နှာဖြူကြီးဟာ အမျိုးမျိုး ကန့်ကွက်ခဲ့တယ်၊ သမီးရဲ့အမွေပစ္စည်းတွေကို သူတို့ကိုခွဲပေးဖို့ လက်မှတ် ထိုးခိုင်းခဲ့တယ်၊ ဒါပေမဲ့ ဖခင်ရဲ့လောဘကိုသိတဲ့သမီးကလက်မှတ်



www.burmeseclassic.com

www.burmeseclassic.com



ထိုးမပေးဘူး၊ ဒီအခါမှာ မျက်နှာဖြူကြီးက ဒေါသအိုး ပေါက်ကွဲပြီးတော့ သမီးကို အခန်းထဲမှာ ပိတ်လှောင်ထားခဲ့တာပဲ''

ဟု ပြောရင်း သူ၏စကားကို ခဏရပ်ကာ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့သောက်ပြန်၏။

ကျွန်ုပ်နှင့် မရွှေမြိုင်သည် ဂျူဒါမင်းထင်၏စကားများကို စိတ်ဝင်တစား နားထောင်နေ၏။ ဂျူဒါမင်းထင်

'' မျက်နှာဖြူကြီးက သမီးကိုပိတ်လှောင်ထားရုံမကဘူး၊ သမီးဖြစ်သူနဲ့ သူ့ချစ်သူကိုခွဲဖို့ ကြံစည်ခဲ့တယ်၊ ဒါကြောင့် မရွှေမြိုင်ကို လစာမတန်တဆပေးပြီး သမီးနေရာမှာ ဟန်ဆောင်ခိုင်းတာပဲ၊ မရွှေမြိုင်ကို သမီးဖြစ်သူရဲ့ ဘိုဆန်ဆန် အဝတ်အစားတွေ ဝတ်ဆင်ခိုင်းခဲ့တယ်၊ ဘိုဆန်ဖို့အတွက်





အနှောင့်အယှက် ဖြစ်နေတဲ့ မြန်မာဆန်ဆန် ဆံပင်ရှည်ကြီးကိုလည်း ညှပ်ခိုင်းခဲ့တယ်၊ မရွှေမြိုင်ကို ပြတင်းပေါက်မှာ ကျောခိုင်းပြီး စာသင်ခိုင်းတာဟာ အပြင်ကလာချောင်းတဲ့ လူငယ်ကို သမီးဖြစ်သူနဲ့ အထင်မှားစေချင်လို့ပဲ၊ မရွှေမြိုင်ကို ပြတင်းပေါက်ကိုကျောခိုင်းထိုင်ပြီး စာတွေ ဖတ်ပြခိုင်းခဲ့တယ်၊ သူတို့ပြောတဲ့ ရယ်စရာတွေကို နားထောင်စေခဲ့တယ်၊ ဒီတော့ အပြင်ကလာကြည့်တဲ့လူငယ်ကို သမီးဖြစ်သူနဲ့ အထင်မှားသွားခဲ့တယ်၊ နောက်ပြီးတော့ မရွှေမြိုင်ကို လူငယ်လေးနဲ့ခွပ်ခွဲပြီး အိမ်ရှေ့ကထွက်သွားဖို့ လက်ဟန်ခြေဟန်နဲ့ မောင်းနှင်ခိုင်းခဲ့တယ်၊ မရွှေမြိုင်ကအကြိမ်ကြိမ် မောင်းနှင်ထုတ်ခဲ့တဲ့အတွက် လူငယ်ဟာ သူ့ချစ်သူက ငြင်းဆန်တယ်လို့ပဲ ထင်ခဲ့တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဒါတွေအားလုံးကို မျက်နှာဖြူကြီးက အကွက်ကျကျ စီစဉ်ထားခဲ့တယ်၊ နောက်ပိုင်းကိစ္စတွေကတော့ ကျုပ်အတွက် မခက်တော့ပါဘူး၊ ချစ်သူက အဆက်အသွယ်ဖြတ်တယ်ထင်ပြီး အသည်းကွဲနေတဲ့ အင်ဂျင်နီယာလေးနဲ့သွားတွေ့ ပြီး မျက်နှာဖြူကြီးရဲ့အကောက်ဉာဏ်တွေ ပြောပြလိုက်တယ်၊ စနေနေ့ည မျက်နှာဖြူလင်မယားအိမ်မှာမရှိတဲ့အချိန်မှာ သူ့ချစ်သူကို သွားကယ်ဖို့ ကျုပ်ပဲ စီစဉ်ပေးခဲ့တယ်၊ အခုလောက်ဆိုရင် ချစ်သူနှစ်ဦး ပျော်ရွှင်စွာ ပေါင်းဖက်နေပြီပေါ့ကွာ ”

ဟု ပြောလိုက်ရာ မရွှေမြိုင်က သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

“ ဝမ်းသာစရာပေါ့ရှင်၊ သူတို့နှစ်ဦးပေါင်းဖက်ဖို့အတွက်

—— ဓေတာနှာတာပေ ——



ကျွန်မ အလုပ်ပြုတ်ရကျိုးနပ်ပါတယ် ”

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က မရွှေမြိုင်ကိုကြည့်၍

“ မရွှေမြိုင်အတွက် ကျုပ်မိတ်ဆွေ ပွဲစားကြီးတစ်ဦးရဲ့ မြေးကို အင်္ဂလိပ်စာပြပေးဖို့ အလုပ်ရှိပါတယ်၊ ဒီအလုပ်ကို လက်ခံမယ်ဆိုရင် ပွဲစားကြီးနဲ့ ကျုပ်ဆုံပေးပါ့မယ် ”

ဟု ပြောလိုက်ရာ မရွှေမြိုင်၏မျက်နှာ ဝင်းလက်သွားပြီး

“ ကျေးဇူးတင်လိုက်တာရှင်၊ ဂျမဒါမင်းထင်က ကူညီရုံမကဘူး၊ အလုပ်တောင် ရှာပေးသေးတယ်၊ ဂျမဒါရဲ့ကျေးဇူးကို ကျွန်မ တစ်သက်မမေ့ပါဘူး ”

ဟု ပြောရင်း ဂျမဒါမင်းထင်၏အရှေ့မှ ဆင်မယဉ်သာဟန်လေးဖြင့် ထွက်ခွာသွားလေ၏။

—— ဓေတာနှာတာပေ ——

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်သည် မရွှေမြိုင်၏နောက်ကျောကိုကြည့်၍

" ဆုတောင်းကောင်းတဲ့ မိန်းကလေးပါပဲ "

ဟု တီးတိုးရေရွတ်နေလေ၏။

ဂျမဒါမင်းထင်ကမူ မည်သည့်စကားမှ မဆိုတော့ဘဲ စကော့တလန်မှထုတ်သော စုံထောက်စာအုပ်ကြီးကို စိတ်ဝင်တစား ဖတ်ရှုနေလေ၏။





တစ်နေ့သ၌ ကျွန်ုပ်နှင့်ဂျမဒါမင်းထင်သည် ကျိုက်ထီးရိုး ဘုရားသို့ သွားရောက်ဖူးမြော်ပြီးနောက် ကျိုက်ထိုဘူတာ၌ ရထားစောင့်နေစဉ် ကျွန်ုပ်၏သူငယ်ချင်းမောင်ဘဦးဆိုသူ ရောက်ရှိလာပြီး ကျွန်ုပ်ကို ဝမ်းသာအားရ နှုတ်ဆက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် မောင်ဘဦးသည် စစ်တပ်၌ စစ်မှုထမ်းစဉ်က တစ်ဦးနှင့်တစ်ဦး အသက်ပေး၍ချစ်ခင်သူများ ဖြစ်ကြ၏။

မောင်ဘဦးက ၎င်း၏ဖခင်သည် ရွာသူကြီးဖြစ်ကြောင်း ပြောပြီး ဤအရပ်သို့ရောက်တုန်းရောက်ခိုက် ရွာသို့အလည် လိုက်ရန် ဖိတ်ခေါ်လေ၏။

ကျွန်ုပ်သည် ဂျမဒါမင်းထင်၏သဘောကို မေးမြန်းလေရာ ဂျမဒါက

" ရန်ကုန်မှာ အမှုပါးနေတာနဲ့ အတော်ပါပဲဗျာ "

ဟု ပြောလေ၏။

မောင်ဘဦးသည် ကျွန်ုပ်တို့အလည်လိုက်မည်ဆိုသော အခါ ဝမ်းသာအားရဖြင့် ၎င်း၏ရွာသို့ ခေါ်သွား





လေ၏။

မောင်ဘဦးတို့ရွာသည် အိမ်ခြေငါးရာကျော်ရှိသော ရွာကြီးတစ်ရွာ ဖြစ်၏။ မောင်ဘဦးတို့မိသားစု၏ ကျွန်းအိမ်မည်းကြီးသည် ရွာလယ်၌ရှိပြီး မောင်ဘဦးသည် သူကြီးမင်း၏ တစ်ဦးတည်းသော သားဖြစ်၏။

မောင်ဘဦး၏ ဖခင် သူကြီးမင်းသည် ဥပဓိရုပ်ကောင်းပြီး နှုတ်ခမ်းမွေးကားကားကြီးလည်း ရှိ၏။

မောင်ဘဦးသည် ကျွန်ုပ်ကို မိတ်ဆက်ပေးရာ၌ စစ်မြေပြင်၌ အတူစစ်မှုထမ်းခဲ့ဖူးကြောင်း ပြောဆိုပြီး ဂျမဒါမင်းထင်နှင့် မိတ်ဆက်ပေးရာတွင် အလွတ်စုံထောက်တစ်ယောက်ဟု ဆိုလိုက်သဖြင့် သူကြီးမင်းသည် အထင်သေးဟန်ဖြင့် မသိ



www.burmeseclassic.com

www.burmeseclassic.com



မသာ နှုတ်ခမ်းမဲ့သွားလေ၏။

မောင်ဘဦး၏ဖခင် သူကြီးမင်းသည် အတော်အတန် ဗဟုသုတပြည့်စုံသူတစ်ဦး ဖြစ်၏။ မောင်ဘဦးသည် ကျွန်ုပ်တို့အား အိမ်ဝိုင်းအတွင်းရှိ အိမ်ငယ်လေး၌ လွတ်လပ်စွာ နေထိုင်စေ၏။

ထိုနေ့ည ထမင်းဝိုင်းသို့ရောက်သောအခါ မောင်ဘဦး၏ မိဘများဖြစ်သော သူကြီးမောင်နှံနှင့်အတူ ညစာစားသောက်ကြလေ၏။

သူကြီးမင်းသည် ထမင်းဝိုင်း၌ တစ်ချိန်လုံး အာပေါင်အာရင်းသန်သန်ဖြင့် အနီးအနားရွာများသို့တိုင် မိမိ၏အာဏာစက် ပြန့်နှံ့ကြောင်း ဂုဏ်ယူဝံ့ကြွားစွာ ပြောဆိုနေလေ၏။

——— စေတနာတာပေ ———



သူကြီးကတော်ကြီးကမူ စကားနည်းဟန်ရှိပြီး ငြိမ်သက်စွာ နားထောင်နေလေ၏။

မောင်ဘဦးသည် ညှော်ဇတ်ကျေပွန်သူတစ်ဦးဖြစ်ပြီး နောက်တစ်နေ့၌ ကျွန်ုပ်တို့အား လှေငယ်တစ်စီးဖြင့် ငါးမျှားထွက်ရန် စီစဉ်ပေးလေ၏။

ထိုသို့ငါးမျှားရင်း ငှက်ပစ်ရန် လေသေနတ်တစ်လက်ကို ယူဆောင်လာလေ၏။ ဂျမဒါမင်းထင်သည် ငါးမျှားခြင်းမပြုလုပ်ဘဲ အနီးပတ်ဝန်းကျင်ရှိ သဘာဝပတ်ဝန်းကျင်ကိုသာ လှေလာကြည့်ရှုနေလေ၏။

ကျွန်ုပ်တို့သည် နံနက်စာကို တော၌ပင်စားသောက်ပြီး ညစာကို အိမ်သို့ပြန်ပြီး စားသောက်လေ၏။

——— စေတနာတာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ညစာစားဝိုင်း၌ ကျွန်ုပ်က ဂျမဒါမင်းထင်သည် စစ်ရေး ပြင်၌ အလွန်ရဲစွမ်းသတ္တိရှိပြီး စကောဘာလန်ယဒ်၌ စုံထောက် အဖွဲ့ကြီးမှ နည်းနာများကို ထုံးလိုချေ ရေလိုနှောက်လိုကြောင်း ချီးမွမ်းခန်းဖွင့်လေရာ သူကြီးမင်းသည် ဂျမဒါမင်းထင်ကို အထင်ကြီးဟန်မရှိဘဲ

" မောင်ရင့်စကားကို ပိုလွန်းတယ်ထင်တယ်၊ ကျုပ်သိ သလောက် အမှုတစ်မှုဖြစ်ပြီဆိုရင် စုံထောက်ပညာက သိပ် အသုံးမဝင်ပါဘူး၊ မှန်ဘီလူးတွေ၊ ပေကြိုးတွေနဲ့ အချိန်ကုန်ခံမဲ့ အစား အမှုနဲ့ပတ်သက်တဲ့လူတွေကို လိုက်ပြီး စုံစမ်းမေးမြန်း လိုက်ရင် ပိုပြီးတော့ ထိရောက်လိမ့်မယ် "

ဟု ပြောလေရာ ဂျမဒါမင်းထင်သည် သူကြီးမင်း၏

—— စေတနာတပေ ——



စကားကို မတုံ့ပြန်ဘဲ ခေါင်းငုံ၍ ထမင်းကိုသာ စားသောက် နေလေ၏။

ထမင်းဝိုင်းပြီးနောက် လက်ဖက်ရည်ကြမ်းဝိုင်း၌ဆုံ လေရာ သူကြီးမင်းက ဂျမဒါမင်းထင်ကိုကြည့်၍

" မောင်ရင့်ရဲ့မိတ်ဆွေက အတော်ကိုမွှန်းသွားတာပဲ၊ မောင်ရင့်ရဲ့စုံထောက်ပညာက ဘယ်လောက်ရှိသလဲသိရအောင် ကျုပ်ကို နည်းနည်းအကဲခတ်ကြည့်ပါလား၊ ဘာတွေများတွေ့ လဲ သိရအောင် "

ဟု စိန်ခေါ်သော အမူအရာဖြင့် ပြောလိုက်လေ၏။

ထိုအခါ ဂျမဒါမင်းထင်က သူကြီးမင်းကို မျက်လုံးချင်း ဆုံအောင်ကြည့်၍

—— စေတနာတပေ ——

www.burmeseclassic.com

www.burmeseclassic.com



" စုံထောက်ပညာကို အထင်မကြီးတဲ့ သူကြီးမင်းကို စုံထောက်ပညာသက်သက်နဲ့ပဲ ပြောပါမယ်၊ အများကြီးတော့ မပြောနိုင်ဘူး၊ သူကြီးမင်းဟာ လွန်ခဲ့တဲ့တစ်နှစ်လောက်က အသက်အန္တရာယ်ကို အတော်စိုးရိမ်ခဲ့ပုံရတယ် "

ဟု ပြောလိုက်ရာ သူကြီးမင်းသည် ဂျမဒါမင်းထင်ကို အလွန်အံ့သြသောအမူအရာဖြင့် ကြည့်လိုက်လေ၏။

ပြီးနောက် သူကြီးမင်းက

" သိပ်မှန်တာပေါ့ကွာ၊ ဟိုဘက်ရွာကကောင်တွေကို ဓားပြမှုနဲ့သွားဖမ်းပြီး ထောင်ချဖို့ကြိုးစားခဲ့ဖူးတယ်၊ ဒါပေမဲ့ သက်သေမခိုင်လို့တော့ ဓားပြတွေလွတ်သွားတယ်၊ ဒီကောင်တွေ ကျုပ်ကို ရန်ငြိုးဖွဲ့ပြီး မသေသေအောင်သတ် မယ်လို့





ကြုံးဝါးခဲ့တယ်၊ ဒါကြောင့် ဒီကောင်တွေရန်ကိုစိုးရိမ်ပြီး အတော်သတိထားနေရတယ်ကွ၊ ဒါပေမဲ့ ဒီအချက်ကို မောင်ရင်ဘယ်လိုသိသလဲဆိုတာ တွေးလို့မရဘူး "

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်သည် သူကြီးမင်း၏ မျက်နှာကိုကြည့်၍

" ဒါမခက်ပါဘူးဗျာ၊ သူကြီးမင်းလက်ထဲမှာ အမြဲကိုင်ထားတဲ့ ကြိမ်တုတ်ကိုကြည့်ပြီး ခန့်မှန်းကြည့်တာပါ၊ ကြိမ်တုတ်ကိုကြည့်ရတာ သူကြီး တစ်နှစ်လောက်ပဲကိုင်တွယ်ပုံရသေးတယ်၊ ကြိမ်တုတ်ရဲ့အဖျားမှာ အပေါက်ဖောက်ပြီး ခဲသီးတပ်ထားတယ်၊ ဒါဟာ ရန်သူကို ကာကွယ်ဖို့အတွက် တပ်ထားတဲ့ သဘောပဲ၊ ဒီအချက်ကိုကြည့်ခြင်းအားဖြင့် လွန်ခဲ့တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်လောက်က သူကြီးမင်းမှာ ရန်သူရှိတယ်လို့ တွက်ချက်လို့ရတယ် ''

ဟု ပြောလေရာ သူကြီးမင်းက ခေါင်းတဆတ်ဆတ်ညိတ်၍

'' မောင်ရင့်ရဲ့ခန့်မှန်းချက်က မှန်ကန်ပါတယ်၊ ဒီပြင်ဘာများပြောလို့ရဦးမလဲ ''

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သက်ပြင်းချ၍

'' သူကြီးမင်းငယ်စဉ်က လက်ရှေ့သမား ဖြစ်ခဲ့တယ်ထင်တယ် ''

ဟု ပြောလိုက်ရာ သူကြီးမင်းက သဘောကျဟန်ဖြင့် ခေါင်းညိတ်၍

———— စေတနာစာပေ ————



'' ဟုတ်ပါတယ် မောင်ရင်၊ ကျုပ်ငယ်စဉ်က လက်ရှေ့ထိုးခဲ့ဖူးပါတယ်၊ ဘယ်လိုသိသလဲဆိုတာ ရှင်းပြပါဦး ''

ဟု မေးမြန်းလိုက်၏။ ဂျမဒါမင်းထင်က

'' သူကြီးမင်းရဲ့နားရွက်ကိုကြည့်ပြီး ပြောနိုင်ပါတယ်၊ လက်ရှေ့ပွဲပေါင်းများစွာ ထိုးသတ်ခဲ့ဖူးတဲ့သူတွေရဲ့ နားရွက်ဟာ နည်းနည်းထူနေတယ်၊ အလုပ်ကြမ်းလုပ်တဲ့သူတွေ အသားမာတက်နေရင် လက်အတွင်းပဲ တက်မယ်၊ သူကြီးမင်းက လက်အပြင်ဘက်မှာ အသားမာတက်နေတယ်၊ ဒါကြောင့် လက်ရှေ့သမားဖြစ်ရမယ်လို့ ကျွန်တော်ခန့်မှန်းတာပဲ ''

ဟု ပြောလိုက်ရာ သူကြီးမင်းသည် သဘောကျဟန်ဖြင့် ခေါင်းတဆတ်ဆတ်ညိတ်၍

———— စေတနာစာပေ ————

www.burmeseclassic.com

www.burmeseclassic.com



" တော်ပါပေတယ် မောင်ရင်ရယ်၊ နောက်ပြီး ဘာများ ပြောနိုင်သေးလဲ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က သူကြီးမင်း၏ မျက်နှာကိုကြည့်၍

" အရှင်နှစ်ပါး ပါတော်မမူခင် သူကြီးမင်းငယ်ငယ်က တော်တော်လေးဆိုးခဲ့ မိုက်ခဲ့တယ်ထင်တယ် "

ဟု ပြောလိုက်ရာ သူကြီးမင်းသည် မျက်နှာကွက်ခနဲ ပျက်သွားပြီး

" မှန်ပါပေတယ် မောင်ရင်ရယ်၊ မှန်ပါတယ် "

ဟု ပြောပြီး ငြိမ်သက်သွားလေ၏။

သူကြီးမင်းသည် ၎င်းနှင့်ပတ်သက်သော ထင်မြင်ချက်





များကို ဂျမဒါမင်းထင်ကိုမေးမြန်းရန် မဝံ့ရဲတော့ချေ။

ထမင်းစားပြီးနောက် ကျွန်ုပ်က

" သူကြီးမင်း ငယ်စဉ်က ဆိုးမိုက်ပုံကို ဂျမဒါ ဘယ်လို ပြောနိုင်တာလဲ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က

" သူကြီးမင်းရဲ့ လက်ဖျံမှာ ဆေးမင်ကြောင်တစ်ခုရှိတယ်ဗျ၊ ဒီဆေးမင်ကြောင်ဟာ မြန်မာဘုရင်တွေလက်ထက်က လူဆိုးဓားပြတွေကို ထိုးပေးလေ့ရှိတယ်ဗျ "

ဟု ပြောလိုက်ရာ ကျွန်ုပ်က ဂျမဒါမင်းထင်၏ မျက်စိအမြင် စူးရှပုံကို ချီးမွမ်းလိုက်လေ၏။

ကျွန်ုပ်တို့သည် နောက်တစ်နေ့သို့ရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



မောင်ဘဦးတို့ရွာမှ ပြန်ရန်ပြင်လေတော့၏။ သူကြီးမင်းသည် ကျွန်ုပ်တို့ပြန်ကာနီး၌ ဂျမဒါမင်းထင်ကို တလေးတစားလာ ရောက်ပြီး နှုတ်ဆက်၍

" မောင်ရင့်ကိုမြင်ကာစက အလွတ်စုံထောက်ဆိုပြီး အထင်လုံးဝမကြီးခဲ့ဘူး၊ ဒါကြောင့် ပညာစမ်းသလို ပြောခဲ့မိတာ ခွင့်လွှတ်ပါကွယ်၊ မောင်ရင့်ရဲ့မျက်စိအမြင် အင်မတန် ရှူးရောက်ပြီးတော့ စုံထောက်ပညာ အစွမ်းထက်ပါပေတယ်၊ မောင်ရင့်ရဲ့အစွမ်းနဲ့ဆိုရင် အလွတ်စုံထောက်အလုပ်နဲ့ အတော် အကျိုးပေးမှာပါ၊ နောင်လည်းအားတဲ့အချိန် ရွာကို အလည် လာခဲ့ပါဦး "

ဟု ဖိတ်ခေါ်လေ၏။





ကျွန်ုပ်တို့သည် သူကြီးမင်းတို့တစ်မိသားစုလုံးကို နှုတ်ဆက်၍ ကျိုက်ထိုဘူတာမှ ပြန်ခဲ့လေတော့၏။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့ ရန်ကုန်သို့ပြန်ရောက်ပြီး သုံးလခန့်အကြာ၌ *မောင်ဘဦးသည် ဂျမဒါမင်းထင်၏လိပ်စာအတိုင်း* ကျွန်ုပ်တို့ ထံသို့ ရောက်ရှိလာလေ၏။

မောင်ဘဦးသည် ဂျမဒါမင်းထင်ကိုမြင်သောအခါ အားကိုးတကြီး အမူအရာဖြင့်

" အဖေတော့ အသည်းအသန်ဖြစ်နေပြီဗျာ၊ အသက်ကို





မီပါ့မလား မသိဘူး "

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်ကမျက်မှောင်ကြုတ်၍

" ဘယ်လိုဖြစ်တာလဲဗျာ၊ ကျုပ်တို့တွေ့တုန်းက ခင်ဗျား အဖေဟာ မာမာချာချာကြီးပါ "

ဟု ပြောလိုက်လေ၏။ ထိုအခါ မောင်ဘဦးက စိတ်ပျက်အားငယ်သောအမူအရာဖြင့်

" ဒီအကြောင်းတွေကိုပြောပြီး အကူအညီတောင်းချင်လို့ ရန်ကုန်အထိ လိုက်လာတာပဲဗျ၊ ကျုပ်အဖေဟာ ခင်ဗျားတို့ ပြန်တဲ့အချိန်အထိ ကျန်းမာရေးအကောင်းကြီးပါဗျာ၊ တစ်နေ့မှာ ဘာဘူဆိုတဲ့ လူကြီးတစ်ယောက် မမျှော်လင့်ဘဲ အိမ်ကိုရောက်လာတယ်၊ ဘာဘူက ရုပ်ရည်ကြမ်းတမ်းပြီးတော့ ရိုင်းပျတဲ့



www.burmeseclassic.com

www.burmeseclassic.com



အမူအရာမျိုးရှိလို့ ကျုပ်တို့တစ်အိမ်လုံး သူ့ကိုသဘောမကျဘူး၊ ဒီလူကြီးဟာ ကျုပ်အဖေကို မြင်မြင်ချင်း မနာလိုတဲ့အမူအရာနဲ့ ကြည့်ပြီး ခင်ဗျားကတော့ ကောင်းကောင်းနေ ကောင်းကောင်း စားပြီး ကျန်းမာဝဖြိုးနေတာပဲ၊ ကျုပ်ကတော့ မြင်တဲ့အတိုင်းပဲ၊ ဆင်းရဲတွင်းနက်လွန်းလို့ ရုပ်က စုတ်ပြတ်နေပြီ၊ ခင်ဗျားနဲ့ ဖြိုးကြီးကတော့ စားဝတ်နေရေး အတော်ချောင်လည်ပုံရတယ်၊ ကျုပ်ကဆင်းရဲနွမ်းပါးနေပြီမို့ ခင်ဗျားတို့နှစ်ယောက်ဆီမှာပဲ ကပ်ရပ်ပြီး စားသောက်ရမှာပဲလို့ပြောတော့ ကျုပ်အဖေ သူကြီး ဟာ မျက်စိမျက်နှာပျက်သွားတယ်၊ ဒါပေမဲ့ ဟန်ဆောင်ပြီး သူငယ်ချင်းဝတ္တရားမပျက်ဘဲ ဆက်ဆံနေတယ်၊ ဒီအချိန် ကစပြီး ဘာဘူဆိုတဲ့ အရိုင်းအစိုင်းလူကြီးဟာ ကျုပ်တို့အိမ်မှာ





အခန့်သားနေတော့တာပဲဗျို့၊ ကျုပ်ကတော့ ဒီလူကြီးရဲ့ အလိုက်မသိတတ်တဲ့ အပြုအမူတွေကို မုန်းတီးလွန်းလို့ မောင်းချဖို့ ကြံစည်ခဲ့တယ်၊ ကျုပ်အဖေသူကြီးက သည်းခံဖို့ အကြိမ်ကြိမ် သတိပေးနေလို့ ငြိမ်နေလိုက်ရတယ်၊ တစ်နေ့တော့ ဘာဘူဆိုတဲ့ လူကြီးဟာ အဖေ့ကို စော်စော်ကားကား စကား တွေပြောနေလို့ ကျုပ်လက်ပိုက်ကြည့်မနေနိုင်တော့ဘဲ 'ဟေ့လူကြီး၊ ခင်ဗျား မိုက်ရိုင်းလှချည်လား၊ အိမ်က ထွက် သွားစမ်း' ဆိုပြီး မောင်းထုတ်လိုက်တယ်၊ ဒီလူကြီးက ကျုပ် စကားကိုကြားတာနဲ့ 'မလောက်လေး မလောက်စား ကောင်လေး၊ ငါ့ကို ဘာကောင်များ အောက်မေ့သလဲ' ဆိုပြီး ဆိုးမယ် ကြိတ်မယ်လုပ်တယ်၊ ကျုပ်လည်း ဒေါသကို ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှထိန်းလို့မရတော့ဘူး၊ ဒီလူကြီးကို လက်သီးနဲ့ နှစ်ချက် သုံးချက် ဆင့်ထိုးလိုက်တာ မျက်နှာမှာ သွေးချင်းချင်းနီ သွားတယ်၊ ကျုပ်အဖေကတော့ ဒီလောက်ရိုင်းစိုင်းတဲ့လူကြီးကို တောင်းပန်နေသေးတယ်၊ ဘာသူခိုတဲ့လူကြီးကတော့ ကျုပ်ကို အတော်ဖြူသွားပြီး 'မင်းတို့ သားအဖ ငါ့အကြောင်း ကောင်းကောင်းသိစေရမယ်' လို့ ကြုံးဝါးပြီး အိမ်ပေါ်က ဆင်းသွားတယ်၊ ဒီတော့မှကျုပ်တို့အိမ်ဟာ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံသွားတယ် "

ဟု ပြောရင်း၊ သူ၏စကားကို ခဏရပ်နားလိုက်၏။

ကျွန်ုပ်က မောင်ဘဦးအတွက် ရေတစ်ခွက်ခပ်ပေးလိုက်ရာ အာခြောက်ဟန်ဖြင့် အငမ်းမရ သောက်နေလေ၏။

မောင်ဘဦးက ဆက်လက်၍





" ဒီလူကြီး ကြုံးဝါးသွားပြီးတဲ့နောက်မှာ ကျုပ်အဖေဟာ မစားနိုင် မအိပ်နိုင်နဲ့ တစ်စုံတစ်ရာကို ထိတ်လန့်နေသလို ဖြစ်နေတယ်၊ အရက်တွေလည်း ပြန်သောက်လာတယ်၊ အဖေဟာ စိတ်ညစ်နေလို့ အရက်သောက်ပြီး လက်ရှိဘဝကို မေ့ဖို့ ကြိုးစားပုံရတယ်၊ ဒီလိုနဲ့ ရက်အနည်းငယ်ကြာ တော့ အဖေ နည်းနည်းပြန်ပြီးတည်ငြိမ်လာတယ်၊ သူ့စိတ်သူ ပြန်ပြီး ထိန်းချုပ်လာနိုင်ပုံရတယ်၊ ဒါပေမဲ့ အဖေ့ဆီကို လူကြီးနဲ့ စာတစ်စောင်ရောက်လာတဲ့နောက်ပိုင်းမှာ အဖေဟာ ဆောက်တည်ရာမရဖြစ်သွားတယ်၊ တစ်စုံတစ်ဦးကို ထိတ်လန့်နေတဲ့ ပုံစံနဲ့ အခန်းတံခါးပိတ်ပြီး အပြင်ကိုမထွက်တော့ဘူး၊ အဖေဟာ အမေ့ကိုတောင် လက်ခံမတွေ့တော့ဘဲ အခန်းထဲမှာပဲ ပုန်း



www.burmeseclassic.com

www.burmeseclassic.com



အောင်းပြီး ဘယ်သူကိုမှမတွေ့ချင်ဘူးလို့ အော်ဟစ်နေတယ်၊ နောက်တော့ အဖေ အသံတိတ်သွားလို့ တံခါးကိုဖျက်ပြီး ဝင်ကြည့်တော့ အဖေသတိလစ်နေတာ ဒီနေ့အထိပါပဲ၊ ကျွန်တော်တော့ ဘယ်လိုမှကြံစည်လို့မရတော့တဲ့ နောက်ပိုင်း အကူအညီ ရလိုရငြား ခင်ဗျားတို့ဆီ ထွက်လာ ခဲ့တာပဲ ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ ခင်ဗျားအဖေဆီကိုရောက်လာတဲ့ စာကို ကြည့်လို့ရမလား ”

ဟု မေးမြန်းလိုက်၏။ မောင်ဘဦးက ခေါင်းညိတ်၍

“ ပါပါတယ် ခင်ဗျာ၊ လိုရမယ်ရ စာကိုယူလာပါတယ်၊ ဒါပေမဲ့ ရေးထားတဲ့အဓိပ္ပါယ်က ဘာမှန်းမသိဘူး၊ အရူးတစ်





ယောက် ရေးထားသလိုပဲ၊ ဟောဒီမှာပါ ”

ဟု ဆိုကာ ဂျမဒါမင်းထင်အား စာရွက်တစ်ရွက် ကမ်းပေးလိုက်၏။

ဂျမဒါမင်းထင်က စာရွက်ကိုကြည့်လိုက်ရာ အောက်ပါအတိုင်း အဓိပ္ပါယ်မဲ့ရေးသားထားသည်ကို တွေ့ရ၏။

“ ဘာလို့လဲ ဘုကြီးရယ်၊ ယုတ်ဆိုး ကျွန်းမာလာပါပြီ၊ သတင်းစာ တိ မီးရထား ”

ကျွန်ုပ်က အဓိပ္ပါယ်မဲ့ရေးသားထားသောစာများကို ကြည့်၍

“ စိတ်မနှံ့တဲ့လူတစ်ယောက် ရေးထားသလိုပဲ၊ ဂျမဒါ ဘယ်လိုထင်သလဲ ”



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က

" ဝှက်စာနဲ့ ရေးထားတာဗျ၊ တစ်ယောက်နဲ့တစ်ယောက် သတိပေးလိုက်တာ "

ဟု ပြောလိုက်၏။ မောင်ဘဦးက ဂျမဒါမင်းထင်ကို စိတ်ဝင်စားစွာဖြင့်

" ဘာအဓိပ္ပါယ်တွေလဲဗျ "

ဟု မေးမြန်းလေ၏။ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" ဝှက်စာရဲ့အဓိပ္ပါယ်ကို ကျုပ် အေးအေးဆေးဆေး ဖော်ကြည့်ပါမယ်၊ ကျုပ်တို့ သူကြီးမင်းရဲ့ရွာကို သွားကြမယ် အသက်မီလို မီငြားပေါ့ဗျာ "

—— ဧဝံ ဘာ ဂ တ ပေ ——



ဟု ပြောကာ ကွမ်းခြံဘူတာကြီးသို့သွားပြီး ကျိုက်ထိုမြို့သို့ တက်ခဲ့လေ၏။

ကျိုက်ထိုသို့ရောက်သောအခါ မောင်ဘဦးတို့ရွာသို့ နွားလှည်းဖြင့် ခရီးဆက်ကြ၏။

ရွာထိပ်သို့ရောက်လျှင် ဂျမဒါမင်းထင်ကခေါင်းခါယမ်း၍

" စိတ်မကောင်းစရာဗျာ၊ ကျုပ်တို့ နောက်ကျသွားပြီ "

ဟု တိုးတိုးရေရွတ်လိုက်လေ၏။

သူကြီးမင်း၏အိမ်သို့ရောက်သောအခါ ရွာသူရွာသားများ စုဝေးနေကြောင်း တွေ့ရ၏။

သူကြီးကတော်ကြီးက မောင်ဘဦးကိုမြင်လျှင် ဝမ်းပန်းတနည်း ဆီးကြိုပွေ့ဖက်၍

—— ဧဝံ ဘာ ဂ တ ပေ ——

www.burmeseclassic.com

www.burmeseclassic.com



“ အမလေး... မင်းအဖေ ကျေးဇူးရှင်ကြီးမရှိတော့ဘူး သားရဲ့ ”

ဟု အော်ဟစ်ပြီး ငိုယိုလေ၏။ သူကြီးမင်း ယနေ့နံနက်၌ ဆုံးပါးသွားကြောင်း သိလိုက်ရ၏။

ကျွန်ုပ်တို့ အလာကောင်းသော်လည်း အခါနှောင်းသွားချေပြီ။

ဂျမဒါမင်းထင်သည် အိမ်ဦးခန်း၌ထိုင်၍ သူကြီးမင်းထံသို့ အဝေးမှရောက်ရှိလာသော ဝှက်စာကိုဖတ်ရှုကြည့်နေ၏။

ကျွန်ုပ်က စိတ်ဝင်စားစွာဖြင့်

“ အဓိပ္ပါယ်ဖော်ဖို့ရသလား ဂျမဒါ ”

ဟု မေးမြန်းလိုက်ရာ ဂျမဒါမင်းထင်က





“ ဝှက်စာဖော်ရတာ လွယ်လွယ်လေးပါဗျာ၊ ဝါကျရှေ့ဆုံးကနေ နှစ်လုံးစီကျော်ပြီးတော့ ဖတ်သွားရင် ဘာဘူ ယုတ်မာပြီ၊ သတိထားဆိုတဲ့အဓိပ္ပါယ်ရတယ်၊ ဘာဘူဆိုတာ မောင်ဘဦး မောင်းနှင်လိုက်တဲ့လူကြီးလေ၊ သူတို့ အချင်းချင်းတစ်ယောက်နဲ့တစ်ယောက် သတိပေးတဲ့စာပဲဗျ၊ ဒီစာကိုကြည့်ခြင်းဖြင့် သူကြီးမင်းဟာအရင်တုန်းက မကောင်းမှု ဒုစရိုက်အလုပ်တွေနဲ့ မကင်းဘူးဆိုတာသက်သေပြနေတယ် ”

ဟု ပြောလေ၏။ ထိုအခိုက်မှာပင် သူကြီးကတော်ကြီးက ကျွန်ုပ်တို့အနီးသို့ ရောက်လာပြီး

“ သူကြီးမင်းဆုံးကာနီးမှာ နောက်ဆုံးအနေနဲ့ သတိပြန်လည်လာသေးတယ်၊ သတိပြန်လည်လာတဲ့အချိန်မှာ သူ့ဘဝနဲ့



www.burmeseclassic.com

www.burmeseclassic.com



ပတ်သက်တာတွေကို မှတ်တမ်းရေးထားတယ်၊ ခုတင်အောက်က သံသေတ္တာထဲမှာ၊ ယူကြည့်ပေတော့လို့ ပြောတယ် ”

ဟု ဆိုလိုက်ရာ မောင်ဘဦးသည် ခုတင်အောက်ရှိ သံသေတ္တာရှိရာသို့သွားပြီး သေတ္တာကိုဖွင့်လိုက်ရာ အနက်ရောင်သားရေဖုံးစာအုပ်တစ်အုပ်ကို တွေ့ရလေ၏။

ထိုစာအုပ်ကို ဂျမဒါမင်းထင်၏လက်သို့အပ်၍

“ ကျုပ်တော့ စိတ်ဆင်းရဲလွန်းလို့ ဒီမှတ်တမ်းကို မဖတ်ချင်သေးဘူး၊ ဂျမဒါမင်းထင်ပဲ ဖတ်ကြည့်ပါ ”

ဟု ပြောလေ၏။

ဂျမဒါမင်းထင်က အနက်ရောင်သားရေဖုံးစာအုပ်ကို ဖွင့်ကြည့်လိုက်သောအခါ





“ဂျုကြီး ဦးရွှေထန်း၏မှတ်တမ်း”

ကျွန်ုပ် ဂျုကြီးဦးရွှေသန်းသည် ဘဝနိဂုံးအဆုံးမသတ်မီ နောင်းလူတို့ သတိသံဝေဂရရှိစေရန် ရည်သန်၍ ဤ မှတ်တမ်းကြီးကို ရေးသားခဲ့လေ၏။ ကျွန်ုပ်၏ဆိုးဝါးလှသော နောက်ကြောင်းရာဇဝင်ကို ယနေ့ထက်တိုင် ဖုံးဖိထားခြင်းမှာ အများပြည်သူတို့ ရှုတ်ချခံရမှာ စိုးရိမ်သောကြောင့် လည်းကောင်း၊ မင်းအစိုးရ၏ ဖမ်းဆီးအပြစ်ပေးခြင်းကို ကြောက်ရွံ့ခြင်းကြောင့်လည်းကောင်း မဟုတ်ပါ။ ကျွန်ုပ်၏ချစ်လှစွာ သော သားမောင်ဘဦး ကျွန်ုပ်အပေါ် အကြည်ညိုပျက်သွားမှာစိုးရွံ့သောကြောင့်ပင် ဖြစ်၏။ သို့သော် သားဖြစ်သူ ဤစာကိုဖတ်ရှုနေချိန်၌ ကျွန်ုပ် ဘဝတစ်ပါး သို့ရောက်ရှိသွားပြီဖြစ်သဖြင့် မျက်နှာပူစရာ မရှိတော့ချေ။

ကျွန်ုပ်တို့မျိုးရိုးစဉ်ဆက်တလျှောက်လုံး မင်းအစိုးရကို



www.burmeseclassic.com

www.burmeseclassic.com



တော်လှန်ပုန်ကန်ခဲ့သူများဖြစ်၏။ ထွန်းဝိတ်၏အဘိုးသည် မြန်မာ ဘုရင် လက်ထက်က တောပုန်းကြီးငမြဲဟူသော အမည်ဖြင့် ကျော်ကြား၏။ ထွန်းဝိတ်၏အဖေမှာလည်း အဘိုး၏အမွေကို ဆက်ခံ၍ တောပုန်းကြီး မောင်မှန်ဟူသောဘွဲ့ကို ရယူထားလေ၏။ ထွန်းဝိတ်၏လက်ထက်သို့ရောက် သောအခါ အရှင်နန်းစံပါး ပါတော်မူသော အချိန်ကာလနှင့်တိုက်ဆိုင်နေပြီး ထွန်းဝိတ်သည်ဗြိတိသျှအစိုးရကို ပုန်ကန်သော တောပုန်းခေါင်းကြီး ဖြစ်ခဲ့ပြန် ၏။ ဗြိတိသျှအစိုးရသည် မြန်မာပြည်အနှံ့ တော်လှန်တိုက်ခိုက်သော မျိုးချစ်များကို နှစ်ပေါင်းများစွာ ခက်ခက်ခဲခဲ နှိမ်နင်းခဲ့ကြ၏။ ဗြိတိသျှ တို့သည် အိန္ဒိယမှ ကုလားစစ်ပုလိပ်များကို ခေါ်ယူ၍ တိုက်ခိုက်ခဲ့ရာ ထွန်းဝိတ်တို့ တော်လှန်ရေးတပ်သား များ အထိနိုက် အကျအဆုံးများလှ၏။ ထွန်းဝိတ်တို့ တော်လှန် ရေးတပ်ဖွဲ့များသည် ကုလားစစ်ပုလိပ်များ၏ လိုက်လံတိုက်ခိုက်





မှုကြောင့် ပုဇဉ်း၍ မြန်မာပြည်အရပ်ရပ်သို့ ခြေရာဖျောက်ခဲ့ရလေ၏။ ထိုသို့ခြေရာဖျောက်ရင်း ထွန်းဝိတ်နှင့်ဘကျော် ဖြိုးကြီး ဟူသော သူငယ်ချင်း သုံးယောက်သည် ရှမ်းပြည်နယ်ဘက်ရှိ မြို့ကလေးတစ်မြို့၌ တိမ်းရှောင် နေလေ၏။ ထိုသို့တိမ်းရှောင်ရင်း ထွန်းဝိတ်က တရုတ်လူမျိုး သွားဆိုက်ဆရာဝန် တစ်ဦးထံ၌ တပည့်အဖြစ်ဝင်ရောက်လုပ်ကိုင်လေ၏။ ဘကျော်သည် ခေါက်ဆွဲဆိုင်တစ်ဆိုင်၌ စားပွဲထိုးအဖြစ် ဝင်ရောက်လုပ်ကိုင်၏။ ဖြိုးကြီးမှာမူ ရှမ်းလူမျိုးသားအဖတော်ပွဲရုံတစ်ရုံ၌ ဝင်ရောက်လုပ်ကိုင်လေ၏။

ထိုသို့လုပ်ကိုင်ရင်း မကြာသကာလ ထိုသလိုပင် ထွန်းဝိတ်တို့ သုံးဦးသည် တောင်ပေါ်ဘုရားအနီးရှိဇရပ်၌ ဆုံတွေ့ကြလေ့ရှိ၏။ ထိုသို့တွေ့ဆုံရင်း ငွေရပေါက်ရလမ်းများကို ဆွေးနွေးကြလေ၏။

တစ်နေ့သ၌ ထွန်းဝိတ်သည် တရုတ်လူမျိုးသွားဆိုက်ဆရာ၏



www.burmeseclassic.com

www.burmeseclassic.com



ကျိုးပျက်ချက်တစ်ခုကို မမျှော်လင့်ဘဲ သိရှိရလေ၏။ ထိုကျိုးပျက်ချက်မှာ သွားစိုက်ဆရာ၌ ကျိုးပျက်စွာ စုဆောင်းထားသော ငွေစက္ကူများ သေတ္တာနှင့်အပြည့်ရှိနေ၏။ သွားစိုက်ဆရာသည် သူ၏ပစ္စည်းများကို အိမ်အနောက်ဘက် မြေကွက်လပ်၌ မြှုပ်နှံထားလေ၏။

ထိုအကြောင်းကို ဘွန်ဒ်၏ဒိုက်တိတ်တိတ်များကို ပြောပြလိုက်ရာ လူစိုက်များအားလုံးက ဝမ်းသာအားရဖြင့် သွားစိုက်ဆရာ၏သေတ္တာကိုဖို့၍ မြို့မှထွက်ပြေးရန် ဆုံးဖြတ်ကြ၏။

ဘွန်ဒ်တို့သည် လမိုက်သတစ်ည၌ ဆုံတွေ့ကြပြီး သွားစိုက်ဆရာ၏ခြံအနောက်၌ ငွေစက္ကူသေတ္တာကို တူးယူခဲ့လေ၏။ ထိုအချိန်မှာပင် ဘွန်ဒ်တို့လူစု၏ မီးအိမ်အလင်းရောင် ကို သွားစိုက်ဆရာမြင်တွေ့သွားပြီး သူခိုး သူခိုးဟု ကျယ်လောင်စွာ အော်ဟစ်လေ၏။





ထိုအချိန်မှာပင် ပတ္တာရောင်လှည့်သော ပုလိပ်အဖွဲ့သည် သွားစိုက်ဆရာ၏ခြံသို့ အပြေးအလွှား ရောက်ရှိလာကြ၏။ ဘွန်ဒ်တို့လူစုသည် သွားစိုက်ဆရာ၏ခြံထဲမှ ကမူးရှူးထိုး ပြေးထွက်ကြလေ၏။ သို့သော် ခြံထိပ်မှာပင် ပတ္တာရောင်ပုလိပ်များ နှင့် ထိပ်တိုက်တွေ့ပြီး ဘွန်ဒ်တို့ကို ဖမ်းဆီးခြင်း ခံရလေ၏။

ဘွန်ဒ်တို့ကို ပုလိပ်များ ဖမ်းဆီးရမိပြီးနောက် ယခင်က အမှုဟောင်းများပေါ်ပေါက်လာပြီး ရုံးတော်က ထောင် ဒဏ် ၁၀ နှစ်စီ အပြစ်ဒဏ်ချမှတ်ခြင်း ခံရလေ၏။

ဤသို့ဖြင့် ဘွန်ဒ်တို့သည် ထားဝယ်ထောင်၌ အပြစ်ဒဏ်ချမှတ်ခြင်း ခံရလေ၏။ ထိုကြောင့် ဘွန်ဒ်တို့အား ထားဝယ် ထောင်သို့ပို့ရန်စက်လှေ တစ်စီးပေါ်သို့ ပုလိပ်အစောင့်အရှောက် သုံးယောက်နှင့်အတူ တင်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ ပုလိပ်များသည် ကျွန်ုပ်တို့သုံးယောက်ကို လက်ထိပ်ခတ်ပြီး စက်လှေ၏အခန်း တစ်ခန်းထဲ၌ ချုပ်နှောင်ထားလေ၏။

အခန်းဝ၌ ပုလိပ်သားတစ်ယောက် အစောင့်ချထားသဖြင့် ကျွန်ုပ်တို့ထွက်ပြေးရန် မဖြစ်နိုင်ချေ။ ကျွန်ုပ်တို့လူစုသည် ထောင်ဒဏ်နှစ်ရှည်ကျခံရသဖြင့် စိတ်ဓာတ်ကျဆင်းပြီး အခန်းထဲ၌ အိပ်စက်နေလေ၏။

စက်လှေကြီး ပင်လယ်ထဲသို့ရောက်ပြီး တစ်ရက်ပြည့်သော အချိန်၌ လေပြင်းမုန်တိုင်းနှင့်ကြုံလေ၏။ စက်လှေကြီး သည် ပင်လယ်ပြင်၌ မုန်တိုင်းဒဏ်ကို အလူးအလဲခံရလေ၏။ မကြာမီ ကျွန်ုပ်တို့စက်လှေကြီး ဘေးဒုက္ခနှင့်ကြုံတွေ့ရပေတော့မည်။ ပုလိပ်များသည် ကြောက်လန့်နေသဖြင့် ငိုယိုပြီး ကျွန်ုပ်တို့ အကျဉ်းသားများကို ဂရုစိုက်နိုင်ခြင်းမရှိတော့ချေ။



မကြာမီ ကြီးမားသော လှိုင်းလုံးကြီးတစ်လုံး ရိုက်ခတ်ပြီး စက်လှေကြီးတိမ်းမှောက်သွားလေ၏။ ကျုပ်တို့သုံးယောက်စလုံး ရေကူးကျွမ်းကျင်သူများဖြစ်သဖြင့် ပင်လယ်ပြင်၌ အတော်အတန် ကူးခတ်နိုင်လေ၏။

ထိုသို့ကူးခတ်ရင်း လူသုံးဦးဖက်တွယ်နိုင်သော ပျဉ်ပြားကြီးတစ်ချပ် မျောပါလာသဖြင့် ထိုပျဉ်ပြားကြီးကို ကျွန်ုပ်တို့ ဖက်တွယ်လိုက်ကြ၏။

လေမုန်တိုင်းသည် အတန်ကြာအောင် သဲကြီးမဲကြီး တိုက်ခတ်ပြီးနောက် ရပ်တန့်သွားပြီးလှိုင်းလေငြိမ်သက်သွား လေ၏။ မိုးသည်ကြည်လင်သာနေပြီဖြစ်၏။

ကျွန်ုပ်တို့သုံးယောက်သည် ပျဉ်ပြားကြီးကို အတူတကွ ဖက်တွယ်၍

www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ထဲတွင် နာရီပေါင်းများစွာ ပျော်ပါးနေကြ၏။ ထိုသို့ပျော်ပြီးနောက် ကံကောင်းထောက်မစွာဖြင့် ကျွန်း တစ်ကျွန်းသို့ ရောက်ရှိသွားလေ၏။ ကျွန်ုပ်တို့အားလုံး ကျွန်း၏သောင် ပြင်၌ ပက်လက်လှန်၍ နားနေကြပြီး အမောပြေသောအခါ ကျွန်းအနှံ့ လိုက်လံ ကြည့်ရှုကြ၏။ ထိုသို့ကြည့်ရှုရင်း ကျွန်းပေါ်၌ ငှက်ပျောပင်များ သစ်သီးများရှိနေသဖြင့် ကျွန်ုပ်တို့လူစုအတွက် စားရေးသောက် ရေး အဆင်ပြေနေလေ၏။

ထိုသို့ဖြင့် ကျွန်ုပ်တို့လူစုသည် ကျွန်းပေါ်၌ ရက်ပေါင်း များစွာ သောင်တင်နေလေ၏။

တစ်နေ့သ၌ ကျွန်ုပ်တို့လူစုသည် ကျွန်းပေါ်၌တွေ့ရသော လိုဏ်ဂူကြီးတစ်လုံးထဲသို့ အမှတ်တမဲ့ ဝင်ရောက်ကြည့်ရှုလေရာ ပင်လယ် ဓားပြများ၏ ရတနာသေတ္တာကြီးတစ်လုံးကို မမျှော်လင့်ဘဲ တွေ့ရလေ၏။

---



ရတနာသေတ္တာသည် ကျောက်တုံးကြီးတစ်တုံး၏ အနောက်၌ရှိ လေ၏။ ကျွန်ုပ်တို့သည် လက်မောင်းသုံးလုံးခန့်ရှိ သော သစ်ပင်များကို နုတ်၍ ကျောက်တုံးကြီးကို ကော် ထုတ်လိုက်၏။ ထိုအခါ ကျောက်တုံး ကြီးအနောက်၌ ပင်လယ် ဓားပြများ ဖွက်ထားသော ရတနာသေတ္တာကို တွေ့ရလေ၏။

ကျွန်ုပ်တို့သည် ရတနာသေတ္တာထဲရှိ ပစ္စည်းများကို ဝမ်းသာအားရ ထုတ်ကြည့်ကြလေ၏။ ပြီးနောက် ကျွန်ုပ်တို့လွတ်မြောက်မည့်အချိန်၌ ရတနာများကို အညီအမျှ ခွဲဝေယူရန်လည်း ကတိသစ္စာပြုကြလေ၏။

တစ်နေ့တွင် ငါးဖမ်းသင်္ဘောတစ်စီး ကျွန်ုပ်တို့ကျွန်းအနီးသို့ ဖြတ်သန်းသွားသဖြင့် ကျွန်ုပ်တို့က မီးပုံကြီးဖို၍ အချက်ပြ လေရာ ငါးဖမ်းသင်္ဘောသည် ကျွန်ုပ်တို့ထံသို့လာ၍ ကျွန်ုပ်တို့ကို ကယ်တင်သွားလေ၏။

---

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထွန်းပိတို့လူစုသည် မြန်မာပြည် အနှံ့အပြား ရွာကြီးတစ်ရွာသို့ ရောက်ရှိခဲ့လေ၏။ ထွန်းပိတို့သည် ထိုရွာကြီး၌ လမ်းခွဲရန်ဆုံးဖြတ်လိုက်ကြ၏။ ထွန်းပိတို့ လမ်းခွဲကာနီးတွင် ပင်လယ်ဓားပြများ၏ရတနာများကို သုံးပုံပုံ၍ အညီအမျှ ခွဲဝေ ယူလိုက်ကြ၏။ ထိုအချိန်မှစ၍ ထွန်းပိသည် ကောင်းရောင်း ကောင်းဝယ် လုပ်ကိုင်စားသောက်ရန် ဆုံးဖြတ်ချက်ချလိုက်၏။

ထို့ကြောင့် ထွန်းပိသည် ကျိုက်ထိုနယ်ဘက်၌ သစ်လုပ်ငန်းကို လုပ်ကိုင်ရင်း သူကြီးသမီး ဒေါ်ချော့မေနှင့် အကြောင်းပါခဲ့၏။

နှစ်အနည်းငယ်ကြာသော် သူကြီးကွယ်လွန်ပြီး သားယောက်ျား သမီးမရှိသဖြင့် ထွန်းပိသည် သူကြီးရာထူးကို လက်ခံ ရရှိခဲ့လေ၏။

ထွန်းပိ သူကြီးဖြစ်ပြီးနောက် ထွန်းပိတို့လူစုထဲမှ ဖြိုးကြီး နှင့်





ပြန်လည်တွေ့ရှိလေ၏။ ဖြိုးကြီးသည်လည်း ထွန်းပိကဲ့သို့ ကောင်းရောင်းကောင်းဝယ်အလုပ်ကို လုပ်ကိုင်စားသောက်နေ လေ၏။ ကျန်သော ဘဘူဆိုသူမှာ လူဆိုးဓားပြအလုပ်ကိုပင် ပြန်လည်လုပ်ကိုင်နေကြောင်း သိရ၏။

ထွန်းပိနှင့်ဖြိုးကြီးသည် ဘဘူကို လူဆိုးဓားပြအလုပ်အား စွန့်လွှတ်က ကောင်းရောင်းကောင်းဝယ်လုပ်ကိုင်စားသောက် စေလို၏။ မကြာမီမှာပင် ဘဘူကို ဖမ်းဆီးခံရကြောင်း ကြားရပြီး ကစ်ကျွန်း၌ အပြစ်ဒဏ်ခံရကြောင်း သိရ၏။

ထို့ကြောင့် ထွန်းပိတို့သည် နှစ်ပေါင်းများစွာ ဘဘူ၏ သတင်းကို မကြားရတော့သဖြင့် ဘဘူ သေဆုံးသွားပြီဟု ယူဆမိ၏။ သို့သော် ဘဘူသည် မှန်ခဲ့သောရက်က ထွန်းပိ၏အိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရှိလာပြီး ဥစ္စာစီးပွား ချောင်လည်နေသော ကျွန်ုပ်အား မလိုတမာ ဟန်ဖြင့် ဝေဖန် ကြခဲ့လေ၏။

ကျွန်ုပ်သည် ဘာဘူရောက်သည့်အချိန်မှစ၍ စိတ်ဆင်းရဲ ခြင်း ကြီးစွာခံစားရလေ၏။ ကျွန်ုပ်၏မှတ်တမ်းကြီးမပြီးမီ သား ဖြစ်သူကို မှာကြားလိုသည်မှာ လောက၌ မကောင်းမှုစရိုက် အလုပ်ကို လုပ်ကိုင်သူသည် မည်မျှပင် ဥစ္စာစီးပွားချောင်လည် စေကာမူ ကိုယ်ဆင်းရဲစွာဖြင့် နေထိုင်ရပြီး နောက်ဆုံး၌ အတိ သိမ်းမကောင်းသော ဝဋ်ဆင်းရဲကြီးစွာ နေထိုင်ရပေမည်။

ထိုအကြောင်းကို သားဖြစ်သူသတိသံဝေဂရစေရန် ဤမှတ်တမ်း ကြီးကို ရေးမှတ်ခြင်း ဖြစ်လေ၏။

သူကြီး ဦးရွှေသန်း

ကျွန်ုပ်တို့သည် သူကြီးဦးရွှေသန်း၏ မှတ်တမ်းကြီးကို





ဖတ်ရှုပြီး စိတ်မကောင်းခြင်းကြီးစွာဖြင့် ဦးဘဦးကို နှုတ်ဆက်ပြီး ရန်ကုန်မြို့သို့ပြန်ခဲ့ကြလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် ကျိုက်ထိုရွာမှ ပြန်လာခဲ့ပြီးနောက် ရန်ကုန်မြို့၌နေထိုင်စဉ် ဂျမဒါမင်းထင်သည် ကျွန်ုပ်အား သတင်းစာတစ်စောင်ကို ကမ်းပေးလေ၏။

သတင်းစာထဲတွင်ပါရှိသော သတင်းမှာ သံဖြူဇရပ်၌ ရာဘာခြံလုပ်ငန်းများကို လုပ်ကိုင်နေသော သူဌေး ဦးဖြိုးကြီးသည် ရာဘာတောအတွင်း၌ လူတစ်ဦးနှင့် အပြန်အလှန်





တိုက်ခိုက်ပြီး နှစ်ဦးစလုံး သေဆုံးသွားသည်ဟု ရေးသားထား၏။

ဦးဖြိုးကြီးနှင့် တိုက်ခိုက်ပြီး သေဆုံးသွားသူသည် မည်သူမည်ဝါဟူ၍ အတိအကျမသိကြောင်း ဖော်ပြထားလေ၏။

ဂျမဒါမင်းထင်က သတင်းစာဖတ်ရှုနေသော ကျွန်ုပ်အား ကြည့်၍

" ရာဘာခြံသူဌေး ဦးဖြိုးကြီးနဲ့ တိုက်ခိုက်တဲ့သူကတော့ ဘာဘူဆိုတဲ့ ဓားပြကြီးပဲဗျ၊ အခုတော့ သူတို့အားလုံး ခေတ်သိမ်းသွားပြီပေါ့ "

ဟု စိတ်မကောင်းဟန်ဖြင့် ပြောဆိုနေလေ၏။

ထိုနေ့ညနေသို့ရောက်သောအခါ ကျွန်ုပ်နှင့် ဂျမဒါမင်းထင်သည် တရုတ်တန်းရှိ ဟိုတယ်ကြီးတစ်ခု၌ ညစာကို



www.burmeseclassic.com

www.burmeseclassic.com



သွားရောက်စားသောက်လေ၏။

ထိုသို့စားသောက်နေစဉ်မှာပင် ကျွန်ုပ်တို့၏စားပွဲဝိုင်းသို့ မိန်းမလှလေးတစ်ဦး ရောက်ရှိလာပြီး သူမက

" ကျွန်မကို ထိုင်ခွင့်ပြုပါနော် "

ဟု ခွင့်တောင်းလိုက်ရာဂျမဒါမင်းထင်က ခေါင်းညိတ်၍

" ထိုင်ပါဗျာ၊ ကျုပ် ဘာကူညီရမလဲ "

ဟု မေးမြန်းလိုက်လေ၏။ ထိုအခါ မိန်းမလှက ကျွန်ုပ်တို့၏စားပွဲဝိုင်း၌ ဝင်ထိုင်၍

" ကျွန်မ ဂျမဒါမင်းထင်ရဲ့အိမ်ကို ရောက်ခဲ့ပြီးပါပြီ၊ တံခါးဝမှာ တရုတ်ဟိုတယ်မှာ ညစာစားနေတယ်ဆိုတဲ့ စာကပ်ထားတာကြောင့် လိုက်လာခဲ့တာပါ "





ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က သူမ၏မျက်နှာကို ကြည့်၍

" ဒါကြောင့်လည်း ယုန်တံဆိပ်ဘတ်စ်ကားစီးပြီး လိုက်လာခဲ့တယ် ထင်တယ်၊ ဘယ်လိုအကြောင်းကိစ္စများ ပေါ်လို့လဲဗျာ "

ဟု မေးမြန်းလိုက်ရာ မိန်းမလှက မျက်နှာညှိုးငယ်စွာဖြင့်

" ကျွန်မနာမည် မမြသွေးလို့ ခေါ်ပါတယ်၊ အင်းစိန်ဘိုကုန်းက အုတ်တိုက်နိမ့်ကြီးမှာ ပထွေးရဲ့အုပ်ထိန်းမှုနဲ့ နေထိုင်ပါတယ်၊ ကျွန်မတို့မှာ ညီအစ်မနှစ်ယောက်ရှိပေမဲ့ လွန်ခဲ့တဲ့နှစ်ကပဲ အစ်မဆုံးပါးသွားခဲ့တယ်၊ အစ်မဆုံးတာ သွေးရိုးသားရိုး မဟုတ်ဘူးရှင့်၊ သူတစ်ပါးရဲ့ပယောဂတစ်ခုကြောင့် သေဆုံး



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့ထင်ပါတယ်၊ ကျွန်မ ဂျူမဒါမင်းထင်ဆီကို ရောက်လာတာ ထိတ်လန့်တုန်လှုပ်လွန်းလို့ ရောက်လာတာပါ၊ ကျွန်မအစ်မသေသလို ကျွန်မသေမှာ သိပ်ကြောက်တယ် "

ဟု ပြောလိုက်လေ၏။ ဂျူမဒါမင်းထင်က သက်ပြင်းချ၍

" ဘယ်လိုကြောက်စရာတွေတွေ့လို့လဲဗျာ၊ ကျုပ်တစ်ယောက်လုံး ရှိပါတယ်၊ ဒီလောက်လည်း မကြောက်ပါနဲ့ "

ဟု အားပေးစကား ပြောဆို၏။ သူမက ဆက်လက်၍

" ကျွန်မအစ်မ သေဆုံးရတာ လက်ထပ်ကာနီးမှ ဖြစ်သွားတာရှင့်၊ အစ်မအကြောင်း ပြန်တွေးရင် ရင်နင့်စရာသိပ်ကောင်းတယ်၊ အစ်မဆုံးကာနီးမှာ ကျွန်မအခန်းကိုလာပြီး လေချွန်သံတိုးတိုးလေးကြားတယ်လို့ ခဏခဏ ပြောတတ်





တယ် "

ဟု ပြောလိုက်ရာ ဂျူမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" လေချွန်သံ ဟုတ်လား၊ ဘယ်လိုကြားရတာတုန်း "

ဟု မေးမြန်းလိုက်လေ၏။ မမြသွေးက တုန်လှုပ်ခြောက်ခြားဟန်ဖြင့်

" တစ်ညတော့ သန်းခေါင်အချိန်မှာ အစ်မက ကျွန်မအခန်းတံခါးကိုလာခေါက်ပြီး ငါ့နားထဲမှာ လေချွန်သံကြားရတယ်၊ ညီမလေး လေချွန်သံ မကြားမိဘူးလားလို့မေးတော့ ကျွန်မက လေချွန်သံမကြားမိကြောင်း ပြောခဲ့တယ်၊ ကျွန်မအစ်မက ဒီလိုလေချွန်သံမျိုးကို မကြာခဏကြားရတာ သုံးလေးညလောက်ရှိပြီလို့ ပြောတယ်၊ လေချွန်သံက အိမ်ရဲ့အနောက်



www.burmeseclassic.com

www.burmeseclassic.com



ကလိုလို၊ အရှေ့ကလိုလိုနဲ့ ခွဲခြားလို့မရဘူးလို့ပြောတယ် ''

ဟု ပြောလိုက်ရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

'' မမြသွေးတို့ညီအစ်မက တစ်ခန်းတည်းအတူမအိပ်ဘူးလား ''

ဟု မေးမြန်းလိုက်၏။ မမြသွေးက ခေါင်းခါယမ်း၍

'' ကျွန်မတို့ညီအစ်မက တစ်ယောက်တစ်ခန်းစီ အိပ်ကြတာပါ၊ အစ်မက လေချွန်သံကြားတဲ့အချိန်ကစပြီး ထိတ်လန့်လို့ ပြတင်းပေါက်တွေနဲ့ အခန်းတံခါးကို ပိတ်ပြီးအိပ်တယ် ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က

'' ညတိုင်းသော့ခတ်ပြီး အိပ်လေ့ရှိသလား ''



ဟု မေးမြန်းလိုက်လေ၏။ မမြသွေးက ခေါင်းညိတ်၍

'' ညီအစ်မနှစ်ယောက်စလုံး ညစဉ်သော့ခတ်ပြီး အိပ်လေ့ ရှိပါတယ်၊ ဘာကြောင့်လဲဆိုတော့ အမေဆုံးပြီးတဲ့နောက် ပိုင်း ပထွေးက ကျွန်မတို့ညီအစ်မကို စောင့်ရှောက်ခဲ့ပေမဲ့ ပထွေးက ပထွေးပါဘဲ၊ အိမ်ကြီးတစ်အိမ်တည်းမှာ ပထွေးတစ်ယောက်နဲ့ အတူအိပ်ရတဲ့ ညီအစ်မနှစ်ယောက်ဟာ လုံခြုံမှု မရှိပါဘူး ''

ဟု ပြောလေရာ ဂျမဒါမင်းထင်က

'' လေချွန်သံကြားတဲ့အကြောင်း ဆက်ပါဦး ''

ဟု မေးမြန်းလိုက်၏။ မမြသွေးက ဆက်လက်၍

'' အဲဒီညက ကျွန်မလည်း တော်တော်နဲ့အိပ်မပျော်ဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ရင်ထဲမှာ လေးနေပြီး တစ်ခုခုဖြစ်တော့မယ်လို့ ထင်နေမိတယ်၊ ကျွန်မ မေးခန်းအိပ်ပျော်ကာနီးမှာ ရှုးရှုးဝါးဝါးအော်လိုက်တဲ့ အသံကြားရတယ်၊ ကျွန်မလည်း အိပ်ရာနံဘေးက မီးအိမ်ကို ထွန်းပြီး အခန်းထဲက ပြေးထွက်ခဲ့တယ်၊ ကျွန်မအခန်းထဲက ထွက်ထွက်ချင်း လေချွန်သံလို အသံမျိုးကြားရပြီး ချွင်ခနဲမြည်တဲ့ အသံတစ်ခုကိုလည်း ကြားလိုက်ရသလိုပဲ၊ ဒီအချိန်မှာပဲ အစ်မရဲ့အိမ်ခန်းတံခါးပွင့်လာပြီး အခန်းထဲက ဒယိမ်းဒယိုင်နဲ့ ထွက်လာတဲ့ အစ်မကို တွေ့လိုက်ရတယ်၊ ကျွန်မက အစ်မကို စိုးရိမ်တကြီး ပြေးပွေ့လိုက်တော့ အစ်မဒူးတွေခွေယိုင်ပြီး ကွက်ကျားကြီး၊ ကွက်ကျားကြီးလို့ အော်ဟစ်ပြီး ကြမ်းပေါ်ကို ပြိုလဲကျသွားတယ်၊ ကျွန်မလည်း စိုးရိမ်တကြီးနဲ့ အဖေ…





အဖေ လာပါဦး၊ အစ်မ ဘာဖြစ်သလဲ မသိဘူးဆိုပြီး ပထွေးဖြစ်သူကို အော်ဟစ်ပြီး ခေါ်ရတယ်၊ အစ်မကတော့ လဲကျသွားတဲ့အချိန်ကစပြီး သတိပြန်မလည်လာတော့ဘဲ တစ်ခါတည်း အသက်ပျောက်သွားတာပါပဲရှင် ”

ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

“ မမြသွေး အိပ်ခန်းထဲကထွက်လိုက်တော့ လေချွန်သံလိုလိုအသံနဲ့ ချွင်ခနဲမြည်တဲ့အသံကို ကြားရတယ်ဆိုတာ သေချာသလား ”

ဟု မေးမြန်းလေ၏။ မမြသွေးက ခေါင်းညိတ်၍

“ သေချာပါတယ်ရှင်၊ ပုလိပ်တွေမေးတုန်းကလည်း ကျွန်မ ဒီလိုပဲ အစစ်ခံခဲ့ပါတယ် ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလေရာ ဂျမဒါမင်းထင်က မျက်မှောင်ကြုတ်၍

" မမြသွေးအစ်မရဲ့ ကိုယ်ခန္ဓာမှာ ဘာတွေ့သလဲ "

ဟု မေးမြန်းလေ၏။ မမြသွေးက

" အစ်မကိုယ်မှာ ညဝတ်အင်္ကျီပါးပါးလေး ဝတ်ဆင်ထားပြီး လက်မှာ မီးခြစ်ဘူးကိုကိုင်ထားပါတယ်၊ သူကြုံတွေ့ရတဲ့ အန္တရာယ်ကို မီးအိမ်ထွန်းကြည့်ဖို့ မီးခြစ်ကိုင်ထားတာဖြစ်မယ် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က သူမ၏စကားကို စိတ်ဝင်စားစွာ နားထောင်၍

" မမြသွေးအစ်မကို စစ်ဆေးတဲ့ပုလိပ်တွေက ဘယ်လိုမှတ်ချက်ချသလဲ "





ဟု မေးမြန်းလေ၏။ မမြသွေးက သက်ပြင်းချ၍

" သူတို့လည်း အစ်မကို သေသေချာချာ စစ်ဆေးကြတယ်၊ ကိုယ်ခန္ဓာမှာ ဘာဒဏ်ရာမှ မတွေ့ဘူး၊ အစ်မရဲ့အိပ်ခန်းတစ်ခုလုံးကိုလည်း အသေးစိတ်စစ်ဆေးကြတယ်၊ ဒါပေမဲ့ သံသယဖြစ်စရာ မတွေ့ရဘူး၊ အခန်းတံခါးကို သော့ခတ်ပြီးအိပ်တဲ့အတွက် အသက်အန္တရာယ်ပြုမဲ့လူလည်း မဝင်နိုင်ပါဘူး၊ နောက်ဆုံးတော့ သံသယဖြစ်စရာမရှိတဲ့အတွက် အမှုကိုပိတ်လိုက်ရတာပါပဲရှင် "

ဟု ပြောလေ၏။ ဂျမဒါမင်းထင်က မမြသွေး၏မျက်နှာကို ကြည့်၍

" မမြသွေးအစ်မဆုံးတာ ဘယ်လောက်ကြာပြီလဲ "



www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်ရာ မမြသွေးက

" အစ်မဆုံးတာ တစ်နှစ်ကျော်ပါပြီရှင်၊ ရက်လတွေကြာပေမဲ့ ကျွန်မတို့မှာ မေ့လို့မရသေးပါဘူး "

ဟု ပြောလေ၏။

ထိုအခါ ဂျာမဒါမင်းထင်က

" မမြထွေး လေချွန်သံကြားတာ ဘယ်အချိန်ကလဲ "

ဟုမေးမြန်းလိုက်၏။

မမြထွေးက ထိတ်လန့်တုန်လှုပ်ဟန်ဖြင့်

"လွန်ခဲ့တဲ့ ညနှစ်နာရီလောက်ကပါ၊ ကျွန်မအစ်မသေဆုံးတဲ့ ညကကြားရတဲ့ လေချွန်သံမျိုးပါ၊ အစ်မက လေချွန်သံကြားပြီး ခဏကြာတော့ သေဆုံးခဲ့ရတယ်၊ ကျွန်မလည်း





ဒီလိုဖြစ်မှာ သိပ်ကြောက်ပြီး ဂျာမဒါမင်းထင်ဆီကို လာခဲ့တာပါ။ ညကကျွန်မအိပ်တဲ့အခန်းက အစ်မအိပ်ခဲ့တဲ့အခန်းပါပဲ"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

"သေဆုံးသွားတဲ့အစ်မရဲ့အခန်းကို ဘာဖြစ်လို့ပြောင်းအိပ်တာလဲ"

ဟုမေးမြန်းလေ၏။

မမြထွေးက တုန်လှုပ်သော အမူအရာဖြင့်

"ကျွန်မအခန်းဘက်က မိုးနည်းနည်း ယိုလို့ရှင်၊ ခေါင်မိုးသွပ်ပြားလဲဖို့အတွက် အစ်မအခန်းမှာ ပြောင်းပြီး နေခဲ့တာပါ၊ အခန်းပြောင်းတာ တစ်လလောက်ရှိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

"အခန်းပြောင်းကာစက လေချွန်သံမကြားရဘူးလား"

ဟုမေးမြန်းလေ၏။ မမြသွေးက ခေါင်းခါယမ်း၍

"မကြားရပါဘူးရှင့် ညကမှ လေချွန်သံကို ပီပီသသကြီး ကြားလိုက်ရတာပါ၊ ကျွန်မအစ်မဟာ လေချွန်သံကြားပြီး ခဏအကြာမှာ သေဆုံးခဲ့လို့ ကျွန်မလဲ သေရမယ်ထင်ပြီး အလွန်ထိတ်လန့်သွားပါတယ်၊ ဒါကြောင့် ဂျာမဒါမင်းထင်ဆီကို လာခဲ့တာပါ"

ဟုပြောလေ၏ ဂျာမဒါမင်းထင်က ဆက်လက်၍

"မမြသွေး အစ်မဆုံးကာနီးတုန်းက ကွက်ကျားကြီး





ကွက်ကျားကြီး လို့ ဆိုခဲ့တယ်နော် ဘာကြောင့်လို့ ထင်သလဲ"

ဟုမေးမြန်းလိုက်၏ မမြသွေးက ခေါင်းခါယမ်း၍

"ကျွန်မတွေးလို့မရပါဘူး၊ အစ်မသေဆုံးရတာ ပယောဂပ္ပုဂ္ဂလတစ်ပုဒ်လိုပါပဲ၊ အစ်မသေရတာ အဆိပ်များ မိလို့လားလို့ထင်မိတယ်။ ဒါပေမဲ့ ဆရာဝန်တွေက အလောင်းကိုစစ်ဆေးကြည့်တာ အဆိပ်မိတဲ့ လက္ခဏာ မတွေ့ရဘူးတဲ့၊ ကျွန်မအထင်တော့ အစ်မဟာ တစ်စုံတစ်ရာကို ကြောက်လန့်ပြီးသေတယ်ထင်ပါတယ်။ ကျွန်မလဲ ဒီလိုဖြစ်မှာ အရမ်းကြောက်နေမိတယ်၊ အစ်မသေဆုံးတာ တစ်နှစ်ကျော်တော့ ကျွန်မလည်း အထီးကျန်ဘဝနဲ့မနေနိုင်တော့တာနဲ့ အိမ်ထောင်ပြုဖို့ကြံရွယ်ခဲ့သေးတယ်၊ ကျွန်မရဲ့ ပတွေးကလည်း ကန့်



www.burmeseclassic.com

www.burmeseclassic.com



ကွက်မှုမရှိတာနဲ့ ဝါကျွတ်ရင် မင်္ဂလာဆောင်ဖို့တောင်ကြံစည်ထားပါတယ်၊ ညကလေချွန်းသံကြားကြားချင်း ကျွန်မသွေးဖျက်မတတ်ဖြစ်သွားတယ်။ အခန်းတံခါးတွေကို လုံအောင်ပိတ်ပြီးတော့ မိုးမြန်မြန်လင်းပါစေလို့ ဆုတောင်းနေရတယ်၊ ကျွန်မအခက်အခဲကို ကူညီပါဦးရှင့်"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က မမြသွေး၏မျက်နှာကိုကြည့်၍

"မမြသွေး ပထွေးနဲ့ ပက်သက်တာတွေကို နည်းနည်းပြောပြပါဦး"

ဟုမေးမြန်းလိုက်လေ၏။ မမြသွေးက ခေါင်းညိတ်၍

"ကျွန်မအမေက မိုးကုတ်သူ၊ ပထွေးက ရန်ကုန်သား





မိုးကုတ်မှာနေတုန်း အဖေဆုံးတော့ အမေက ကျွန်မကို လက်ဆွဲပြီး ရန်ကုန်ကို ဆင်းလာခဲ့တယ်၊ ရန်ကုန်ကိုရောက်တော့ ပထွေးနဲ့တွေ့ပြီးလက်ထပ်ခဲ့တာပဲ၊ ပထွေးဟာ အလုပ်အကိုင်မရှိပေမဲ့ ကျွန်မအမေ မိုးကုတ်ကပါလာတဲ့ ရတနာတွေကြောင့်မတောင့်မတာဘဲ စားသောက်နိုင်ခဲ့တယ်၊ အမေက မြန်မာပြည့်အန္တရာယ်ရှုံးထွက်ရင်း ပုလိပ်ရောဂါရပြီး အသက်ဆုံးခဲ့ရတယ်၊ အမေဆုံးတော့ လက်ဝတ်ရတနာတွေရယ်၊ ဆီစက်၊ ဆန်စက်တွေရယ် ကျန်ရစ်ခဲ့တယ်၊ ပထွေးက ဆီစက်ဆန်စက်တွေကိုရောင်းချင်နေပေမဲ့ကျွန်မတို့ညီအစ်မက သဘောမတူတဲ့အတွက်ရောင်းလို့မရဘူးဖြစ်နေတယ်"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ဂျာမဒါမင်းထင်က သူမ၏ စကားကိုနားထောင်၍

"မမြထွေးရဲ့ကိစ္စက အတော်အရေးပါနေပြီ၊ ဒါကြောင့် မမြထွေးရဲ့ အိမ်ကို ပထွေးဖြစ်သူမသိစေဘဲ ကျုပ်တို့စစ်ဆေးချင်တယ်၊ မမြထွေးစီစဉ်ပေးနိုင်မလား"

ဟုမေးမြန်းလိုက်ရာ မမြထွေးက ခေါင်းညိတ်၍

"အဆင့်သင့်လိုက်တာရင် မနက်ဖြန် ပထွေးအိမ်မှာ မရှိဘူး၊ ညောင်တုန်းက ဆန်စက်ဆီကို သွားမလို့ရှင့်၊ ဒီအချိန် ဂျာမဒါမင်းထင်တို့ လာရင် အဆင်ပြေနိုင်ပါတယ်"

ဟုပြောလေ၏ မမြထွေးပြန်သွားသော အခါ ကျွန်ုပ်က ဂျာမဒါမင်းထင်ကို ကြည့်၍

"မမြထွေးအမှုကို ဂျာမဒါမင်းထင်ဘယ်လိုထင်သလဲ"





ဟုမေးမြန်းလေ၏။ ဂျာမဒါမင်းထင်က သက်ပြင်းချ၍

"ဒီအမှုဟာ တော်တော်ကို သွေးအေးအေးနဲ့ ကြံစည်ထားတဲ့ အမှုပဲဗျ၊ လူမရှိတဲ့ အခန်းထဲက လေချွန်သံကြားရတယ်၊ ချင်ခနဲမြည်တဲ့ အသံတစ်ခုလည်း ကြားတယ် ဒီအသံတွေကြားပြီး မိန်းကလေးတစ်ယောက် အထိတ်တလန့်နဲ့ ပြေးလာပြီး ကွက်ကျားကြီး ကွက်ကျားကြီး လို့အော်တယ် ဒါတွေအားလုံးဟာ စဉ်းစားစရာ အချက်တွေပဲဗျ"

ဟုပြောလေရာ ကျွန်ုပ်ကလည်း ဝင်ရောက်၍

"ဟုတ်ပါဗျာ၊ အခန်းထဲမှာ ဘယ်သူမှလည်း မရှိဘူး အခန်းတစ်ခုလုံးကိုလဲ လုံခြုံအောင် သော့ခတ်ထားတယ်၊ မိန်းကလေးဟာ အဆိပ်မိတဲ့ လက္ခဏာလည်းမရှိဘူး၊ ဒါဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဘယ်သူသတ်သွားတာလဲ၊ မမြသွေးပြောသလို တစ်ခုခုကို ထိတ်လန့်ပြီး သေဆုံးရတယ်ဆိုရင် ဘာကို ထိတ်လန့်တာလဲ၊ မိန်းကလေးထိတ်လန့်တဲ့အရာက ဘာဖြစ်လို့သော့ခတ်ထားတဲ့ အခန်းထဲရောက်နေတာလဲ၊ သူထိတ်လန့်တဲ့ဆိုတာ ပျောက်ကျားကြီး ပျောက်ကျားကြီးဆိုတာ ဘာကို ဆိုလိုတာလဲ စဉ်းစားစရာတွေ အများကြီးပါဗျာ''

ဟုပြောလိုက်၏။ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

''လူသတ်မှုဟာ မမြသွေးရဲ့ ပထွေးနဲ့ ပက်သက်နေနိုင်တယ် ဘာကြောင့်လဲဆိုတော့ မမြသွေးရဲ့ အစ်မဟာ လက်ထပ်ကာနီးမှာ အသက်ဆုံးခဲ့ရတယ်၊ မမြသွေးလဲ အထီးကျန်ဘဝနဲ့ မနေနိုင်လို့ လက်ထပ်တော့မယ်လို့ ကြံစည်တယ်၊ဒီလိုကြံစည်





လိုက်တာနဲ့ အန္တရာယ်နဲ့တွေ့တော့တာပဲ''

ဟုပြောလေ၏။ ဂျာမဒါမင်းထင်၏ စကားကြောင့် ကျွန်ုပ်က

''စည်းစိမ်ဥစ္စာတွေ လိုချင်တက်မက်စိတ်နဲ့ ပထွေးဖြစ်သူက အကောက်ကြံတာလည်း ဖြစ်နိုင်တာပဲ၊ ဘာကြောင့်လဲဆိုတော့မမြသွေးတို့ ညီအစ်မနှစ်ယောက် အိမ်ထောင်ပြုသွားရင် ပထွေးရဲ့ စည်းစိမ်ဥစ္စာတွေကို လက်လွှတ်ဆုံးရှုံးရမယ်လေ''

ဟုမှတ်ချက်ချလေ၏။ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

''မနက်ဖြန်ဆိုရင် အကြောင်းတစ်ခုထူးမှာပဲ ကျုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



အမြန်သွားမှ ဖြစ်မယ်။ နောက်ကျသွားရင် မမြသွေးရဲ့ အသက်အန္တရာယ်ကို တောင်ထိခိုက်သွားနိုင်တယ်”

ဟုပြောလိုက်လေတော့၏။



ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်သည် နောက်တစ်နေ့သို့ ရောက်သောအခါ မမြသွေး နေအိမ်ရှိရာ အင်းစိန်သို့ ရောက်ရှိခဲ့လေ၏။ မမြသွေးသည် ကျွန်ုပ်တို့ကို မြင်သောအခါ မျက်နှာဝင်းပသွားပြီး

“ဂျာမဒါတို့ကို မြင်တော့ ကျွန်မရင်ထဲမှာ အလိုလို နေရင်း အားဟှေပြည့်ဝသွားသလို ခံစားရတယ်။ ဝမ်းသာလိုက်တာရှင်”

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေ၏။ ကျွန်ုပ်တို့သည် အိမ်ကြီးထဲသို့ ဝင်ရောက်ခဲ့၏။ အိမ်ကြီးသည် ရှေးဆန်ဆန် ဆောက်လုပ်ထားသော အုတ်တိုက်နီကြီးဖြစ်၏။

ဂျာမဒါမင်းထင်သည် အိမ်ကြီးထဲသို့ မဝင်မီ ခြံဝန်းထဲသို့ တစ်ပတ်လှည့်ကြည့်လေ၏။ ကျွန်ုပ်တို့ အိမ်ကြီးထဲသို့ ရောက်သွားသောအခါ ရှေးကျသော အိမ်ထောင်ပရိဘောဂများနှင့်ပြင်ဆင်ထားသဖြင့် ပိုမို၍ရှေးဆန်သယောင် ခံစားရလေ၏။

မမြသွေးသည် ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်အား အိမ်ကြီး၏ အပေါ်ထပ်သို့ ခေါ်ဆောင်သွားပြီး အိမ်၏ညာဘက်ခြမ်း၌ရှိသော သူမ၏ အိပ်ခန်းကို ပြသလေ၏။

ထိုအခန်း၌ အိမ်ခေါင်မိုးရှိ သွပ်တစ်ချပ်လှန်ထားသည်





မှလွဲ၍ အခန်း၏ ကြမ်းခင်းများ ခိုင်မာတောင့်တင်းလှ၏။ ကျွန်ုပ်တို့သည် မမြသွေး အစ်မနေထိုင်သောအခန်းကို ဝင်ရောက်ကြည့်ရှုရာ မှန်တင်ခုံ၊ အဝတ်ဗီရို စသည်ဖြင့် အခန်းတစ်ခုလုံးသပ်သပ်ရပ်ရပ် ရှိလေ၏။

ဂျာမဒါမင်းထင်က အိပ်ခန်းကို မျက်လုံးဝေ့ကြည့်၍

"ထမင်းချက်အဒေါ်ကြီး မရှိဘူးလား"

ဟုမေးမြန်းလိုက်ရာ မမြသွေးက

"အဒေါ်ကြီး ရွာကို ခဏပြန်သွားပါတယ်"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်သည် မမြသွေး၏ အခန်းတစ်ခန်းလုံးကို ကြမ်းခင်းများ နံရံများပါမကျန် စေ့စေ့စပ်စပ်ကြည့်ရှုလေ၏။ ဂျာမဒါမင်းထင်က မမြသွေး၏ အခန်း



www.burmeseclassic.com

www.burmeseclassic.com



နံရံကို လက်ဖြင့်ခေါက်၍

"တစ်ဖက်ခန်းမှာ ဘယ်သူနေသလဲ"

ဟုမေးမြန်းလေရာ မမြသွေးက

"ကျွန်မ ပထွေးရဲ့ အိပ်ခန်းပါ"

ဟုပြောလေ၏။

ဂျာမဒါမင်းထင်က မမြသွေး၏ ခုတင်အနီးသို့ ခေါင်မိုးမှ တွဲလျောင်းကျနေသောအနီရောင်ပိုးကြိုးကို ကြည့်၍

"ဒီကြိုးစက ဘာအတွက် ထားတာလဲ"

ဟုမေးမြန်းလေ၏။ ထိုအခါမမြသွေးက

"အရေးအကြောင်းရှိရင် ထမင်းချက် အဒေါ်ကြီးကို ခေါ်ဖို့ စီစဉ်ထားတာပါ၊ ဒီကြိုးစကို ဆွဲလိုက်ရင် အိမ်အနောက်





က ခေါင်းလောင်းမြည်သွားတယ်"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က ကြိုးစ၏ အဆုံးကို ကြည့်လိုက်သောအခါ နံရံတစ်ဖက်ရှိ အပေါက်ထဲသို့ ဝင်သွားကြောင်းတွေ့ရ၏။ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

"ကြိုးစက မမြသွေးပထွေးရဲ့ အခန်းထဲကို ဝင်နေပါလား"

ဟုမေးမြန်းလိုက်ရာ မမြသွေးက

"ကျွန်မပထွေးကလဲ လိုအပ်ရင် ကြိုးစဆွဲပြီး ထမင်းချက်အဒေါ်ကြီးကိုခေါ်ဖို့ စီစဉ်ထားတာပါ"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က အနီရောင်ပိုးကြိုးလေးကို ဆွဲကြည့်သော်လည်း မည့်သည့်ခေါင်းလောင်းသံမျှ



www.burmeseclassic.com

www.burmeseclassic.com



မကြားရသဖြင့် မျက်မှောင်ကြုတ်လိုက်ရာ မမြသွေးက

"ဒီကြိုးစတပ်ထားပေမဲ့ ဘယ်သူမှ မဆွဲဖြစ်တာ ကြာ

ပြီ၊ ကျွန်မကိုယ်တိုင်လဲ အရေးအကြောင်းရှိရင် ထမင်းချ

အခေါ်ကြီးကို ပါးစပ်နဲ့ ခေါ်လိုက်တာပဲ၊ ကြိုးစကို မဆွဲတ

ကြာလို့ ခေါင်းလောင်းလည်းမရှိတော့ဘူးနဲ့ တူတယ်"

ဟုပြောလေ၏။ ထို့နောက် မမြသွေး၏ ပထွေး အခ

ဘက်သို့သွားရောက်ကြည့်ရှုလေ၏။

ပထွေး၏ အခန်းမှာ မမြသွေးအခန်းကဲ့သို့ ခုတင်မျာ

ဗီရိုများစနစ်တကျရှိလေ၏။ ဂျာမဒါမင်းထင်သည် ခု

နံဘေးရှိသံသေတ္တာပေါ်တွင်တင်ထားသော ပန်းကန်ပြား

ကိုကြည့်၍





"နွားနို့ပန်းကန်လေးပဲ၊ မမြသွေးတို့အိမ်မှာ ကြောင်မွေး

ထားသေးသလား"

ဟုမေးမြန်းလေ၏။ မမြသွေးက ခေါင်းခါယမ်း၍

"အိမ်မှာကြောင်မရှိပါဘူး ဒီအိမ်မှာ ဘယ်တိရစ္ဆာန်မှ

မရှိဘူးရှင့်"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်သည် နံရံ၌ ချိတ်ဆွဲ

ထားသော ကြိုးတစ်ချောင်းကိုကြည့်ရှုလေရာ ကြိုးစ၏

တစ်ဖက်ကို ကွင်းလျှောတစ်ခုပြုလုပ်ထားကြောင်းတွေ့ရ၏။

ဂျာမဒါမင်းထင်သည် အတန်ကြာအောင် မျက်မှောင်

ကြုတ်၍ စဉ်းစားလိုက်ပြီး မမြသွေး၏ မျက်နှာကို ကြည့်ကာ

ဒီမှာ မမြသွေးတို့ အိမ်က အခြေအနေတွေက ကျုပ်ထင်



www.burmeseclassic.com

www.burmeseclassic.com



တာထက်အများကြီးပိုဆိုးနေပြီ၊ ကျုပ်ကို ယုံကြည်တယ်ဆိုရင် ကျုပ်ပြောသလို တိတိကျကျလိုက်နာပါ''

ဟုပြောလိုက်၏။

မမြသွေးက ခေါင်းတဆတ်ဆတ်ညိတ်၍

''ယုံကြည်ပါတယ်ရှင် ဂျာမဒါမင်းထင်ရဲ့ စကားကို လိုက်နာပါ့မယ်''

ဟုပြောလေ၏။ ထိုအခါ ဂျာမဒါမင်းထင်က

''မမြသွေးရဲ့ ပထွေး ပြန်လာရင် သူနဲ့မတွေ့ဘဲ အခန်း ထဲမှာပဲ နေမကောင်းချင်ယောင်ဆောင်လိုက်ပါ၊ မမြသွေး အိပ်ရာဝင်ကာနီးရင် ပြတင်းပေါက်ဖွင့်ပြီး မီးအိမ်ကို ထွန်းလိုက် ပါ၊ ပြီးတော့ ပထွေးရဲ့ အရိပ်အယောင်ကို ကြည့်ပြီး မမြသွေး





အရင်တုန်းက အိပ်တဲ့ အခန်းထဲကို ဝင်အိပ်နေလိုက်ပါ''

ဟုပြောလိုက်ရာ မမြသွေးသည် ဂျာမဒါမင်းထင်ကို အံ့ သြဟန်ဖြင့်ကြည့်၍

''ဟင်…ကျွန်မက ဒီအခန်းထဲမှာ မအိပ်ရဘူးလား၊ ဂျာမဒါတို့ ဘယ်လိုအစီအစဉ်ရှိလို့လဲ''

ဟုမေးမြန်းလိုက်၏။ ဂျာမဒါမင်းထင်က တည်ကြည် သော အမူအရာဖြင့်

''ဒီကိစ္စဟာ ပေါ့ပေါ့တန်တန် လုပ်လို့မရဘူး၊ ကံ အကြောင်းမလှရင် မမြသွေးရဲ့ အသက်ကိုပေးသွားရလိမ့်မယ်၊ ဒါကြောင့် မမြသွေးရဲ့အခန်းထဲကို ကျုပ်တို့ဝင်ပြီးတော့ လေချွန်သံကို နားထောင်ကြည့်မလို့ဘဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ မမြသွေးသည် ထိတ်လန့်သော အမူအရာဖြင့်

"ကြောက်စရာကောင်းလိုက်တာရှင်၊ ဂျာမဒါတို့လေချွန်သံရဲ့ လျှို့ဝှက်ချက်ကို သိပါစေလို့ ဆုတောင်းပါတယ်"

ဟုပြောလိုက်လေ၏ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

"ဒီနေ့ည အဖြေတစ်ခုထွက်မှာ သေချာပါတယ် မမြသွေး အိပ်ကာနီးရင် မီးအိမ်ထွန်းပြီး ပြတင်းပေါက်ဖွင့်ဖို့ မမေ့ပါနဲ့ ကျုပ်တို့သွားတော့မယ်"

ဟုဆိုကာ မမြသွေး၏အုတ်တိုက်နီကြီးမှ ပြန်ခဲ့လေ၏။





ထိုနေ့ညသို့ရောက်သော အခါဂျာမဒါမင်းထင်က ခြောက်လုံးပြူးတစ်လက်ကို ကျည်ထိုး၍ ကျွန်ုပ်လက်သို့ တမ်းပေးလိုက်ပြီး

"လိုလိုမယ်မယ်ဒါကိုဆောင်ထားဗျာ"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်ကို ကြည့်၍

"ဂျာမဒါက သေနတ်မကိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးမြန်းလိုက်၏။

ဂျာမဒါမင်းထင်ကခေါင်းခါယမ်း၍

"ကျုပ်အတွက် ယောဒီက ကြိမ်တုတ်ပါရင် အဆင်ပြေပါတယ်၊ ခင်ဗျားအတွက် သေနတ်ကို လိုလိုမယ်မယ် ဆောင်ခိုင်းတာပါ"

ဟုပြောလိုက်၏။

ကျွန်ုပ်တို့သည် ရထားလုံးတစ်စီးကို ငှားရမ်း၍ အင်းစိန်သို့ ထွက်ခဲ့လေ၏။ ထို့နောက် ညလုံးပေါက်ဖွင့်ထားသော ကာကာဆိုင်တစ်ဆိုင်၌ ထိုင်၍ စောင့်နေလေ၏။ အတန်ကြာသောအခါ ဂျာမဒါမင်းထင်က ကာကာကုလားကို ခေါ်၍ ပိုက်ဆံရှင်းကာ





"အချိန်တန်ပြီဗျို့၊ ကျုပ်တို့သွားကြရအောင်"

ဟုပြောကာ မမြသွေး၏ အိမ်ရှိရာတက်သို့ ထွက်ခဲ့လေ၏။ မမြသွေး၏ အိမ်ခန်းသို့ ရောက်သောအခါ မှောင်ရိပ်ခို၍ မမြသွေး အိမ်ခန်းကို စောင့်ကြည့်လေ၏။

အတန်ကြာသောအခါ အိမ်ခန်းမှ မီးအိမ်အလင်းရောင်ကို မြင်လိုက်ရ၏။ ဂျာမဒါမင်းထင်က ကျွန်ုပ်၏ ပခုံးကို ပုတ်၍

"အိမ်ခန်းက မီးလင်းပြီဗျို့၊ ကျုပ်နောက်က ခြေသံလုံလုံနဲ့လိုက်ခဲ့ပေတော့"

ဟုဆိုကာ အုတ်တံတိုင်းအနီးသို့ ပြေးကပ်လိုက်၏။ ပြီးနောက် အုတ်တံတိုင်းကိုကျော်တက်လိုက်ပြီးခြံထဲသို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ အုတ်တိုက်နီကြီးအနီးသို့ ပြေးကပ်လိုက်ကြ၏။

မမြသွေးသည် ဂျာမဒါမင်းထင် မှာကြားထားသည့်အတိုင်း သူမ၏ ပြတင်းပေါက်ကို ကြိုတင်ဖွင့်ထား၏။ ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်သည်ပြတင်းပေါက်မှ ကျော်၍ အိမ်ခန်းအတွင်းသို့ဝင်လိုက်၏။

ကျွန်ုပ်တို့ အိမ်အတွင်းသို့ ရောက်သော အခါ ဂျာမဒါမင်းထင်က မီးအိမ်ကို အမှောင်ချထားလိုက်၏။

ကျွန်ုပ်တို့သည် အမှောင်ထဲ၌ ထိုင်၍ပေါ်ပေါက်လာမည့်အန္တရာယ်ကို စောင့်မျှော်နေလေ၏။ ကျွန်ုပ်အတွက် အချိန်သည် အကုန်နှောက်ကျလွန်းသည် ထင်နေမိ၏။ အတန်ကြာအောင်စောင့်ပြီးနောက် သံချောင်းခေါက်သံ နှစ်ချက်ကြားလိုက်ရ၏။





ကျွန်ုပ်လည်း အမှောင်ထဲ၌ အိပ်ငိုက်သလိုဖြစ်လေ၏။

ဂျာမဒါမင်းထင်က ကျွန်ုပ်ကို လက်ဖြင့်ပုတ်၍ သတိပြုရန် ပြောလေ၏။ ထိုအခိုက်မှာပင်လေချွန်သံ တိုးတိုးလေးကိုစတင်ကြားလိုက်ရ၏။

ကျွန်ုပ်သည် လေချွန်သံကြားရသဖြင့်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး အမှောင်ထဲသို့ သေနတ်ဖြင့် ထိုးချိန်လိုက်၏။

ဂျာမဒါမင်းထင်က လေသံတိုးတိုးဖြင့်

"ခင်ဗျားသေနတ်ကို အရမ်းမသုံးနဲ့ ကျုပ်ကပစ်ဆိုမှပစ်နော်"

ဟုပြောလေ၏။

ဂျာမဒါမင်းထင်၏ စကားဆုံးသည်နှင့် လေချွန်သံကို



www.burmeseclassic.com

www.burmeseclassic.com



ထပ်မံ၍ ကြားလိုက်ရပြန်၏။

ဂျာမဒါမင်းထင်သည် ထိုင်နေရာမှ ဝုန်းခနဲခုန်ထလိုက်ပြီး ခုတင်အနောက်ရှိ ခေါင်းလောင်းကြိုးကို ကြိမ်လုံးဖြင့် တရွှမ်းရွှမ်းရိုက်နေလေ၏။

ထိုသို့ရိုက်ရင်း မီးခြစ်ကိုလှျင်မြန်စွာ ခြစ်ကာ

"ခင်ဗျား မြင်လိုက်ရသလား"

ဟုမေးမြန်းလေ၏။

ကျွန်ုပ်သည်အမှောင်ထဲ၌ ရုတ်တရက်အလင်းရောင်ပေါ်လာပြီး မည့်သည်အရာကိုမျှ မမြင်သဖြင့်

"ဘာမှမမြင်ရဘူး"

ဟု ကမန်းကတန်း ဖြေလိုက်၏။ လေချွန်သံတိုးတိုးကြား





ရပြီး ဂျာမဒါမင်းထင်၏ ကြိမ်လုံးရိုက်သံကိုသာကြား လိုက်ရခြင်း ဖြစ်၏။

ဂျာမဒါမင်းထင်သည် မီးခြစ်၏ အလင်းရောင်ဖြင့် ခေါင်းလောင်းကြိုးထွက်ပေါ်ရာ နံရံအပေါက်ကို မော့ကြည့်နေလေ၏။ ထိုအခိုက်မှာပင် တစ်ဖက်ခန်းဆီမှ ကြောက်မက်ဖွယ်ရာ အော်သံကြီးကို ကြားလိုက်ရ၏။ ကျွန်ုပ်က ဂျာမဒါမင်းထင်ကို အထိတ်တလန့်ဖြင့်ကြည့်၍

"ဘာဖြစ်နေသလဲ မသိဘူး"

ဟုဆိုလိုက်ရာ ဂျာမဒါမင်းထင်က မီးအိမ်ကို ထွန်း၍ အခန်းတံခါးကိုကမန်းကတန်းဖွင့်ကာ မမြသွေး ပထွေး အခန်းသို့ပြေးလေ၏။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဝသို့ရောက်သောအခါ တံခါးကိုင်၏ ကိုယ်ဖြင့်ဆောင့်တွန်းပြီး ဖွင့်လိုက်၏။ ထိုအခါ အခန်းထဲရှိ ကုလားထိုင်တစ်လုံး၌ မမြသွေး၏ ပထွေးကို ထိုင်လျက်သား တွေ့ရ၏။

ပထွေး၏ လည်ပင်း၌ အဝါရောင်ကွက်ကျားရှိသော မာဖလာတစ်ထည် ပတ်ထားသကဲ့သို့ တွေ့ရ၏။

ဂျာမဒါမင်းထင်က ထိုမြင်ကွင်းကို သတိကြီးစွာထား၍ ကြည့်ရှုကာ

"မမြသွေး အစ်မပြောတဲ့ ကွက်ကျားကြီးဆိုတာ ဒါပဲ ပေါ့ဗျာ၊ အင်မတန်အဆိပ်ပြင်းတဲ့ အိန္ဒိယမြွေမျိုးပဲဗျ သတိထား"





ဟုဆိုလိုက်ရာ မမြသွေး ပထွေး၏ လည်ပင်းရှိ မာဖလာကြီးမှာ မြွေကြီးဖြစ်နေကြောင်း အထိတ်တလန့်သိလိုက်ရ၏။

ပထွေး၏ လက်ထဲ၌ ကြိုးတစ်ချောင်းကို ကွင်းလျှော သဏ္ဌာန်ပြုလုပ်၍ကိုင်ထားလေ၏။ ကျွန်ုပ်က မြွေကြီးကို သေနတ်ဖြင့် ချိန်ရွယ်နေစဉ် ဂျာမဒါမင်းထင်က မြွေဆရာ တစ်ဦးကဲ့သို့ လျှင်မြန်စွာဖြင့် မြွေကြီး၏ခေါင်းကို ဆတ်ခနဲ ဖမ်းချုပ်လိုက်လေ၏။

ဂျာမဒါမင်းထင်က မြွေကြီးကို ချုပ်ကိုင်၍

"အိန္ဒိယမှာတုန်းက မြွေဆရာတွေဆီမှာ တပည့်ခံခဲ့တဲ့ ကျေးဇူးပေါ့ဗျာ"

ဟုပြောလေ၏။ ပြီးနောက် ဂျာမဒါမင်းထင်သည်



www.burmeseclassic.com

www.burmeseclassic.com



ခုတင်အနီးရှိ သံသေတ္တာကြီးကို ခြေထောက်ဖြင့် ကော်၍မှွင့်လိုက်ပြီး မြွေကြီးကိုထည့်ကာ သေတ္တာအဖုံးကို ခြေဖြင့် ပိတ်လိုက်လေ၏။ ထိုအခါ ချွင်ခနဲမြည်သောအသံဖြစ်ပေါ်ပြီး သေတ္တာကြီးပြန်ပိတ်သွားလေ၏။ ဂျာမဒါမင်းထင်က

"မမြသွေး ကြားရတဲ့ ချွင်ခနဲမြည်သံဆိုတာ မြွေထည့်ထားတဲ့သံသေတ္တာကြီးကို ပိတ်တဲ့အသံဗျ"

ဟုရှင်းလင်းပြလေ၏။ ထိုအခိုက်မှာပင် မမြသွေး ရောက်ရှိလာပြီး တုန်လှုပ်ခြောက်ခြားဟန်ဖြင့်

"ဘာတွေဖြစ်နေတာလဲရှင်"

ဟုမေးမြန်းလေ၏။

ဂျာမဒါမင်းထင်က





"မမြသွေးရဲ့ ပထွေးတော့ ဆုံးရှာပြီ၊ ဒါပေမဲ့ မမြသွေး အတွက်တော့ ဘာအန္တရာယ်မှ မရှိတော့ပါဘူး"

ဟုဆိုကာ ဖြစ်ကြောင်းကုန်စင်ရှင်းလင်းပြလေရာ မိုး စင်စင်လင်း သွားလေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ လက်ဖက်ရည်ဝိုင်း၌ ကျွန်ုပ်က

"ညကတော်တော်စွန့်စားလိုက်ရတယ်နော်၊ အမှောင်ထဲမှာ ဂျာမဒါတဖုန်းဖုန်းနဲ့ ရိုက်နေတာ ဘာမှန်းမသိဘဲ ကြည့်နေရတယ်"

ဟုဆိုလိုက်ရာ ဂျာမဒါမင်းထင်က



ခေါင်းလောင်းကြီးကိုကြည့်ပြီး သံသယဖြစ်သွားတာဗျ။ မမြသွေးရဲ့ အစ်မသေတုန်းက အခန်းတစ်ခုလုံးအလုံပိတ်ပြီး သော့ခတ်ထားတယ်၊ ဆရာဝန်ကြီး စစ်ဆေးတော့လည်း အဆိပ်မိတဲ့ လက္ခဏာမရှိဘူး၊ အိန္ဒိယမြွေတစ်မျိုးဟာ ပေါက်လိုက်ရင် ကိုယ်ခန္ဓာတစ်ခုလုံး မည်းမသွားဘူးဗျ၊ ကိုလိုနီခေတ်ရဲ့ ခပ်ညည်ညံ့ပုလိပ်တွေကလဲ မမြသွေး အစ်မကိုယ်ပေါ်မှာ ရှိတဲ့မြွေစွယ်ရာသေးသေးလေးကို ရှာမတွေ့တာလဲ တစ်ကြောင်းပေါ့ဗျာ။ ဒါကြောင့် မမြသွေးအစ်မ ဘယ်လိုသေသလဲဆိုတာအဖြေမှန်ထွက်မလာဘူး၊ ဒီအမှုရဲ့အဓိက သဲလွန်စကတော့ ခုတင်နံရံဆီကို တက်သွားပြီး နံရံအပေါက်ကနေတဆင့် မမြသွေးပထွေးရဲ့ အခန်းထဲကိုရောက်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြိုးစဗျ၊ ဒီကြိုးစက မြွေလာရာလမ်းကြောင်းပဲ၊ မမြသွေး ပထွေးဟာ အိန္ဒိယမြွေတစ်မျိုးကို နွားနို့တိုက်ပြီး ကြိုးစက နေတစ်ဆင့် တစ်ဖက်ခန်းကို ကူးသန်းနိုင်အောင် လေ့ကျင့်ပေးခဲ့တယ်။ မြွေဟာ ညဥ့်သန်းခေါင်မှာ တစ်ဖက်ခန်းကို ရောက်ပြီးတော့ ခေါင်းလောင်းကြိုးကနေ ခုတင်ပေါ်အထိ ဆင်းလာနိုင်တယ်။ မြွေဟာတစ်ဖက်ခန်းကိုရောက်ပြီး လူကို မကိုက်ဘဲ ပြန်လာခဲ့ရင် လေချွန်သံမျိုးလို ကြားရတတ်တယ်၊ လွန်ခဲ့တဲ့ညက မြွေဟာ အခန်းထဲကို ရောက်ပြီးမှ မပေါက်ဘဲ ပြန်တက်သွားခဲ့တယ်။ ဒါကြောင့်လည်း မမြသွေး အသက်ရှင်တာပေါ့ဗျာ"

ဟုပြောလိုက်ရာ ကျွန်ုပ်က နားမလည်ဟန်ဖြင့်





"မမြသွေး ပထွေးဟာ မြွေကို နွားနို့တိုက်ပြီး လေ့ကျင့်ထားတာမဟုတ်လား၊ ဘာဖြစ်လို့ မြွေက သူ့သခင်ကို ပြန်ကိုက်တာလဲ"

ဟုမေးမြန်းလိုက်လေ၏။ဂျာမဒါမင်းထင်

"သူ့အတက်နဲ့ သူရှုးသွားတာပါဗျာ၊ မြွေကိုကျုပ်က နှစ်ချက်သုံးချက်ရိုက်လိုက်တဲ့ အခါ မြွေဟာ ဒေါသဖြစ်ပြီး ကြိုးအတိုင်းပြန်တက်သွားတယ်။ တစ်ဖက်ခန်းကို ရောက်တော့ ပထွေးကို သူ့သခင်မှန်း မသိတော့ဘဲ ဒေါသတကြီး ပေါက်လိုက်တာပဲ"

ဟုပြောလိုက်၏ ကျွန်ုပ်က သက်ပြင်းချ၍

"လောဘရဲ့ ဆိုးကျိုးပေါ့ဗျာ၊ သမီးနှစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြံပြီးတော့ အမွေတွေအားလုံးကို အပိုင်သိမ်းချင်တဲ့ ပထွေးဟာ နောက်ဆုံးမှာတော့ သူ့မိုက်ဇာတ်သူသိမ်းသွားတာပဲ၊ ဒါနဲ့ မြေကို ကြိုးတန်းလမ်းလျှောက်အောင် လေ့ကျင့်ပေးလို့ ရပါ့မလားဗျ"

ဟုမေးမြန်းလိုက်လေ၏။ ဂျာမဒါမင်းထင်က

"ကျုပ်အိန္ဒိယမှာ မြေပညာသင်တုန်းက ကြိုးတန်း လျှောက်နိုင်တဲ့ငနဲ့တော်ကျားလိုမြေမျိုးတွေ့ဖူးတယ်ဗျ၊ မြေ အလမ္မာယ်ဆရာတွေဆိုရင်ပိုပြီးတော့ လေ့ကျင့်ပေးနိုင်သေးတယ်"

ဟုပြောလိုက်လေ၏။

အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်လခန့် ကြာသောအခါ မမြသွေး၏မင်္ဂလာ ဖိတ်စာလေးတစ်စောင်





ရောက်ရှိလာလေ၏။ ဂျာမဒါမင်းထင်က ဖိတ်စာလေးကို ကြည့်၍

"မမြသွေးရဲ့ ဘဝတော့ ငြိမ်းချမ်းသွားပြီထင်တယ်ဗျ၊ သူတို့မင်္ဂလာပွဲကိုသွားကြရအောင်"

ဟုပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့သ၌ ကျွန်ုပ်နှင့် ဂျာမဒါမင်းထင်သည် ကန်တော်ကြီး ကန္ဒေဒီကျွန်း၌ပြုလုပ်သော မြန်မာလက်ဖွေ့ပွဲသို့ သွားရောက်ကြည့်ရှုလေ၏။ ဂျာမဒါမင်းထင်သည် လက်ဖွေ့ဝါသနာအိုးဖြစ်သဖြင့် ရန်ကုန်မြို့အနီးတစ်ဝိုက်ရှိ ကျင်းပသောပွဲမှန်သမျှ မလွှတ်တမ်းကြည့်ရှုလေ၏။

ထိုသို့ကြည့်ရှုရင်း အလံလုပွဲတစ်ပွဲ၌ လက်ဖွေ့ကျော်





မဲလေးဆိုသူသည် ၄င်းကို ပြိုင်ဝံ့သူမရှိသဖြင့် ကြည့်ရှုနေသူ ပရိသတ်များကိုပင် မိုက်မိုက်ရိုင်းရိုင်း စိန်ခေါ်လေ၏။

ဂျာမဒါမင်းထင်သည် လက်ဖွေ့ကျော်မဲလေး၏ ရိုင်းရိုင်းပြပြစိန်ခေါ်မှုများကို သည်းမခံနိုင်တော့ဘဲ တက်ခေါက်ကာ

"မတစ်ထောင်တစ်ကောင်ဖွားတဲ့ ယောက်ျား၊ စင်ပေါ်မတက်ဝံ့သူတွေ ထဘီဝတ်ထားပါလားတဲ့၊ ပညာလေး မတောက်တစ်ခေါက်နဲ့ ပရိသတ်ကို စော်ကားနေတာပဲ၊ ပညာပေးမှ ဖြစ်မယ်"

ဟုဆိုကာ စင်ရှိရာသို့ ခြေလှမ်းကြဲကြီးဖြင့် ထွက်ခွာသွားလေ၏။ ကြိုးဝိုင်းအနီးသို့ရောက်သော အခါ ဒိုင်များကို ထိုးသတ်ခွင့်တောင်းပြီးနောက် လက်ဖွေ့ကြိုးဝိုင်းထဲသို့ ခုန်လွှား



www.burmeseclassic.com

www.burmeseclassic.com



၍ ဝင်လိုက်ပြီး လက်ခမောင်းခတ်ကာ

"နွားခြေရာခွက်ထဲက ဖားလေး မင်းကိုပညာပေးမှ ဖြစ်တော့မယ်"

ဟုဆိုလိုက်ရာ လက်ဝှေ့ကျော်မဲလေးက ဂျာမဒါမင်းထင်ကိုရိုင်းပြစွာကြည့်၍

"ဟားဟား ငါ့ကို ပညာပေးမယ် ဟုတ်လား။ မင်းကို စင်ပေါ်မှာ အသေသတ်မယ်၊ မဲလေးဆိုတာ မတစ်ထောင်တစ်ကောင်မွှားတဲ့ ယောကျ်ားကွ"

ဟုဆိုကာ ဂျာမဒါမင်းထင်ကို လက်ခမောင်းခတ်၍ စိန်ခေါ်လေ၏။

ပွဲကြည့်ပရိသတ်များသည် ရိုင်းပြစွာစိန်ခေါ်နေသော





မဲလေးအား ထိုးသတ်ဝံ့သော ဂျာမဒါမင်းထင်အား သဘောကျစွာဖြင့် ဝိုင်းဝန်းအားပေးကြလေ၏။ ဒိုင်လူကြီးများက ဂျာမဒါမင်းထင်၏လက်ဝှေ့အမည်ကို ရွှေပြည်စိုးဟု ကြေညာလိုက်လေ၏။

ဂျာမဒါမင်းထင်သည် လက်ဝှေ့ပွဲစသည်နှင့် မဲလေးအားတစ်ချက်မျှပြန်မထိုးသတ်ဘဲ ၄င်းစိတ်တိုင်းကျ ထိုးသတ်စေပြီး လှပစွာရှောင်တိမ်းနေလေ၏။

ပရိသတ်များသည် ဂျာမဒါမင်းထင်၏ရှောင်တိမ်းမှုများကို သဘောကျလွန်းသဖြင့်

"ရွှေပြည်စိုး၊ ရွှေပြည်စိုး"

ဟု ရုံကွဲမတတ်လက်ခုပ်လက်ဝါးတီး၍ အားပေးကြ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ ဂျာမဒါမင်းထင်သည် မဲလေး၏ ထိုးသတ်မှုများကို ရှောင်တိမ်းနေပုံမှာ ကျွမ်းကျင်ပိုင်နိုင်လှပြီး မဲလေးကို အရေး မစိုက်ဟန်ရှိနေလေ၏။

မဲလေးသည် ဂျာမဒါမင်းထင်၏ မထီ လေးစားအမှု အရာကြောင့် ဒေါသပုန်ထပြီး သဲကြီးမဲကြီး တိုက်ခိုက်လေ၏။ ညည်သို့ပင် တိုက်ခိုက်စေကာမူ ဂျာမဒါမင်းထင်က မဲလေးကို အေးဆေးစွာပင် ထိုးသတ်နေလေ၏။

ဂျာမဒါမင်းထင်သည်မဲလေးကိုစိတ်ကြိုက် ထိုးသတ် ခွင့်ပေးပြီးမှ

"မင်းကိုစိတ်တိုင်းကျ ထိုးသတ်ခွင့်ပေးပြီးပြီ၊ ဒီတစ်ခါ ငါအလှည့်ပဲ၊ မင်းလိုကောင်က ငါလက်နဲ့မတန်ဘူး ခြေထောက်





နဲ့ပဲတန်တယ် ကြည့်ရှောင်ပေတော့"

ဟုဆိုကာ ကိုယ်ကိုတစ်ဖက်လှည့်၍ ကန်လိုက်ရာ ဂျာမဒါမင်းထင်၏ ခြေဖမိုးသည် မဲလေး၏ မေးရိုးကို ဖြောင်းခနဲ ထိပြီး မဲလေးတပြိုင်တည်း ပြိုလဲကျသွားလေ၏။ မဲလေးသည် ကြမ်းပေါ်၌ မှေ့မျောပြီး သတိပြန်လည်မလာ တော့ချေ။

ထိုအခါ ပရိသတ်များသည် ဝမ်းသာအားရ အော်ဟစ်၍ ရှုံကွဲမတတ်အားပေးကြလေ၏။ ဂျာမဒါမင်းထင်သည် အလံလုပွဲ ၏ အောင်လံကို လက်ခံပြီးနောက် စင်ပေါ်မှ ဆင်းလာလေ၏။

ထိုအခါ သတင်းထောက်အချို့သည် ဂျာမဒါမင်းထင် ၏ အနီးသို့ဝိုင်းလာပြီး သတင်းထောက်တစ်ဦးက



www.burmeseclassic.com

www.burmeseclassic.com



"ဂျာမဒါမင်းထင်က ဘာဖြစ်လို့ လက်ဇော့ကြိုးဝိုင်းထဲကို ဝင်ခဲ့တာလဲ"

ဟုမေးမြန်းလိုက်ရာ ဂျာမဒါမင်းထင်က

"ဒီကောင်ပရိသတ်ကို စော်ကားနေလို့ နည်းနည်းဝင်ဆုံးမလိုက်တာပါ"

ဟုဆိုလိုက်၏။ သတင်းထောက်တစ်ဦးက

"ဂျာမဒါမင်းထင်လက်ဇော့ကြိုးဝိုင်းထဲသို့ ဝင်ဖို့ ရည်ရွယ်ချက်ရှိပါသလား၊ ထိုးသတ်မှုတွေ သိပ်ကောင်းလို့ မေးကြည့်မိတာပါ"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က ခေါင်းခါယမ်း၍

"ကျုပ်လက်ဇော့မထိုးတတ်ပါဘူး၊ ထိုးဖို့လည်း ရည်





ရွယ်ချက်မရှိပါဘူး"

ဟုဖြေဆိုလိုက်ပြီး ပရိသတ်ကြားမှ တိုးဇော့၍ ထွက်ခဲ့လေ၏။ ကျွန်ုပ်တို့နှစ်ဦး ကန်တော်ကြီးအပြင်ဘက်သို့ ရောက်သောအခါလူတစ်ဦး အနောက်မှ ကမန်းကတန်း ပြေးလိုက်လာပြီး

"ဂျာမဒါမင်းထင်"

ဟုတကြော်ကြော်ခေါ်နေသဖြင့် ထိုသူကို ဂျာမဒါမင်းထင်က ရပ်စောင့်လိုက်ပြီး

"ဘာဖြစ်လို့လဲ မိတ်ဆွေ"

ဟုမေးမြန်းလိုက်၏။

ထိုအခါ ဂျာမဒါမင်းထင်ကို အနောက်မှ လိုက်လာသော



www.burmeseclassic.com

www.burmeseclassic.com



လူက

"အေးအေးဆေးဆေး ပြောပါရစေ၊ ကျုပ်တို့ ဘုံဘေ ရက်စတော့ရင့်မှာ စကားပြောရအောင် ကျုပ်မှာ ကားပါပါ တယ် လိုက်ခဲ့ပါ"

ဟုဆိုသဖြင့် ဂျာမဒါမင်းထင်နှင့် ကျွန်ုပ်သည် ထိုသူ၏ အမူအရာကို ကြည့်၍ အမူသည်ဟုယူဆကာ ဘုံဘေရက် စတော့ရင့်သို့လိုက်ခဲ့၏။ ဘုံဘေရက်စတော့ရင့်သို့ရောက်သော အခါ စားသောက်ဖွယ်ရာများကို မှာလိုက်ပြီးနောက် ဂျာမဒါ မင်းထင်က ထိုသူကိုကြည့်၍

"ကျုပ်ဘာကူညီပေးရမလဲ မိတ်ဆွေ"

ဟုမေးမြန်းလိုက်၏။ ထိုသူက သက်ပြင်းချ၍





"ကျုပ် နာမည် မောင်စိန်ဖေလို့ ခေါ်ပါတယ်၊ ဘား လမ်းထဲမှာ ပိုးထည်ဆိုင် ဖွင့်ထားပါတယ်။ ကျုပ်လက်ဖွဲ့ ပွဲမှာ ဂျာမဒါမင်းထင်ကို မြင်လိုက်တော့ သိပ်ဝမ်းသာသွားတယ်၊ ကျုပ်မှာ ဂျာမဒါမင်းထင်နဲ့ တွေ့စရာအကြောင်းရှိတယ်"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က မောင်စိန်ဖေ ဆိုသူကို ကြည့်၍

"ခင်ဗျားမှာ စိုးရိမ်ပူပန်စရာတွေ များနေပြီ ထင်တယ်"

ဟုပြောလိုက်ရာ မောင်စိန်ဖေက ဂျာမဒါမင်းထင်၏ စကားကြောင့် အံ့သြဟန်ဖြင့်

"ကျုပ်မှာစိုးရိမ်ပူပန်မှုတွေရှိနေတာ ဂျာမဒါ ဘယ်လို လုပ်သိသလဲ"



www.burmeseclassic.com

ဟုမေးမြန်းလိုက်လေ၏။

ဂျာမဒါမင်းထင်က ရယ်မော၍

"ဒါက မခက်ပါဘူး မိတ်ဆွေရဲ့ အင်္ကျီကြယ်သီးက အပေါ်နဲ့ အောက်လွဲတပ်ထားတယ်ဗျ၊ ဖိနပ်ကြိုးတစ်ဖက် ကလည်း ပြုတ်နေတယ်၊ ဒါဟာ စိတ်လှုပ်ရှားစရာ တစ်ခုရှိလို့ ဖြစ်မယ်"

ဟုပြောလိုက်ရာ မောင်စိန်ဖေက ခေါင်းတဆတ်ဆတ် ညိတ်၍

"တော်ပါပေတယ်ဗျာ၊ ဒါကြောင့်လဲ ကျုပ်ကအားကိုး တာပါ"

ဟုပြောလိုက်လေ၏။ ထို့နောက် မောင်စိန်ဖေသူ၏





အင်္ကျီ အိတ်ထဲရှိ စာတစ်စောင်ကို ထုတ်ယူလိုက်ပြီး ဂျာမဒါ မင်းထင်ကို ကမ်းပေးကာ

"အကျိုးအကြောင်းသိချင်ရင် ဒီစာကိုဖတ်လိုက်ပါ တော့ဗျာ"

ဟုပြောလိုက်၏။

ဂျာမဒါမင်းထင်သည် မောင်စိန်ဖေကမ်းပေးသော စာကို ဖွင့်မဖတ်သေးဘဲ စာအိတ်ကို ခဏကြာအောင် ကြည့်ရှုလေ၏။ ပြီးနောက် သူ၏အိတ်ထဲရှိ မှန်ဘီလူးဝိုင်းလေးကို ထုတ်ကာ တံဆိပ်ခေါင်းပေါ်တွင်ရှိသော စာကပ်တံဆိပ်နှင့် ရက်စွဲကိုကြည့် ရှုလေ၏။ ပြီးနောက် စာအိတ်၏ထောင့်ဘက်ရှိ အစင်းကြောင်း လေးတစ်ခုကို ကြည့်ရှုလေ၏။ ထိုနောက်ဂျာမဒါ မင်းထင်က



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြုတ်၍

"ဒီစာကို ထည့်လိုက်တာ မော်လမြိုင်မြို့ကပဲ စာအိတ်ထဲမှာ ဓါတ်ပုံလေးတစ်ပုံတောင်ပါလာသေးတယ်"

ဟု မှတ်ချက်ချလေ၏။ ဂျာမဒါမင်းထင်၏ စကားကြောင့် မောင်စိန်ဖေဆိုသူသည် မျက်လုံးပြူးသွားလေ၏။ ဂျာမဒါမင်းထင်ကစာအိတ်ကိုကြည့်၍

"စာကိုအမြန်ရေးပြီး ကမန်းကတန်း ထည့်လိုက်ပုံရတယ်"

ဟုဆိုကာ စာဆိပ်ကလေးကို ထောင့်မှ ဆွဲဖြဲလိုက်၏ ပြီးနောက် စာကို ကြည့်လိုက်ရာ အောက်ပါအတိုင်း တွေ့ရလေ၏။





အစ်ကို

နွယ်တို့အိမ်မှာ စိတ်ဆင်းရဲစရာ ကိစ္စတွေ ဆက်တိုက်ဖြစ်ပေါ်နေတယ်၊ ဒီလိုဖြစ်တာက ထိတ်လန့်စရာ စာတွေ အိမ်ကို တစ်စောင်ပြီးတစ်စောင် ရောက်လာတာက စတာပါ၊ နွယ်နဲ့ ဦးလေးနဲ့ နှစ်ယောက်လုံး စိတ်ဆင်းရဲနေရတယ် အစ်ကို၊ ကြာရင် နွယ်တို့နှစ်ယောက်စလုံး အသက်ဆုံးမှာ တောင်စိုးရိမ်ရတယ်၊ စာထဲမှာပါတဲ့ အကြောင်းအရာတွေကိုအစ်ကိုလာမှ ပြောပြပါမယ်၊ အစ်ကို အမြန်ဆုံး လာခဲ့ပါနော်၊ နွယ်စောင့်နေမယ်

(အစ်ကို့ကိုအမြဲထာဝရချစ်နေမဲ့)

နွယ်



www.burmeseclassic.com

www.burmeseclassic.com



ဂျာမဒါမင်းထင်က စာကို ဆုံးအောင်ဖတ်လိုက်ပြီးနောက်

"နွယ်ဆိုတာ ခင်ဗျားရဲ့ ချစ်သူပေါ့၊ နွယ်တို့ မိသားစု အကြောင်းပြောပြပါဦး"

ဟုမေးမြန်းလိုက်လေ၏။ မောင်စိန်ဖေက စိတ်ပျက်အား ငယ်စွာဖြင့်

"ကျုပ်ချစ်သူက သူတို့အရပ်မှာ ရာဘာခြံတွေ တော် တော်များများ ပိုင်ဆိုင်တယ်၊ နွယ်ရဲ့ မိဘတွေ ဆုံးပါးသွား ပြီးတော့ ဦးလေးဖြစ်သူရဲ့ အုပ်ထိန်းမှုအောက်မှာ နေထိုင်ရပါ တယ်"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က

"နွယ်ဆိုတဲ့ မိန်းကလေးရဲ့ဦးလေးဆိုတာ မိသားစုမရှိဘူး





လား"

ဟုမေးမြန်းလေ၏။ မောင်စိန်ဖေက ခေါင်းခါယမ်း၍

"နွယ်မှာ မိသားစု မရှိဘူး၊ နွယ်ဦးလေး ဆိုတဲ့လူလဲ မိသားစုမရှိတဲ့ တစ်ကိုယ်တည်း လူပျိုကြီးပဲ၊ နွယ်တို့မိသားစု ရဲ့ အမွေပစ္စည်းတွေကို ဦးလေးက ထိန်းသိမ်း ပေးရတယ်၊ ဦးလေးက နွယ်ကိုလဲ ကိုယ်သမီး အရင်းလိုချစ်ခင်ပါတယ် နွယ်ကလဲ ဦးလေးကို ကိုယ်မိဘလို သဘောထားပါတယ်"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က

"နွယ်တို့ မိဘတွေ ဘာက်ကပစ္စည်းတွေ တော်တော် ကျန်သလား"

ဟုမေးမြန်းလိုက်လေ၏။ ထိုအခါ မောင်စိန်ဖေက



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်၍

"နွယ်မိဘတွေ တော်တော်ချမ်းသာတာဗျ၊ ရာဘာခြံ တွေမကဘူး စက်လှေတွေ ဆီစက်တွေလည်း ရှိသေးတယ်၊ ဒီပစ္စည်းတွေ အားလုံးကို ဦးလေးဖြစ်သူက ထိန်းသိမ်းပေး ရတယ်"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က သက်ပြင်းချ၍

"ဒီစာကို နွယ်ကိုယ်တိုင်ရေးတာလား"

ဟုမေးမြန်းလိုက်ရာ မောင်စိန်ဖေကခေါင်းညိတ်ပြလိုက်၏။

ဂျာမဒါမင်းထင်က စာကို ကြည့်ရှု၍

"နွယ်ကစိတ်တော့ မြန်ပုံရတယ်"

ဟုပြောလိုက်ရာ မောင်စိန်ဖေသည် ဂျာမဒါမင်းထင်





ကို အံ့သြဟန်ဖြင့်ကြည့်၍

မှန်ပါတယ် နွယ်ကတော်တော်စိတ်မြန်တယ်၊ ဂျာမဒါ မင်းထွင် ဘယ်လိုသိသလဲ"

ဟုမေးမြန်းလေ၏။ ဂျာမဒါမင်းထင်က သက်ပြင်းချ၍

"စာရွက်ထဲက စာကြောင်းတစ်ကြောင်းကို ကြည့် လိုက်ရင် နောက်ဆုံး စာလုံးဖြစ်တဲ့ 'နော်' ဆိုတဲ့ စာလုံးမှာ မင်ကုန်ပြီးဆက်ရေးလို့ မရတော့ဘူး၊ ဒါပေမဲ့ ဖောင်တိန် ထဲကို မှင်မထည့်ဘဲ အနီးမှာရှိတဲ့ တွေ့ကရာဖောင်တိန်နဲ့ ကောက်ပြီးရေးလိုက်တာဗျ၊ ဒါပေမဲ့ ဖောင်တိန်က မင်မလိုက် တဲ့အတွက် ဒေါသဖြစ်ပြီး စာရွက်ကို ဖိပြီးရေးလိုက်သေးတယ် ဒါကြောင့်အစင်းကြောင်းကြီးတစ်ကြောင်း စာရွက်မှာ ဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ မှင်မလိုက်တဲ့ ဖောင်တိန်ကို လှူပ်ခါပြီး မှင်လိုက်အောင်လုပ်ရတယ်၊ စာရွက်ပေါ်မှာ မင်စက်လေး သုံးလေး ငါးစက်ကျနေတာ သက်သေပဲဗျ"

ဟုပြောလိုက်ရာ မောင်စိန်ဖေက

"ဂျာမဒါမင်းထင်ခန့်မှန်းတာ အားလုံးမှန်တယ်"

ဟု ချီးမွမ်းလေ၏။

ထို့နောက် ဂျာမဒါမင်းထင်က စာအိတ်ကို နမ်းရှူကြည့်လိုက်ပြန်ပြီး

"နွယ်ဆိုတဲ့ မိန်းကလေးဟာ ဂလေဆီယာ ရေခဲတောင်စီးကရက်ကို သောက်ပုံရတယ် စာအိတ်ပိတ်ထားတဲ့ နေရာမှာ ရေခဲတောင်စီးကရက် အနံ့ရတယ် စာကိုလည်း ကတိုက်ကရိုက်





ရေးလိုက်ပုံရတယ်"

ဟုဆိုလိုက်ပြန်ရာ မောင်စိန်ဖေက ခေါင်းညိတ်၍

"မှန်ပါတယ်ခင်ဗျာ ရေခဲတောင်စီးကရက် သောက်ပါတယ်၊ ဒါနဲ့နေပါဦး ကတိုက်ကရိုက်ရေးရတယ် ဆိုတာ ဘယ်လိုသိတာလဲ"

ဟုအံ့သြဟန်ဖြင့် မေးမြန်းလေ၏။ ဂျာမဒါမင်းထင်က

"စာအိတ်ကို ပိတ်တဲ့နေရာမှာ တံတွေးဆွတ်ပြီး ပိတ်ရတယ် မဟုတ်လား၊ နွယ်က စာအိတ်အဖုံးရဲ့ အလယ်ပိုင်းကိုပဲ တံတွေးဆွတ်ပြီး ပိတ်ခဲ့တယ်၊ အဖုံးရဲ့ ထိပ်နှစ်ဖက်လွှတ်နေတယ်၊ ဒါဟာ စာအိတ်ကို ကတိုက်ကရိုက် ပိတ်လိုက်ရတယ်ဆိုတဲ့သဘောပဲဗျ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလိုက်ရာ မောင်စိန်ဖေက

"အံ့သြဟန်ကောင်းလောက်အောင် မှန်ပါတယ်ဗျာ၊ နောက်ဘာများတွေ့ထားသလဲ"

ဟုမေးမြန်းလိုက်ရာ ဂျာမဒါမင်းထင်က

"စာအိတ်ထဲမှာ နွယ်ရဲ့ ခါတ်ပုံပါလာပုံရတယ်"

ဟုဆိုလိုက်ရာ မောင်စိန်ဖေက ဂျာမဒါမင်းထင်ကို မယုံနိုင်ဟန်ဖြင့်ကြည့်၍

"အကြားအမြင်များ ရနေသလားဗျာ"

ဟု ချီးမွမ်းလိုက်လေ၏။ ဂျာမဒါမင်းထင်က ရယ်မော၍

"ဒါမခက်ပါဗျာ၊ စာအိတ်ကို စာအုပ်တစ်အုပ်ကြားမှာ ဖိညှပ်ပြီးကိုင်လာတော့ ပါးလျှတဲ့ မာကျောတဲ့ အရာတစ်ခု





ထည့်ထားတယ်ဆိုတာ ထင်ရှားနေတယ်၊ ဒါကြောင့် ဓါတ်ပုံတစ်ပုံလို့ ခန့်မှန်းလိုက်တာပဲ"

ဟုဆိုလိုက်ရာ မောင်စိန်ဖေက

"ဂျာမဒါရဲ့ စုံထောက်ပညာနဲ့ ဆိုရင် ကျုပ်တို့ကြုံတွေ့နေရတဲ့ ပြဿနာကို ဖြေရှင်းနိုင်မှာ သေချာတယ်၊ ဒါကြောင့် မော်လမြိုင်ကို အမြန်ဆုံး လိုက်ပြီး စုံစမ်းပေးပါဗျာ၊ ဂျာမဒါမင်းထင် တောင်းသမျှ အမှုလိုက်ခကိုပေးပါ့မယ်"

ဟုဆိုလိုက်ရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

"ဒီနေ့ညနေ ကွမ်းခြံဘူတာကြီးကနေမော်လမြိုင်ကို သွားကြမယ်၊ ကျုပ်နောက်ကျသွားရင် အန္တရာယ်ရှိနိုင်တယ်ဗျို့"

ဟုပြောလိုက်ရာ မောင်စိန်ဖေ၏ မျက်နှာ ဝင်းပကြည်



www.burmeseclassic.com

www.burmeseclassic.com



လင်သွားလေ၏။ မောင်စိန်ဖေသည် ဥစ္စာစနေကြွယ်ဝသူ ဖြစ်လာရာ ကျွန်ုပ်တို့အတွက် အမှုလိုက်ခ မြိုးမြိုးမျက်မျက် ရမှာ သေချာသဖြင့် ကျွန်ုပ်လည်း ပျော်ရွှင်သွားလေ၏။





ကျွန်ုပ်တို့လူစုသည် မော်လမြိုင်သို့ မီးရထားဖြင့် လိုက်ပါလာလေ၏။ မုတ္တမသို့ ရောက်သောအခါ မော်လမြိုင်ဘက်သို့ ကူးသန်းကြလေ၏။ မော်လမြိုင်မြို့ရှိ ရှိ ရှေးအိမ်ကြီးတစ်အိမ်သို့ရောက်သောအခါ မိန်းမပျိုတစ်ဦးခြံဝသို့ ထွက်လာပြီး မောင်စိန်ဖေကို မြင်လျှင်



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလိုက်လာပြီ၊ ဝမ်းသာလိုက်တာ အစ်ကိုရယ် နှယ်တို့မိသားစု စိတ်ဆင်းရဲနေတာ ကြာပြီရှင့်"

ဟုဆိုလိုက်ရာ မောင်စိန်ဖေက ခေါင်းညိတ်၍

"ဒါကြောင့် အစ်ကိုအမြန်ဆုံး လိုက်လာခဲ့တာပေါ့၊ ဟောဒီက မိတ်ဆွေက ရန်ကုန်မြို့က အလွှတ်စုံထောက် ဂျာမဒါမင်းထင်တဲ့၊ နောက်ကလိုက်လာတာက ဂျာမဒါမင်းထင် ရဲ့ မိတ်ဆွေပဲ၊ နှယ်တို့အိမ်က ပြဿနာတွေကို ကူညီဖြေရှင်း ပေးမဲ့ ပုဂ္ဂိုလ်တွေပေါ့"

ဟုဆိုလိုက်ရာ နှယ်ဆိုသော မိန်းမပျိုက

"ဝမ်းသာလိုက်တာရှင်၊ ရှင်တို့ကို မြင်တာနဲ့ ကျွန်မမှာ အားတွေရှိသွားပြီ"



ဟုပြောလေ၏။ ထို့နောက် ကျွန်ုပ်တို့လူစုအား အိမ်ကြီး ထဲသို့ ခေါ်ဆောင်သွားလေ၏။

ပြီးနောက် ကျွန်ုပ်တို့လူစုအား အောက်ထပ်ရှိ အခန်း၌ နေရာချပေးပြီးနောက် ခေတ္တမျှအနားယူစေသည်။ ကျွန်ုပ်တို့ သည် ရေမိုးချိုးအနားယူနေစဉ် ထမင်းချက် မိန်းမကြီး တစ်ဦးက လက်ဖက်ရည်သောက်ရန် လာရောက်ခေါ်ဆောင် သွားလေ၏။

အိမ်ကြီး၏ အပေါ်ထပ်ဝရန်တာရှိ စားပွဲခုံကြီး၌ နှယ် ဆိုသော မိန်းမပျို အသင့်စောင့်ကြိုနေပြီး ကျွန်ုပ်တို့လူစုကို စားသောက်ဖွယ်ရာများနှင့် တည်ခင်းဧည့်ခံလေ၏။

ဂျာမဒါမင်းထင်က လက်ဖက်ရည်နှင့်မုန့်များကို စား

www.burmeseclassic.com

www.burmeseclassic.com



သောက်ပြီးသောအခါ နွယ်ဆိုသော မိန်းမပျို၏ မျက်နှာကို ကြည့်၍

"နွယ်ရဲ့ ဦးလေးဆိုတာ ဘယ်မှာလဲ"

ဟုမေးမြန်းလိုက်ရာ နွယ်က မျက်နှာညိုးငယ်စွာဖြင့်

"ဦးလေး နေမကောင်းဘူးရှင့် လေဖြတ်သလို ဖြစ်သွားတယ်။ လွန်ခဲ့တဲ့ သုံးလေးလလောက်က ကျွန်မနဲ့ ကိုစိန်ဖေ နေစပ်ခဲ့တယ်၊ နေ့စပ်ပွဲပြီးတော့ တစ်လလောက် အကြာမှာ ဦးလေး လေဖြတ်သွားတာပဲ၊ သူ့ရဲ့ ညာဘက် လက်တစ်ဖက် မြှောက်မရသလို ဖြစ်နေတယ်၊ အင်္ဂလိပ်ဆေးရော မြန်မာဆေးပါ စုံနေအောင်ကုပေမဲ့ ဒီနေ့အထိ ကောင်းကောင်း မကျန်းမာသေးဘူးရှင့်"





ဟုဆိုလိုက်ရာ ဂျာမဒါမင်းထင်က သက်ပြင်းချ၍

"နွယ်ရဲ့ ဦးလေးနဲ့ ကျုပ်တွေ့ချင်တယ် စီစဉ်ပေးလို့ ရမှာလား"

ဟုမေးမြန်းလိုက်၏။

နွယ်ကခေါင်းညိတ်၍

"ရပါတယ်ရှင် အစ်ကိုတို့ ကျွန်မနောက်ကို လိုက်ခဲ့ကြပါ"

ဟုပြောလေ၏။

မိန်းမပျိုသည် ကျွန်ုပ်တို့လူစုအား အိမ်ကြီး၏အပေါ်ထပ်ရှိ အခန်းတစ်ခန်းသို့ ခေါ်ဆောင်သွားလေ၏။ ထိုအခန်းထဲ၌ လေဖြတ်နေသော အသက်ဖြဝဝန်းကျင်လူကြီးတစ်ဦး လဲ



www.burmeseclassic.com

www.burmeseclassic.com



လျှောင်းနေလေ၏။

နှယ်ဆိုသော မိန်းမပျိုက ဦးလေးဖြစ်သူကို ဖေးမ၍ ခုတင်ပေါ်၌ ထိုင်စေပြီး ကျွန်ုပ်တို့ လူစုနှင့် မိတ်ဆက်ပေးလေ၏။ ထိုအခါ ဦးလေးဖြစ်သူက လေသံတိုးတိုးဖြင့်

"အခုလို ကူညီပေးဖို့ လိုက်လာတာ ကျေးဇူးတင်ပါတယ် ဗျာ၊ မောင်စိန်ဖေ ဆိုတာ တူမလေးနဲ့ပက်သက်ပြီး ကိုယ်တူသား အရင်းလိုဖြစ်နေပါပြီ၊ ဒါကြောင့် အိမ်မှာ ရောက်တုန်းကိုယ်အိမ်ကိုယ်ယာလို သဘောထားပြီနေကြပါ၊ တူမလေးနဲ့မောင်စိန်ဖေရဲ့ကိစ္စကိုလဲ ဦးက အမြန်ဆုံးစီစဉ်ပေးချင်နေတာ၊ ဒီကြားထဲ ဦးရဲ့ရောဂါဟာ ရုတ်တရက်ဖြစ်လာတော့ ဘယ်လိုလုပ်ရမှန်းကို မသိတော့ပါဘူး"

——— စောတရာတစေ ———



ဟုညည်းညူလေ၏။ ဂျာမဒါမင်းထင်က ဦးလေးဖြစ်သူ၏ လက်ကို ဆုပ်ကိုင်၍

"စိတ်မပူပါနဲ့ ဦးလေးရယ် ဆေးကုလိုက်ရင်ပြန်ကောင်းနိုင်ပါတယ်။ ဆရာဝန်ကြီးက ဘယ်လိုပြောသလဲ"

ဟုမေးမြန်းလိုက်ရာ ဦးလေးဖြစ်သူက သက်ပြင်းချ၍

"ဦးနှောက် သွေးကြောတစ်ချောင်း ပိတ်ချင်သလို ဖြစ်သွားတာလို့ပြောတယ်။ ကျုပ်က အရင်ကတည်းက သွေးတိုးရှိတယ်လေ၊ အစားအသောက် အနေအထိုင်ကိုလည်း မဆင်ခြင်မိဘူး၊ ဒါကြောင့် အခုလို ဖြစ်သွားတာပါ"

ဟုပြောလိုက်ရာ ကျွန်ုပ်တို့လူစုသည် လူနာကို အားပေးစကားပြောပြီး အိမ်ရှေ့ဝရန်တာဆီသို့ ပြန်ထွက်လာကြ၏။

——— စောတရာတစေ ———

www.burmeseclassic.com

www.burmeseclassic.com



ဝရန်တာရှိ စားပွဲ၌ ထိုင်လိုက်ကြပြီး ဂျာမဒါမင်းထင်က

"ဒီအိမ်မှာ ဖြစ်နေတဲ့ ပြဿနာတွေကို ပြောပြပါဦး"

ဟုမေးမြန်းလိုက်ရာ နွယ်ဆိုသော မိန်းကလေးက

"ဒီလိုပါ ကျွန်မနဲ့ ကိုစိန်ဖေတို့ရှေ့စပ်ပြီး တစ်လ

လောက်အကြာမှာ စာတိုက်ကနေ ခြိမ်းခြောက်စာတစ်စောင်

ရောက်လာ တယ်၊ စာထဲမှာ ရေးထားတာ တစ်ကြောင်းထဲပါ၊

မင်းမိုတို့ဖက်က ပြေးမတွေ့တော့ဘူး

(ငွေသောင်းယံ)

ဦးလေးက စာကို ဖတ်ပြီး အလွန်ထိတ်လန့်တုန်လှုပ်တဲ့

အမူအရာနဲ့ 'အမလေး ဦးလေးကို ဒီကောင်တွေ နောက်

ယောင်ခံလိုက်လို့ ရသွားပြီ၊ ဦးလေးသေရတော့မယ်' ဆိုပြီး





အထိတ်တလန့်ပြောဆိုနေတယ်။ ဒီတော့ ကျွန်မက နား

မလည်ဟန်နဲ့ ဒီလူတွေက လူဆိုးတွေလား၊ ဒါဆိုရင်လည်း

ပုလိပ်ကို တိုင်ရအောင်လို့ပြောခဲ့တယ်၊ ဦးလေးက အထိတ်

တလန့်နဲ့၊ 'အမလေး ပုလိပ်ကိုတိုင်ရင် ပိုဆိုးသွားလိမ့်

မယ်'လို့ပြောတယ်၊ ကျွန်မက 'ငွေသောင်းယံဆိုတာ ဘာလဲ'လို့

မေးတော့ 'ငွေသောင်းယံဆိုတာ အင်မတန်ကြောက်စရာကောင်း

တဲ့ လူဆိုးကြီးတစ်ယောက်ရဲ့နာမည်'လို့ပြောတယ်၊ ငွေသောင်း

ယံရဲ့ အောက်မှာလက်အောက်ငယ်သားတွေ တော်တော်များ

များရှိတယ်လို့လဲသိရတယ်၊ ငွေသောင်းယံဂိုဏ်းနဲ့ဦးလေးနဲ့

ပက်သက်မှုကတော့ ဦးလေးငယ်စဉ်က အပေါင်းအသင်းစုံပြီ

နည်းနည်းဆိုးတယ်။ ဒါကြောင့် သူငယ်ချင်းတစ်ဦး အခွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာနဲ့ငွေသောင်းယံအသင်းဝင်ဖြစ်သွားတာတဲ့၊ငွေသောင်းယံ အသင်းဟာ ပင်လယ်ဓားပြဂိုဏ်းကြီးတစ်ဂိုဏ်းက ခွဲထွက်လာတဲ့ အသင်းတစ်သင်းပါပဲ၊ ငွေသောင်းယံ အသင်းဝင်တွေဟာ ယိုးဒယားဘက်မှာရှိတယ်ဆိုပဲ၊ငွေသောင်းယံ အသင်းဟာ အသင်းသားတွေ ဒုက္ခရောက်ရင် ကူညီပေးတတ်တယ်။ အသင်းအပေါ် သစ္စာမရှိတဲ့ သူဆိုရင်လဲ ရက်ရက် စက်စက် အပြစ်ဒဏ်ခတ်တတ်တယ်။ ဦးလေးငယ်စဉ်က ဝိုက်တာဝေး တိုက်မှာ ငွေကိုင်စာရေးကြီးလုပ်ခဲ့ဖူးတယ်တဲ့ ဦးလေးက ဝိုက်တာဝေးရဲ့ ငွေကိုင်ကြီးဆိုတော့ ပိုက်ဆံရှုပ်တယ်၊ အသက်ကလည်းငယ်၊ အပေါင်းအသင်းကလည်းများ ဆိုတော့ တရုပ်ကလပ်တွေမှာ လောင်းကစားရာက ကုမ္ပဏီရဲ့ ငွေတွေ





တော်တော်များများဆုံးရှုံးခဲ့ဖူးတယ်၊ နောက်ဆုံးတော့ ငွေတွေကို ဘယ်လိုမှ ပြန်မဆပ်နိုင်တဲ့ အခါ ငွေသောင်းယံအသင်းကို အကူအညီတောင်းခံခဲ့ရတယ်၊ ငွေသောင်းယံအသင်းရဲ့ အကူအညီနဲ့ ကုမ္ပဏီရဲ့ငွေတွေကို စိုက်လျော်ပေးခဲ့တယ်၊ ငွေသောင်းယံ အသင်းက သူတို့စိုက်ထားတဲ့ ငွေတွေကို ငါးနှစ်အတွင်း အတိုးနဲ့ ပြန်ဆပ်ရမယ်လို့ ဆိုတယ်။ ဒါကြောင့် ဦးလေးက နောင်တတရားရပြီး ရှိစုမဲ့စု ငွေလေးတွေကို စုဆောင်းခဲ့တယ်။ ဒါပေမဲ့ ငါးနှစ်ပြည့်တဲ့အခါ ဦးလေးက ငွေသောင်းယံရဲ့ ငွေတွေကို ပြည့်အောင်မဆပ်နိုင်ခဲ့ဘူး။ ဒါပေမဲ့ ငွေသောင်းယံ အသင်းက ငွေတောင်းတဲ့သူတွေ ရောက်မလာဘူး။ ဦးလေး ငွေယူခဲ့တဲ့ငွေသောင်းယံ အသင်းတိုက်ရဲ့ နေရာမှာလဲ တရုတ်



www.burmeseclassic.com

www.burmeseclassic.com



စားသောက်ဆိုင်ကြီးတစ်ဆိုင်ဖြစ်နေတယ်၊ ဦးလေးက ငွေသောင်းယံအသင်းကြီး ပျက်စီးသွားပြီ အထင်နဲ့ စိတ်အေးလက်အေးနေထိုင်ခဲ့တယ်၊ ငွေသောင်းယံအသင်းမရှိတော့ဘူးဆိုတော့ ငွေလည်း ပေးစရာ မလိုတော့ဘူး လို့ ယူဆခဲ့တယ်။ ဒါပေမဲ့ နှစ်ပေါင်းများစွာ ကြာတဲ့အခါ ငွေသောင်းယံအသင်းက ပေါ်ထွက်လာခဲ့တယ်''

ဟုပြောလေရာ ဗျာဒါမင်းထင်က မျက်မှောင်ကြုတ်၍

''ဒါဆိုရင်လည်း ဦးလေးက မိန်းကလေးရဲ့ ပစ္စည်းဥစ္စာတွေကို ထိန်းသိမ်းနေတာပဲ။ ငွေသောင်းယံ အသင်းရဲ့ငွေတွေကို ပြန်ဆပ်လိုက်ရင် ပြီးသွားတာပဲ မဟုတ်လား''

ဟုပြောလေ၏။ နွယ်ဆိုသော မိန်းမပျိုက စိတ်မသက်





သာဟန်ဖြင့်

''ဦးလေးက ငွေသောင်းယံ အသင်းကို သစ္စာဖောက်ရာလည်း ရောက်နေတယ်၊ ပြီးတော့ ငွေသောင်းယံအသင်းရဲ့ငွေတွေကို ဘယ်မှာသွားဆပ်ရမှာလဲ မသိဘူး။ ဒီအချိန်မှာ သူဆီကို ခြိမ်းခြောက်စာတွေ ရောက်နေတော့ ဦးလေးက မထိတ်လန့်ဘဲနေပါ့မလားရှင်။ ငွေသောင်းယံအသင်းက သစ္စာဖောက်တဲ့သူတွေကို အတော်ရက်စက်တယ်ဆိုပဲ၊ ဦးလေးကို ခြိမ်းခြောက်တဲ့ အချိန်ကစပြီး စားမဝင်အိပ်မပျော်ဖြစ်ပြီး တစ်အိမ်လုံး ပြတင်းပေါက်တွေ ပိတ်ထားတယ်။ အိမ်ပြင်ကိုလည်း မထွက်ဝံ့တော့ဘူး၊ ငွေသောင်းယံအသင်းက နောက်ထပ် ခြိမ်းခြောက်စာတွေလဲ ရောက်လာသေးတယ်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့ စာတွေက ပဲခူးကပို့လိုက်တာ၊ ပထမစာက မန္တလေးကရှင့်၊ ဒါဟာကျွန်မတို့ မော်လမြိုင်ကို ငွေသောင်းယံ အသင်းကလူတွေ တဖြည်းဖြည်းနီးလာတယ် ဆိုတဲ့သဘောပဲ၊ ဒုတိယစာရောက်တဲ့ အချိန်ကစပြီး ဦးလေး လေဖြတ်ပြီး လက်တစ်ဖက် မလှုပ်နိုင်အောင် ဖြစ်သွားတာပဲ ဦးလေးခမြာ အတော်လေး စိတ်ဆင်းရဲနေပုံရတယ်"

ဟုပြောလေရာ ဂျာမဒါမင်းထင်က ခေါင်းတဆတ်ဆတ် ညိတ်၍

"စာတွေလာသေးသလား"

ဟုမေးမြန်းလိုက်၏။

နွယ်ဆိုသော မိန်းမပျိုက ခေါင်းညိတ်၍

——— စေတနာတာပေ ———



"နောက်ဆုံးစာကို ကျိုက်ထိုက ပို့လိုက်တာရှင့် စာထဲမှာ ရေးထားတာက သည်းထိတ်စရာပဲ သစ္စာဖောက်တဲ့လူကို လူလောကမှာ နေခွင့်မပေးတော့ဘူး၊ တစ်အိမ်လုံး ထမင်းဝဝ သာ စားထားပေတော့တဲ့၊ ဒီအချိန်ကစပြီး ဦးလေးဟာ လမ်း ပေါ်မှာ မြင်တဲ့လူတိုင်းကို ကြောက်နေတော့တာပဲ။ဦးလေးဟာ အိပ်ရာအောက်မှာ ငှက်ကြီးတောင်ဓားတွေ လှံတွေ ထောင်ထား တယ်ရှင့်၊ ကျွန်မကလဲ ဦးလေးဆိုပေမဲ့ ကိုယ့်မိဘအရင်းလို ဖြစ်နေတော့ ဘယ်လိုလုပ်ပြီး စိတ်ကောင်းဖြစ်မလဲရှင်"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်တ ခေါင်းညိတ်၍

"အိမ်ပတ်ဝန်းကျင်မှာ မသင်္ကာစရာ လူ့အရိပ်အခြေ ကို မြင်ရသလား"

——— စေတနာတာပေ ———

www.burmeseclassic.com

www.burmeseclassic.com



ဟု မေးမြန်းလိုက်ရာ နှယ်ဆိုသော မိန်းမပျိုက

"လွန်ခဲ့တဲ့တစ်ပတ်လောက်က ထမင်းချက် အဘွားကြီးက ခြံဝန်းထဲမှာ မျက်စိတစ်ဖက်လပ် လူကြီးတစ်ဦးကို ရိပ်ခနဲ မြင်လိုက်ရတယ်ဆိုပဲ၊ မျက်စိတစ်လုံးကို သားရေပြား ဖုံးထားပြီး ခေါင်းမှာ ခေါင်းပေါင်း ပေါင်းထားတယ်တဲ့၊ ဓာတ်ရှင်ထဲက ပင်လယ်ဓားပြတွေရဲ့ပုံစံမျိုးနဲ့တူတယ်လို့ ပြောတယ်၊ အဘွားကြီးက အနောက်ကလိုက်ကြည့်တော့ ပင်လယ်ဓားပြလို လူက ပျောက်ကွယ်သွားတယ်တဲ့၊ ဒီသတင်းကို ဦးလေးကြားပြီး နောက်ပိုင်းမှာ အိပ်ရာထဲကကို မထနိုင်တော့ဘူး၊ ဦးလေး ရန်သူတွေ အိမ်ကိုရောက်လာတော့မယ်၊ သူ့ကိုထား ပြီးပြေး ပါတော့လို့ ပြောတယ်"





ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

"ပင်လယ်ဓားပြလို လူက ခြံဝန်းထဲမှာ တွေ့တယ်ဆိုတော့ သူ ရုတ်တရက် ရှောင်တိမ်းပြေးဖို့ မလွယ်ဘူးနော်၊ အဲဒီအချိန်မှာ ဦးလေးက ဘာလုပ်နေသလဲ"

ဟုမေးမြန်းလေ၏။ နှယ်ဆိုသော မိန်းမပျိုက

"ဦးလေးက ထုံးစံအတိုင်း အိမ်ရာထဲမှာ နေတာပေါ့။ ပင်လယ်ဓားပြလိုလူက ဦးလေးကို သတ်ချင်ရင် လွယ်လွယ်လေး သတ်လို့ရတယ်၊ မသတ်ဘဲထားတော့ ကြောင်က ကြွက်ကိုကစားသလို လုပ်နေသလားမသိဘူး၊ ဒါပေမဲ့ အံ့ဩစရာကောင်းတာက ပင်လယ်ဓားပြလိုလူက ခြံထဲ ရောက်ပြီးမှ



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့ ပျောက်ကွယ်သွားသလဲ မသိဘူး၊ ထမင်းချက် အဘွားကြီးက မျက်စိမှုံတော့ အလွယ်တကူ ရှောင်ပုန်းသွားတယ်ထင်တယ်။ ကျွန်မတော့ ကြောက်လွန်းလို့ နေ့နေ့ညည အိပ်မရတာကြာပါပြီ"

ဟုပြောလိုက်၏။ ဂျာမဒါမင်းထင်က သက်ပြင်းချ၍

"ဒီလောက်လည်း မကြောက်ပါနဲ့ ကျုပ်တို့ရှိတုန်း ငွေသောင်းယံဂိုဏ်းရဲ့ ပြဿနာကို ဖြေရှင်းနိုင်မှာပါ"

ဟုပြောလိုက်၏ ဂျာမဒါမင်းထင်၏စကားကြောင့် မိန်းကလေးမျက်နှာ ဝင်းပသွားပြီး

"ကျေးဇူးတင်လိုက်တာရှင် ဂျာမဒါမင်းထင်ရဲ့ ကျေးဇူးကို တစ်သက်မမေ့ဘူး"





ဟုပြောလိုက်လေ၏။

ထိုနေ့ညက ဂျာမဒါမင်းထင်တို့ ရှိရာသို့ ဦးလေးဖြစ်သူသည် အင်အားချည့်နဲ့စွာဖြင့် လျှောက်လှမ်းလာသဖြင့် မောင်စိန်ဖေက သွားရောက်ပြီး တွဲထူလိုက်၏။ ဦးလေးဖြစ်သူက

"မောင်ရင်တို့လည်း တူမလေးပြောပြလို့ ငွေသောင်းယံအသင်းရဲ့ အကြောင်းကို သိပြီးရောပေါ့ ကျုပ်ကတော့ အသက်ကြီးပါပြီ မောင်ရယ်။ ဒါပေမဲ့ ကျုပ်တူမလေးအသက်က ငယ်သေးတယ်၊ သူ့ရဲ့အနာဂတ်ကလဲ ရှိသေးတယ်၊ ငွေသောင်းယံအသင်းက လူတွေက တစ်အိမ်သားလုံး ဒုက္ခပေးမယ်ဆိုတော့ တူမလေးအတွက် ဦးလေး သိပ်စိုးရိမ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောလေရာ ဂျာမဒါမင်းထင်က မျက်မှောင်ကြုတ်၍

"ပုလိပ်ကို တိုင်ဖို့ မကြိုးစားဘူးလား ဦးလေး"

ဟုမေးမြန်းလေ၏။

ဦးလေးဖြစ်သူက သက်ပြင်းချ၍

"ပုလိပ်ကိုတိုင်လည်း ဘာထူးမှာလဲ၊ ပုလိပ်ဆိုတာ သာမန်အမှုလေးတွေပဲ လိုက်နိုင်မှာပေါ့။ ငွေသောင်းယံလို ဒုံစရိုက်အဖွဲ့ကြီးကို သူတို့ ဘယ်လိုနှိမ်နင်းနိုင်မှာလဲ။ပုလိပ်ကို တိုင်ရင် ကိုယ်သေတွင်းကိုတူးသလို ဖြစ်သွားမှာပေါ့"

ဟုပြောလေ၏။ ထိုနေ့ညမှောင်ရီသန်းစ အချိန်၌ ထမင်းချက် အဘွားကြီးသည် ခြံဝမှာ တွေ့ရသည် ဆိုသော စာတစ်စောင်ကို ယူဆောင်လာလေ၏။ ဂျာမဒါမင်းထင်က





ထိုစာကိုဖတ်ရှု၍ မျက်မှောင်ကြုတ်လိုက်ပြီး

"ငွေသောင်းယံက လူတွေကတော့ ထိပ်တိုက်တွေ့ဖို့ ကြိုးစားနေပြီ"

ဟုရေရွတ်လိုက်၏။

ကျွန်ုပ်က စာကိုယူ၍ ဖတ်ရှုကြည့်လိုက်သောအခါ

"မနက်ဖြန် ည ၁၂ နာရီတိတိ မြို့ပြင်သချိုင်းထဲက ညောင်ပင်ကြီးအောက်မှာတွေ့ကြမယ်၊ သစ္စာဖောက်အတွက် နောက်ဆုံးအခွင့်အရေးပဲ"

ဟူ၍ဖြစ်လေ၏။ ဂျာမဒါမင်းထင်က ထိုစာကိုယူ၍ ပြလိုက်ရာ ဦးလေးဖြစ်သူသည် ဖော့ချွေးများပြန်လာပြီး ခေါင်းမူးဟန်ဖြင့် ခေါင်းကိုလက်ဖြင့်ဖိကိုင်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ကို အန္တရာယ်ပြုတော့မှာသေချာနေပြီ၊ ဦးလေးတို့မိသားစုကို ကူညီပါရစေ"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က

"ဘာမှမပူပါနဲ့ဗျာ၊ အားလုံးအဆင်ပြေအောင် ကြိုးစားပေးပါ့မယ်၊ ဦးလေးဘယ်လိုဆန္ဒရှိသလဲ"

ဟုမေးမြန်းလိုက်၏။ ထိုအခါ ဦးလေးဖြစ်သူက

"ဦးလေးကတော့ အသက်ကြီးပြီ၊ သူတို့ချိန်းတဲ့အချိန်မှာ မြို့ပြင်သချိုင်းကိုလဲ မသွားနိုင်တော့ဘူး၊ မောင်ရင်တို့ပဲသွားတွေ့ပြီး သူတို့တောင်းတဲ့ငွေကို ဆက်ဆက်ပေးပေးပါ၊ ဘယ်အချိန် ဘယ်နေရာမှာ ပေးရမလဲဆိုတာ တိတိကျကျမေးမြန်းပေးပါ"





ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"ဟုတ်ပါပြီ၊ ကျုပ်တို့သွားတွေ့ပြီး ဦးလေးပြောသနာကို ဖြေရှင်းပေးပါ့မယ်"

ဟုပြောလိုက်လေတော့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့သို့ရောက်သောအခါ ဂျာမဒါမင်းထင်က ကျွန်ုပ်၏ပခုံးကို ပုတ်၍

"ကျုပ်ခဏလေး မြို့ထဲသွားလိုက်ဦးမယ်၊ အိမ်မှာပဲ စောင့်နေပါဗျာ"

ဟုဆိုကာ အိမ်မှထွက်ခွာသွားလေ၏။ ဂျာမဒါမင်းထင်သည် ညနေစောင်းကာမှ အိမ်ကိုပြန်လည်ရောက်ရှိလာ၏။

———— စာပေတာ ————



ကျွန်ုပ်က ဂျာမဒါမင်းထင်ကို ဆီးကြို၍

"ဒီနေ့ည ကျုပ်တို့စွန့်စားခန်းရှိတယ်နော်"

ဟုပြောလိုက်ရာ ဂျာမဒါမင်းထင်က

"ဘာမှ မပူပါနဲ့ဗျာ၊ ဒီပြဿနာကို ကျုပ်ရှင်းပေးပါ့မယ်၊ ခေါင်းအေးအေးထားပါ"

ဟုပြောလိုက်လေ၏။

ကျွန်ုပ်သည် ယနေ့ညတွေ့ရမည့် ငွေသောင်းယံဝိုဏ်းသားများကို အနည်းငယ်စိုးရိမ်မိသဖြင့် ခြောက်လုံးပြူးကို အသင့်ပြင်ထားလေ၏။

ဂျာမဒါမင်းထင်သည် ညသို့ရောက်သောအခါ အိမ်သူအိမ်သားများကို ခေါ်၍

———— စာပေတာ ————

www.burmeseclassic.com

www.burmeseclassic.com



"ငွေသောင်ယံဂိုဏ်းက ချိန်းတဲ့နေရာကို ကျုပ်တို့ ၃ ယောက်သွားကြမယ်။ ဦးလေးနဲ့ မိန်းကလေးက အိမ်မှာပဲ အိပ်ပြီး စောင့်နေကြပါ၊ ဦးလေးရဲ့ အသက်အန္တရာယ်ကို စိုးရိမ်တယ်ဆိုရင် အိမ်ခန်းတံခါးကို အတွင်းက ချက်ချထားပါ။ ခဏကြာရင် ကျုပ်မှာထားတဲ့ မြင်းလှည်းရောက်လာလိမ့်မယ်၊ မြို့ပြင်သင်္ချိုင်းကို မြင်းလှည်းနဲ့သွားကြမယ်"

ဟုဆိုလိုက်ရာ ဦးလေးက စိုးရိမ်ဟန်ဖြင့်

"စိတ်ချပါရစေ မောင်ရယ်၊ ကျုပ်တော့ စိုးရိမ်လွန်းလို့ အိပ်လို့တောင်ရမှာမဟုတ်ဘူး"

ဟု အတန်တန်မှာကြားလေ၏။

ဤသို့ဆိုသော မိန်းမပျိုကလည်း ချစ်သူမောင်စိန်ဖေအား





ငွေသောင်ယံဂိုဏ်းသားများနှင့်တွေ့လျှင် အသက် အန္တရာယ်ကို ဂရုစိုက်ရန်မှာကြားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်တို့လူစုသည် ည ၁၁ နာရီကျော်သောအခါ ချိန်းထားသော မြင်းလှည်းရောက်လာသဖြင့် မြို့ပြင်သချိုင်းသို့ထွက်ခဲ့လေ၏။ မြို့စွန်သို့ရောက်သောအခါ ဂျာမဒါမင်းထင်က မြင်းလှည်းဆရာကို ခေါ်၍

"ကျုပ်တို့အိမ်ကို ပြန်မောင်းပေးပါ"

ဟုဆိုလိုက်ရာ ကျွန်ုပ်က ဂျာမဒါမင်းထင်ကို အံ့သြဟန်ဖြင့်

"အိမ်မှာ ဘာကျန်ခဲ့လို့လဲဂျာမဒါ၊ အချိန်မရှိတော့ဘူးနော်"

ဟုပြောလိုက်လေ၏။ ဂျာမဒါမင်းထင်က ကျွန်ုပ်ကို



BURMESE CLASSIC .com



လက်ကာပြ၍

"ခင်ဗျားကို နောက်မှရှင်းပြပါမယ်၊ လောလောဆယ် အိမ်ကိုသာ အမြန်ပြန်ကြမယ်"

ဟုဆိုပြီး မြင်းလှည်းကို အိမ်သို့မောင်းခိုင်းလေ၏။ အိမ်နှင့်မလှမ်းမကမ်းသို့ရောက်သောအခါ မြင်းလှည်းပေါ်မှဆင်း အိမ်အနောက်ဘက် အုတ်တံတိုင်းသို့ တိတ်တဆိတ်ချဉ်းကပ်ကြ၏။

မောင်စိန်ဖေက လေသံတိုးတိုးဖြင့်

"ကျုပ်သိပြီ၊ ဂျာမဒါမင်းထင်က အိမ်ကို စိတ်မချလို့ ပြန်လာတာကိုး၊ ငွေသောင်းယံဂိုဏ်းသားတွေ ကျုပ်တို့မရှိတုန်း ဦးလေးကို ဒုက္ခပေးမှာ စိုးရိမ်လို့ဖြစ်မယ်"

ဟုပြောလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှပင် ကျွန်ုပ်သည် ဂျာမဒါမင်းထင်၏ ရည်ရွယ်ချက်ကို ရိပ်မိလေ၏။

ဂျာမဒါမင်းထင်က အုတ်တံတိုင်းကိုကျော်တက်ခါနီးတွင်

“ခင်ဗျားတို့အားလုံး လုံးဝအသံမပြုပါနဲ့၊ ကျုပ်တို့ အိမ်ထဲဝင်တာ အိမ်သားတွေ မသိစေချင်ဘူး”

ဟုဆိုကာ အုတ်တံတိုင်းကိုကျော်၍ အိမ်ကြီးအနီးသို့ ချဉ်းကပ်ခဲ့၏။ ပြီးနောက် နောက်ဖေးတံခါးကိုဖွင့်၍ အိမ်ကြီးအတွင်းသို့ တရွေ့ရွေ့ဝင်ခဲ့၏။

အိမ်ကြီး၏ အပေါ်ထပ်သို့ရောက်သောအခါ နှယ်ဆိုသော မိန်းကလေး အိပ်ခန်းရှေ့၌ ရပ်လိုက်ကြပြီး ဂျာမဒါမင်းထင်က ကျွန်ုပ်ကို လေသံတိုးတိုးဖြင့်

စစစနာစစပေ



“ဟော့ဒီမီးခလုတ်ကို ကျုပ်ကဖွင့်ဆို ဖွင့်လိုက်ဗျာ၊ ခင်ဗျားတို့နှစ်ယောက် အခန်းအပြင်ကပဲစောင့်နေကြ၊ ကျုပ်အခန်းထဲဝင်တော့မယ်”

ဟုဆိုကာ နှယ်၏အိပ်ခန်းထဲသို့ အသံမကြားအောင် ဝင်ရောက်သွားလေ၏။

ကျွန်ုပ်နှင့် မောင်စိန်ဖေသည် အိပ်ခန်းအပြင်ဘက်ရှိ ဗီရိုကြီးအနောက်၌ ပုန်းကွယ်ပြီးစောင့်နေလေ၏။

အတန်ကြာသောအခါ ခြေသံတရှပ်ရှပ်ကြားရပြီး မိန်းကလေး၏အိပ်ခန်းအနီးသို့ တစ်စုံတစ်ဦး ရွေ့လျားလာကြောင်း တွေ့ရ၏။ ထိုသူသည် မိန်းကလေး၏ အိပ်ခန်းရှေ့တွင်ရပ်၍ တံခါးလက်ကိုင်ကို ဖြည်းညှင်းစွာ လှည့်ဖွင့်လိုက်၏။

စစစနာစစပေ

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ လရောင်၏အလင်းရောင် အခန်းထဲသို့ ဝင်လာပြီး မျက်လုံးတစ်ဖက်ကို သားရေပြားဖုံးထားသော ပင်လယ်ဓားပြတစ်ဦးကို မြင်ရလေ၏။

ထိုသူ၏လက်ထဲ၌ အရောင်တဖိတ်ဖိတ်တောက်နေသော ဓားမြှောင်တစ်ချောင်းကို ကိုင်ထား၏။ ကျွန်ုပ်တို့သည် ပင်လယ်ဓားပြကို ရင်တထိတ်ထိတ်နှင့် ကြည့်နေစဉ် အိပ်ခန်းထဲသို့ ဝင်သွားပြီး နွယ်ဆိုသော မိန်းကလေး၏ ကိုယ်ပေါ်သို့ ဓားဖြင့် စိုက်ချလိုက်၏။

ထိုအခိုက်မှာပင် ခုတင်အနီး ပုန်းအောင်းနေသော ဂျာမဒါမင်းထင်က ပင်လယ်ဓားပြ၏ ဓားကိုင်လက်ကို ချုပ်ကိုင်၍ ရင်ဘတ်ကို ဒူးဖြင့်တိုက်ချလိုက်ရာ ထိုသူသည် ကြမ်းပေါ်



BURMESE CLASSIC .com



သို့ ပြိုလဲကျသွားလေ၏။

ထိုအခါ ဂျာမဒါမင်းထင်က

"မီးဖွင့်လိုက်ဗျို့"

ဟုအော်ဟစ်လိုက်ရာ ကျွန်ုပ်တို့သည် မီးဖွင့်ပြီး အခန်းထဲသို့ ပြေးဝင်သွားလေ၏။ ဂျာမဒါမင်းထင်က ကြမ်းပေါ်တွင် လဲကျနေသော သူ၏မျက်စိသားရေဖုံးကို ဖြုတ်လိုက်ပြီး

"ဦးလေးက ဘာဖြစ်လို့ အသက်ကြီးမှ မဟုတ်တာတွေ ကြံနေရတာလဲဗျာ"

ဟုပြောလိုက်ရာ ကျွန်ုပ်နှင့်မောင်စိန်ဖေသည် ပင်လယ်ဓားပြ၏မျက်နှာကို တအံ့တဩ ကြည့်ရှုလိုက်ကြ၏။

ထိုအခါ ပင်လယ်ဓားပြဆိုသူမှာ အခြားသူမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



လေဖြတ်နေသည်ဆိုသော ဦးလေးဖြစ်နေ၏။

ဦးလေးဖြစ်သူက ကြမ်းပေါ်တွင် ခေါင်းငိုက်စိုက်ကျ၍

"ကျုပ်ကို ခွင့်လွှတ်ပါဗျာ၊ ရန်ကုန်မှာသွားပြီး ကျုပ်မြင်းပွဲတွေရှုံးထားတာ အတော်များတယ်ဗျ။ တူမလေးကို လက်ထပ်ပြီးရင် အမွေတွေလွှဲပေးရတော့မယ်၊ ဒါဆိုရင် ကျုပ်မှာ တစ်ပြားမှ ကျန်မှာမဟုတ်တော့ဘူးဆိုပြီး မဟုတ်တဲ့အကြံကို ကြံမိတာပါ၊ ကျုပ်မှားသွားပါတယ်၊ ကျုပ်လဲ ရှက်လွန်းလို့ ဒီလောကမှာ မနေချင်တော့ပါဘူး"

ဟုဆိုကာ ဝုန်းခနဲထ၍ အခန်းထဲမှ ပြေးထွက်သွားပြီး ဝရန်တာဆီသို့သွားကာ အောက်သို့ ခုန်ချလိုက်လေ၏။

ကျွန်ုပ်တို့လူစုသည် ဦးလေးဖြစ်သူ၏အနောက်မှ လိုက်





၍ ဖမ်းရန်ကြိုးစားသော်လည်း လက်မတင်လေး နောက်ကျသွားလေ၏။

လောဘအိုးလူကြီးသည် ဝရန်တာပေါ်မှ ခုန်ချပြီး အသက်ပျောက်သွားရှာ၏။

နှယ်ဆိုသော မိန်းကလေးသည် ဝမ်းနည်းလွန်းသဖြင့် တရှုံ့ရှုံ့ငိုယို၍

"ဒီအကြောင်းတွေ သိမ်းကိုရှင်းပြပြီး အမွေတွေ တစ်ပြားမှမပေးလဲ ရပါတယ်ဦးလေးရယ်၊ ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်စရာ မလိုပါဘူး"

ဟုရေရွတ်နေလေ၏။

ဂျာမဒါမင်းထင်က ဦးလေးဖြစ်သူ၏အလောင်းကိုကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"လောဘရဲ့သားကောင်ဖြစ်သွားရရှာတာပါ"

ဟု တီးတိုးရေရွတ်လိုက်၏။

နောက်တစ်နေ့သို့ရောက်သောအခါ မောင်စိန်ဖေက

"ဦးလေးရဲ့ ဟန်ဆောင်လှည့်ဖြားမှုတွေကို ကျုပ် လုံးဝ မရိပ်မိဘူးဗျ၊ သူတကယ်ပဲ လေဖြတ်နေတယ်လို့ထင်နေတာ"

ဟုပြောလေ၏။ ဂျာမဒါမင်းထင်က

"သူ့ရဲ့လုပ်ရပ်တွေကို ပုလိပ်က သံသယဝင်မှာစိုးလို့ ကြိုတင်ပြီး ရှောင်တိမ်းထားတာဗျ"

ဟုပြောလေ၏။

ကျွန်ုပ်က ဂျာမဒါမင်းထင်ကို ကြည့်၍

"ငွေသောင်ယံ ဂိုဏ်းဆိုတာ တကယ်ရှိသလားဗျ"





ဟုမေးလေ၏။ ဂျာမဒါမင်းထင်က ခေါင်းညိတ်၍

"လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ပင်လယ်ဓားပြတွေ ဖွဲ့စည်းထားတဲ့ငွေသောင်ယံဂိုဏ်းဆိုတာ ရှိခဲ့ဖူးတယ်၊ ဒီလူကြီးဟာ ငွေသောင်ယံဂိုဏ်းအကြောင်းကို ကြားဖူးထားပုံရတယ်"

ဟုပြောလေ၏။ မောင်စိန်ဖေက မျက်မှောင်ကြုတ်၍

"လေဖြတ်နေတယ်ဆိုပြီး ဟန်ဆောင်တာကို ဘယ်လိုလုပ်သိသလဲ"

ဟုမေးမြန်းလေရာ ဂျာမဒါမင်းထင်က

"နွားနို့သောက်တဲ့ဖန်ခွက်က သက်သေပြနေတယ်၊ ကျုပ်တို့ရှေ့မှာ လေဖြတ်ချင်ယောင်ဆောင်ပြီး ဘယ်လက်နဲ့



www.burmeseclassic.com

www.burmeseclassic.com



နွားနို့သောက်တယ်၊ ကျုပ်တို့ကွယ်ရာမှာ ညာဘက်နဲ့ နွားနို့သောက်ကြောင်း သူ့ရဲ့လက်ချောင်းရာတွေက သက်သေရှိနေတယ်ဗျ၊ ဒီလူကြီးသောက်တဲ့ နွားနို့ပန်းကန်တွေကို မီးဖိုချောင်မှာ ကျုပ်စစ်ဆေးပြီးပြီ၊ သူ့အကြောင်းကို စီအိုင်ဒီက မိတ်ဆွေတွေကို ဖုန်းဆက်ပြီးမေးကြည့်တော့ နောက်ကြောင်းရာဇဝင်မကောင်းတဲ့သူဆိုတာ သိရတယ်''

ဟုပြောလေရာ ကျွန်ုပ်က

''သူ့ကိုဆေးကုနေတဲ့ ကုလားဆရာဝန်ကြီးဆီမှာလဲ စုံစမ်းကြည့်သေးတယ်၊ 'သူ့ရဲ့သွေးတိုးနှုန်းက ပုံမှန်ပဲဗျ၊ ပြင်းပြင်းထန်ထန်မရှိဘူး၊ သူ့ရဲ့သွေးတိုးနှုန်းနဲ့ဆိုရင် ဦးနှောက်သွေးကြောပိတ်ပြီး လေဖြတ်စရာအကြောင်းမရှိဘူးလို့ အကြမ်း





ဖျဉ်း ယူဆလို့ရတယ်၊ ဒါကိုကြည့်ခြင်းဖြင့် သူ ဟန်ဆောင်နေတယ်တာကို ရိပ်စားမိတယ်''

ဟုပြောလေရာ နွယ်ဆိုသောမိန်းမပျိုက ဝင်ရောက်၍

''ကျွန်မကို လုပ်ကြံမဲ့ညက ဘယ်လိုရိပ်မိတာလဲ''

ဟုမေးမြန်းလေ၏။

ဂျာမဒါမင်းထင်က

''မြို့ပြင်သချိုင်းမှာ ကျုပ်တို့ကို ချိန်းဆိုပြီး အိမ်ကနေပ,ထုတ်လိုက်တယ်လို့ ခံစားရတယ်၊ ဒီနေ့ည ကျုပ်တို့မရှိရင် အိမ်မှာ မှုခင်းတစ်ခု ကျူးလွန်မယ်လို့ စဉ်းစားမိတယ်''

ဟုပြောလိုက်ရာ မောင်စိန်ဖေက ဂျာမဒါမင်းထင်ကို အထင်ကြီးဟန်ဖြင့်ကြည့်၍



www.burmeseclassic.com

www.burmeseclassic.com



"ဂျာမဒါမင်းထင်ရဲ့ စုံထောက်ဉာဏ်ရည်ကတော့ လက်ဖျားခါတယ်ဗျာ၊ ဂျာမဒါကိုသာ ခေါ်မလာမိရင် ကျုပ်တော့ ချစ်သူတစ်ယောက် ဆုံးရှုံးရမှာသေချာတယ်၊ ကျုပ်တို့ ချစ်သူနှစ်ဦး ပေါင်းရတာ ဂျာမဒါရဲ့ကျေးဇူးပါပဲဗျာ"

ဟုပြောလိုက်လေတော့၏။

ဂျာမဒါမင်းထင်က ၄င်းအား ချီးကျူးနေခြင်းကို ကြားဟန်မတူဘဲ ဝရန်တာမှလှမ်းမြင်ရသော သံလွင်မြစ်ကြီးကို ငေးမော၍ကြည့်ရှုနေလေ၏။

အရောအားလုံး ပြီးဆုံးသွားချေပြီ။

(ဘာမှမသိသော)

မင်းမြတ်သူရ



BURMESE CLASSIC .com

www.burmeseclassic.com